# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၃၅)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် )

[တနင်္လာနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ရဲ့ (၃၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၅.၆၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်။ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဇနီးကျန်းမာရေး။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ဇနီးကျန်းမာရေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးသိန်းလှိုင်၊ (နံနက်ပိုင်းခွင့်)၊ စစ်ကိုင်း(၈)၊ Work Shop။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကျန်းမာရေး။ ဦးခင်မောင်ရီ၊ (နံနက်ပိုင်းခွင့်)၊ ဧရာဝတီ(၆)၊ ဖွဲ့စည်းပုံအခြေခံဥပဒေအစည်းအဝေး။ ဦးငွေဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ (နံနက်ပိုင်းခွင့်)၊ ရှမ်း(၉)၊ ကော်မတီ အစည်းအဝေး။ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ အမျိုးသားပညာရေး ဥပဒေကြမ်း အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ၎င်းအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ၎င်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန် (၁၁)၊ ၎င်းအတိုင်း။ ဦးလှစိုး၊ တနင်္သာရီ (၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှအေး၊ တနင်္သာရီ (၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ငြိမ်း၊ မကွေး (၂)၊ မိသားစုကျန်းမာရေး။ ဦးအောင်သန်း၊ မကွေး (၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝိလ်ဆင်မိုး၊ ရှမ်း (၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုးဝင်း၊ မွန် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး (၅)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးခန်ဆွမ်းမုန်၊ ချင်း (၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး (၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းတင့်၊ စစ်ကိုင်း (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေမောင်၊ မန္တလေး (၁၂)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးစောအေးမြိုင်၊ ကရင် (၈)၊ မိသားစုကိစ္စ။ ဦးမင်းလွန်းအောင် ၊

မွန် (၃)၊မိသားစုကိစ္စ။ ဦးဉာဏ်လင်း၊ ရှမ်း (၁)၊ ကျန်းမာရေး။ ဦးရှုမောင်၊ ရှမ်း (၈)၊ ကျန်းမာရေး။ ဦးကော်ရိုင်း၊ ကယား (၉)၊ ကျန်းမာရေး။ ဦးဘိုးရယ်၊ ကယား (၃) ၊ အလုပ်ရုံဆွေးနွေးပွဲ။ ဗိုလ်မှူးဇော်ခင်ထွဋ်၊ တပ်မတော်၊ တာဝန်။ ဒေါက်တာအေးမောင်၊ ရခိုင် (၁)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး။ ဦးခင်မောင်လတ်၊ ရခိုင် (၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးကျွဲနှ်ခန်း၊ ချင်း (၁) ၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးစိုးမိုး၊ တပ်မတော်၊ တာဝန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄၂)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော် ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**နိုင်ငံတော်၏ ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်ကို အသက်စွန့်၍ (၂၄)နာရီ အချိန်ပြည့်တာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော်သား အခြားအဆင့်များ အသက်(၆၀)ပြည့်၍ အငြိမ်းစားယူသည့်အခါ ရရှိသည့် အငြိမ်းစားလုပ်သက်ဆုကြေးငွေဖြင့် ဝယ်ယူနေထိုင်နိုင်သော တန်ဖိုးနည်းအိမ်ခြံမြေ သို့မဟုတ် တိုက်ခန်းများကို တပ်မတော်မှ သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရမှ သော်လည်းကောင်း စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ယခု ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့် က နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို အသက်စွန့်၍ (၂၄)နာရီ အချိန်ပြည့်တာဝန် ထမ်းဆောင်ခဲ့ကြသော တပ်မတော်သား အခြားအဆင့်များ အသက်(၆၀)ပြည့်၍ အငြိမ်းစားယူသည့်အခါ ရရှိသည့် အငြိမ်းစားလုပ်သက်ဆုကြေးငွေဖြင့် ဝယ်ယူနေထိုင်နိုင်သော တန်ဖိုးနည်းအိမ်ခြံမြေ သို့မဟုတ် တိုက်ခန်းများကို တပ်မတော်မှ သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရမှ သော်လည်းကောင်း စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)**။ ။ ရိုသေ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန်းကံညွန့်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးခန်းမ အတွင်းရောက်ရှိနေသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ဒီနေ့ ကျွန်တော် မေးချင်တဲ့မေးခွန်းကတော့ အသက်(၆၀)ပြည့်လို့ သက်ပြည့်အငြိမ်းစားယူပြီး အရပ်သားဘဝကို ရောက်ရှိကြမည့် တပ်မတော်သား အခြားအဆင့်များနဲ့ ပတ်သက်တဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးမခံခင် ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့အထိ တပ်မတော်တွင် (၃၅) နှစ်တာကာလကြာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်တော်နဲ့အတူ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ စစ်သည်တော်များဟာ အချို့လည်း တိုင်းပြည်အတွက် အသက်စွန့်ကြလို့ နိုင်ငံတော်ကချီးမြှင့်တဲ့ တိုက်ပွဲကျသေဆုံးမှု ဆုကြေးနဲ့ မိသားစုဝင်အတွက် အငြိမ်းစားလစာ ခံစားရရှိပြီး ကျန်ရစ်သူမိသားစုများဟာ နည်းလမ်းမျိုးစုံနဲ့ ဘဝကို ရုန်းကန်ကြပါတယ်။ အဆင်ပြေသူတွေလည်းရှိပါတယ်။ အဆင်မပြေသူလည်းရှိပါတယ်။ အချို့စစ်သည်တော်များကတော့ တိုင်းပြည်အတွက် ကိုယ်အင်္ဂါ၊ ခြေ၊ လက် ၊ မျက်စိ စတဲ့ အင်္ဂါတွေ စွန့်လွှတ်ခဲ့ရပါတယ်။ သူတို့ကိုတော့ နိုင်ငံတော်အစိုးရ၊ ယခင် န.ယ.က အစိုးရက ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်လည်နေရာ ချထားရေး ညွှန်ကြားရေးမှူးရုံးနဲ့ ဒေသအသီးသီးမှာရှိကြတဲ့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအသင်းကြီးတို့ရဲ့ ပံ့ပိုးကူညီမှုကြောင့် တန်ဖိုးနည်း စစ်မှုထမ်းဟောင်းအိမ်ရာတွေ ဆောက်လုပ်ပေးပြီး နေထိုင် စားသောက်မှု အဆင်ပြေမှ တပ်မတော်မှ အငြိမ်းစားပေးပြီး၊ မစွမ်းမသန် အငြိမ်းစားလစာ၊ လုပ်သက်၊ ဆုကြေးတို့ရရှိပြီး အေးချမ်းစွာ ဘဝကို ရှင်သန်နိုင်ခဲ့ကြပါတယ်။

ထို့အပြင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့လည်း ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်ရုံးနှင့်တကွ သက်ဆိုင်ရာစစ်ဌာနချုပ်၊ သက်ဆိုင်ရာတပ်မချုပ်တွေက အစုရှယ်ယာ ထည့်ပေးပြီး

နှစ်စဉ်အစုပေါ် အမြတ်ငွေတွေကိုပေးခဲ့လို့ စည်းကမ်းရှိသူများကတော့ အခက်အခဲမရှိ ဘဝရှေ့ရေးကို ဆက်လက် ရပ်တည်နိုင်ခဲ့ကြပါတယ်။ အချို့စစ်သည်များကတော့ အသက်(၆၀)ပြည့်ပြီး တပ်မတော်မှ သက်ပြည့်ပင်စင် အငြိမ်းစားယူခဲ့ကြပါတယ်။ ဒီနေရာမှာတော့ နိုင်ငံတော်နဲ့ တပ်မတော်ရဲ့ စောင့်ရှောက်ခံရမှု အားနည်းတာကို တွေ့ရပါတယ်။

ကျွန်တော်တို့ရဲ့ ပြည်သူ့တပ်မတော်သားတွေဟာ တိုင်းပြည်တာဝန်ထမ်းဆောင်ရာမှာ (၂၄) နာရီ အချိန်ပြည့် ထမ်းဆောင်နေရသလို စစ်ဆင်ရေးကလည်း တိုင်းပြည်အေးချမ်းမှုအပေါ် မူတည်ပြီး စစ်ဆင်ရေးကာလကို အနည်းဆုံး (၆)လမှ အများဆုံး (၁)နှစ်ခွဲလောက်အထိ ကြာမြင့်ပါတယ်။ ယခုတော့ တိုင်းပြည်တည်ငြိမ်အေးချမ်းလာပြီမို့ (၄) လခွဲ၊ (၅)လခန့်အထိပဲ ကြာမြင့်တော့တယ်လို့ သိရပါတယ်။ ဒါပေမဲ့ ပြန်နားရက်ကတော့ (၁)လ၊ (၁)လခွဲအများဆုံးပါပဲ။ စစ်ဆင်ရေးမရှိလည်း နယ်မြေလုံခြုံရေးနဲ့ လေ့ကျင့်ရေးတွေကို စဉ်ဆက်မပြတ် လုပ်နေရလို့ တပ်မတော်တာဝန်အပြင် ကိုယ်ပိုင်စီးပွားရေးကို လုပ်ခွင့်မရကြပါဘူး။ ဒါကြောင့် နိုင်ငံတော်ကပေးတဲ့ လစာရိက္ခာအပြင် ကိုယ်ပိုင်စီးပွားရေး မရှိကြပါဘူး။ သက်ပြည့်နဲ့အငြိမ်းစားယူခဲ့ကြတဲ့ အခြားအဆင့်၊ အခြားအဆင့် ဆိုသည်မှာ တပ်သားမှ အရာခံဗိုလ်အထိကို ဆိုလိုတာ ဖြစ်ပါတယ်။ အခြားအဆင့်ဆရာကြီးတွေ အသက် (၆၀) ပြည့်မှာ သိပ် စိုးရိမ်ကြပါတယ်။ အသက် (၆၀) ပြည့်ဖို့ (၄) လအလိုမှာ ခံစားခွင့် (၄)လ ရပါတယ်။ ထိုလအတွင်း တပ်ကထွက်ရင် နေဖို့နေရာရှာရပါတယ်။ လက်ရှိစစ်သက် (၄၂)နှစ်၊ အမြင့်ဆုံး အရာခံဗိုလ်တစ်ဦး အငြိမ်းစား လုပ်သက်ဆုကြေး အမြင့်ဆုံး ကျပ်သိန်း (၅၀) ခန့်သာ ရရှိပါတယ်။ ကျပ်သိန်း (၅၀) နဲ့ အိမ်ခြံမြေကို ဝယ်လို့မရပါဘူး။ ၂၀၀၆ ခုနှစ် မတိုင်ခင်ကဆိုရင် လုပ်သက်ဆုကြေးက (၃)သိန်းအောက်ပဲရပြီး အိမ်ငှားနေဖို့ စပေါ်ပေးဖို့တောင် မလောက်ကြတဲ့ အတွက် သမီးရှိသူက တပ်ထဲက လူပျို တပ်မတော်သားနဲ့ ပေးစားပြီး အရာခံဗိုလ်လိုင်းကဆင်းပြီး အကြပ်တပ်သားလိုင်းမှာ သမက်တွေ၊ ချွေးမတွေနဲ့ ပြန်နေကြရပါတယ်။

တပ်က အသက်(၆၀)ပြည့်လို့ အပြင်မှာ အိမ်နဲ့၊ ခြံနဲ့၊ အလုပ်နဲ့ ရပ်တည်နိုင်သူ မရှိသလောက် ပါပဲ။ အပြင်ရောက်ပြီးတော့လည်း ဝင်ငွေရမယ့် အလုပ်လုပ်ဖို့က ခွန်အားနဲ့ ရင်းနှီးပြီး လုပ်ဖို့ရာ နုပျိုတဲ့၊ ပြည့်ဝတဲ့ ခွန်အားတွေကို တိုင်းပြည်အတွက် ပေးဆပ်ကုန်ခန်းသွားပြီမို့ အသက် (၆၀) ရောဂါ တစ်မျိုး မျိုးနဲ့ ပင်ပန်းတဲ့အလုပ်ကို မလုပ်နိုင်တဲ့ ဇရာဘဝကို ရောက်နေခဲ့ပါပြီ။ သူ့အတွက် ပုံမှန်ရတာတော့ အငြိမ်းစားလစာတစ်ခုပဲ ဖြစ်လို့ နေစရာမရှိ၊ အငြိမ်းစားလစာလေးနဲ့ ဘဝကို ရပ်တည်ရပါတယ်။ အိမ်ငှားနေဖို့ အိမ်ငှားခကို အငြိမ်းစားလစာထဲက ပေးဖို့ခက်ပါတယ်။ ဒါကြောင့် အသက် (၆၀) ပြည့် တပ်ကထွက်ရင်နေဖို့ အိမ်လေးတစ်လုံးတော့ အမှန်ပဲ လိုအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ နိုင်ငံတော်အနေနဲ့သော်လည်းကောင်း၊ တပ်မတော်အနေနဲ့သော် လည်းကောင်း ဆောင်ရွက်ပေးနိုင်မယ့် နည်းလမ်းတစ်ခု အကြံပြုတင်ပြချင်ပါတယ်။ အဲဒါကတော့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီလက်ထက် ကရင်ပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်းက ဆောင်ရွက်ပေးခဲ့တဲ့ ခြင်လုံကျေးရွာ စစ်မှုထမ်းဟောင်းအိမ်ရာ အစီအမံလေး တစ်ခု ဖြစ်ပါတယ်။ မြေဧက (၄၅) ခန့် ကျယ်ဝန်းတဲ့ နေရာမှာ လန/၃၉ လျှောက်ပြီး စစ်မှုထမ်းဟောင်း အိမ်ရာမြေကွက် အကောင်အထည် ဖော်ခဲ့ပါတယ်။ လျှပ်စစ်မီး၊ ထရန်စဖော်မာနဲ့ စက်ရေတွင်း၊ လက်ရေတွင်းတွေ တူးပေးခဲ့ပါတယ်။ ပေ (၆၀) ပတ်လည် အိမ်ခြံမြေကွက်များ ရိုက်ပြီး တန်ဖိုးနည်း

(၁၅) သိန်းတန်လုံးချင်းလေးများ ဆောက်ပေးပါတယ်။ နေထိုင်လိုသော စစ်မှုထမ်းဟောင်းများ အားလုံးနေထိုင်ခွင့် လျှောက်ထားနိုင်ပါတယ်။ အဲဒီမှာ စစ်မှုထမ်းဟောင်း အိမ်ရာကော်မတီကို ဖွဲ့ပြီး အိမ်တွေကို ချထားပေးခဲ့ပါတယ်။ နေထိုင်လိုသူက အမှန်တကယ်နေထိုင်ပြီး အခြားသူတစ်ဦးကို ရောင်းစားခွင့်မရှိပါဘူး။ မိမိမိသားစုနေထိုင်ပြီး မိမိသေသွားရင်တောင် သားစဉ်မြေးဆက်နေထိုင်ခွင့် ရပါတယ်။ ရောင်းစားခွင့်မရှိပါဘူး။

ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ခြင်လုံစစ်မှုထမ်းဟောင်းအိမ်ရာ စတင်ဆောက်လုပ်စဉ်က ပုံဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၉ ခုနှစ်၊ စစ်မှုထမ်းဟောင်း အိမ်ရာ တည်ဆောက်ပြီးကာစ အခြေအနေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကျပ်သိန်း(၅၀)တန် တန်ဘိုးနည်း လုံးချင်းတိုက်အိမ် ဖြစ်ပါတယ်။ ဒါကတော့ ကျပ်(၁၅)သိန်းတန် လုံးချင်းအိမ်ဖြစ်ပါတယ်။ ဒါကတော့ အဲဒီအိမ်ရာမှာ ရေပေးဝေစနစ်ဖြစ်ပါတယ်။ ဒါကတော့ အဲဒီအိမ်ရာမှာ အလုပ်အကိုင်ရရှိရေး အတွက် ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေတဲ့ ပုံဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၉ ခုနှစ် က စစ်မှုထမ်းဟောင်းအိမ်ရာ စာကြည့်တိုက်ပုံဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝင်ငွေရလုပ်ငန်းမရှိလို့ မနေထိုင်သူကလွဲပြီး အဆင်ပြေတဲ့ စစ်မှုထမ်းဟောင်းအိမ်ရာ ဖြစ်ပါတယ်။ အထက်ပါအစီအစဉ်ဟာ စံနမူနာယူသင့်တယ်လို့ ထင်ပါတယ်။ မြို့နယ်တိုင်း၊ မြို့နယ်တိုင်းမှာ နိုင်ငံတော်ကသော်လည်းကောင်း၊ တပ်မတော်အစီအစဉ် နဲ့ ကကပြန် နဲ့ ဦးပိုင်ကုမ္ပဏီကသော်လည်းကောင်း လုပ်ပေးရင် သေချာပေါက် ဖြစ်မယ်ထင်ပါတယ်။ ဒါမှလည်း ငယ်ရွယ်နုနယ်တဲ့ဘဝမှာ တိုင်းပြည်အတွက် ခွန်အားအားလုံးကို ပေးဆပ်ပြီး အသက်(၆၀)ပြည့်သွားလို့ အငြိမ်းစားယူတဲ့အခါ စိုးရိမ်ပူပန်စရာမလိုဘဲနေသွားနိုင်မှာမို့ နိုင်ငံတော်အပေါ်ရော၊ တပ်မတော်အပေါ်ကိုပါ ယုံကြည်စွာနဲ့ ကျေးဇူးတင်နေကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဤကြယ်ပွင့်ပြမေးခွန်းကို တပ်မတော်သားများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို အသက်စွန့်၍ (၂၄)နာရီ အချိန်ပြည့် တာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော်သား အခြားအဆင့်များ အသက်(၆၀)ပြည့်၍ အငြိမ်းစားယူသည့်အခါ ရရှိသည့် အငြိမ်းစားလုပ်သက်ဆုကြေးငွေဖြင့် ဝယ်ယူနေထိုင်နိုင်သော တန်ဖိုးနည်း အိမ်ခြံမြေ သို့မဟုတ် တိုက်ခန်းများကို တပ်မတော်မှသော်လည်းကောင်း နိုင်ငံတော်အစိုးရမှ သော်လည်းကောင်း စီစဉ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ကျပ်သိန်း(၅၈)တန် တန်ဖိုးနည်းလုံးချင်းတိုက်အိမ် (၉)




ကျပ်တစ်ဆယ့်ငါးသိန်းတန် လုံးချင်းတိုက်အိမ် (၉-၁)



စစ်မှုထမ်းဟောင်းအိမ်ရာ ကြက်မွေးမြူရေးပုံ (၉-၂)




**အချိန်၊ ၁၀း၂၂။**

ဥက္ကဋ္ဌ။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဗိုလ်ချုပ်ကျော်ညွန့် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ ကရင်ပြည်နယ် မဲဆန္ဒနယ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမန်းကံညွန့်အနေနဲ့ ကျွန်တော်တို့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို အသက်စွန့်ပြီးတော့ (၂၄)နာရီအချိန်ပြည့် တာဝန်ထမ်းဆောင်ကြတဲ့ တပ်မတော်သား အခြားအဆင့်များရဲ့ အသက်(၆၀)ပြည့်ပြီးတဲ့အခါမှာ အငြိမ်းစားယူလုပ်သက်ဆုကြေးငွေဖြင့် ဝယ်ယူနေထိုင်နိုင်သော တန်ဖိုးနည်းအိမ်ခြံမြေသို့မဟုတ် တိုက်ခန်းများ တပ်မတော်မှသော်လည်းကောင်း၊ နိုင်ငံတော်အစိုးရမှသော်လည်းကောင်း စီစဉ် ပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့စပ်လျဉ်းပြီးတော့ ဖြေကြားသွားမှာပဲ ဖြစ်ပါတယ်။ အငြိမ်းစားယူမယ့် တပ်မတော်သားများရဲ့အကျိုးအတွက်ကို ကျွန်တော်တို့ Power Point များဖြင့်သော်လည်းကောင်း ကျွန်တော်တို့ အသေးစိတ်ရှင်းလင်းတင်ပြပေးတဲ့ အမှတ်(၂) မဲဆန္ဒနယ်မှ ဦးမန်းကံညွန့်ကို ကျွန်တော်တို့ ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမန်းကံညွန့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ တပ်မတော်တွင် တာဝန်ထမ်းဆောင်ရာမှ အသက်

(၆၀)ပြည့်ပြီး အငြိမ်းစားယူမည့်နုတ်ထွက်ခွင့်ရသူများအနက် တိုင်းစစ်ဌာနချုပ် နယ်မြေအလိုက် စစ်မှုထမ်းဟောင်း အိမ်ရာများတွင် နေထိုင်လိုကြောင်း တင်ပြလာသူများကို စိစစ်ပြီးတော့ ကျွန်တော်တို့ နေရာချထားပေးခဲ့တဲ့ နေရာမှာ ၂၀၀၉ ခုနှစ်၊ မေလမှ ၂၀၁၄ ခုနှစ် မေလအထိဆိုရင် ကျွန်တော်တို့ စုစုပေါင်း (၃၁၁)ဦး ရှိကြောင်း ပထမဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့အသက်(၆၀)ပြည့်ဖြင့် အငြိမ်းစား ယူနုတ်ထွက်ခွင့်ရရှိသူများ အပါအဝင် စစ်ဆင်ရေးတွင် ကျဆုံး၊ သေဆုံးသူများ၏ မှတ်တမ်းဝင်အမွေခံမိသားစုဝင်များ၊ စစ်ဆင်ရေးတွင် ရန်သူလက်နက်ဖြင့် ထိခိုက်ဒဏ်ရာရရှိပြီး ဆေးအဆင့် အနိမ့်ဖြင့် အငြိမ်းစားယူနုတ်ထွက်ခဲ့သူများ၊ ကိုးခွင့်အဖြစ် အေးချမ်းစွာ ဘဝနေထိုင်ရေးအတွက် ကျွန်တော်တို့ အထပ်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာများ ဆောက်လုပ်ပေးရန် စီမံချက်များ ရေးဆွဲလျှက်ရှိကြောင်း တင်ပြလိုပါတယ်။

ဒီစီမံချက်အရဆိုရင် ကျွန်တော်တို့ပြန်လည်တင်ပြရမယ်ဆိုရင် ၂၀၀၃ ခုနှစ် မှ ၂၀၁၂ ခုနှစ် ကာလအထိ အသက်(၆၀)ပြည့်ဖြင့် နုတ်ထွက်ခွင့်ရရှိသူ စစ်မှုထမ်း အရေအတွက်အပေါ် အခြေခံပြီးတော့ တွက်တဲ့အခါမှာ တစ်နှစ်လျှင် ပျမ်းမျှဦးရေ (၁၁၂၃) ဦးခန့်ရှိပြီးတော့ စစ်မှုထမ်း သက် (၃၂)နှစ်၊ (၃၅)နှစ်၊ (၃၇)နှစ်နဲ့ (၄၂) ဖြင့် သက်ပြည့်နုတ်ထွက်ခွင့် ရရှိသူများ၊ ကျွန်တော်တို့ စစ်မှုထမ်း များရဲ့ လုပ်သက်ဆုကြေးကို တွက်ချက်တင်ပြရမယ်ဆိုရင် တစ်ဦးကို ပျမ်းမျှ (၅၅၂၈၆၀၉) ကျပ်ခန့် ရရှိတယ်လို့ ကျွန်တော်တို့ တွက်ချက်လို့ရပါတယ်။ ဒီလုပ်သက်ဆုကြေးငွေကို ကျွန်တော်တို့ ခုနှိမ်ပြီးတော့ စစ်မှုထမ်းဟောင်းအိမ်ရာတစ်လုံးကို ခန့်မှန်းကျပ်သိန်း(၁၀၀) ဖြင့် ဆောက်လုပ်ပါက (၁၁၂၃) ဦး အတွက် စုစုပေါင်းငွေကျပ်သန်းပေါင်း (၅၀၂၁.၃၇) သန်းကိုလည်းကောင်း၊ ခန့်မှန်းခြေကျပ်သိန်း (၁၂၀)နှုန်း ဖြင့်ဆောက်လုပ်ပါက စုစုပေါင်းခန့်မှန်းခြေ ကျပ်သန်းပေါင်း(၇၂၆၇.၃၇)သန်းကို လည်းကောင်း ကျွန်တော်တို့ ကုန်ကျမှာဖြစ်ပြီးတော့ ဒါကိုလည်း ကျွန်တော်တို့ တပ်မတော်အထွေထွေ သက်သာရေး၊ ချောင်ချိရေး ရန်ပုံငွေမှ စိုက်ထုတ်သုံးစွဲသွားမည် ဖြစ်ကြောင်း ပြောကြားရင်းနဲ့ ကျွန်တော်တို့ ဖြေကြားချက်ကို နိဂုံးချုပ်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းတွေဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်များတွင် မီးသတ်ကားများထားပေးရန်နှင့် အဆောက်အအုံ ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်များတွင် မီးသတ်ကားများထားပေးရန်နှင့် အဆောက်အအုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြတ်ကို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်များတွင် မီးသတ်ကားထားပေးရန်အစီအစဉ်ရှိ၊ မရှိကို ကျွန်တော်မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နာဂဒေသမှာ မြို့နယ် (၃) မြို့နယ် ရှိပါတယ်။ လေရှီး၊ လဟယ်၊ နန်းယွန်းမှာ မြို့နယ်ခွဲ(၅)ခု ရှိပါတယ်။ ပန်ဆောင်း၊ ဒုံဟီး၊ မိုဝိုင်းလွတ်၊ ဆွမ္မရာ ပြီးရင် ကျွန်တော်တို့ နန်းယွန်းဘက်က ပန်ဆောင် ဖြစ်ပါတယ်။ ဒီမြို့နယ်(၃)မြို့နယ်နဲ့ မြို့နယ်ခွဲ (၅)ခုမှာဆိုရင် ကျွန်တော်တို့ နန်းယွန်းမြို့နယ်မှာ မီးသတ်ကားပေးထားပါပြီ။ ဒါပေမဲ့ မီးသတ်ကား ပေးထားပေမယ့်လည်း မီးသတ်အဆောက်အအုံတို့၊ ဝန်ထမ်းအင်အားတို့ မရှိသေးပါဘူး။ ကျန်တဲ့ မြို့နယ်တွေမှာလည်း ဒီမီးသတ်ကားလည်းမရှိပါဘူး။ ဒီအဆောက်အအုံလည်းမရှိပါဘူး။ ဒီလိုမရှိတဲ့ အတွက် ကျွန်တော်မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နန်းယွန်းမှာပေးထားတယ်ဆိုရင် လဟယ် အတွက်လုံလောက်ပြီလို့ ထင်ကောင်းထင်ပါလိမ့်မယ်။ လဟယ်နဲ့ နန်းယွန်းက (၉၃)မိုင်ဝေးပါတယ်။ ကျွန်တော်တို့ ကောင်းတဲ့ကားနဲ့သွားရင်တောင် မနက်သွားရင် ညနေမှ ရောက်ပါတယ်။ ဒီလိုမိုးရာသီ ဆိုရင် သွားဖို့မရပါဘူး။ စဉ်းစားလို့မရပါဘူးခင်ဗျား။

နောက်ပြီးတော့မှ လဟယ်နဲ့ လေရှီးနဲ့ဆိုရင် လမ်းကိုလုံးဝမရှိပါဘူး။ မရှိတဲ့အတွက် ဒီဒေသတွေမှာလည်း မီးသတ်ကားတို့၊ မီးသတ်အဆောက်အအုံတို့လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလိုနည်းတူပဲ ကျွန်တော်တို့မြို့နယ်ခွဲတွေ ရှိပါတယ်။ ထန်ပါခွေတို့၊ ဒုံဟီးတို့၊ မိုဝိုင်းလွတ်တို့ အကုန်လုံးက မိုင်(၅၀)ကျော်၊ (၆၀)ကွာဝေးတဲ့မြို့တွေချည်းပါပဲ။ ဒီလို ကွာဝေးတဲ့မြို့တွေကို ကျွန်တော်တို့ မီးဘေး အန္တရာယ်ကျရောက်ပြီဆိုရင် အလွယ်တကူငြိမ်းသက်လို့ မရနိုင်ပါဘူး။ သွားပြီး သွားကူလို့လည်း မရနိုင်ပါဘူး။ တကယ်လို့မီးလောင်ပြီဆိုရင်တော့ အားလုံးပြောင်မှပဲ ကျွန်တော်တို့ သူတို့ကို စားဖို့၊ နေဖို့၊ ဝတ်ဖို့ ဒါမျိုးတွေထောက်ပံ့ရတဲ့အနေအထားမျိုးတွေပါပဲ။ ကျွန်တော်တို့ အခြေခံဥပဒေမှာ တော့ ဇယား(၃)၊ (၅)မှာပါပါတယ်။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မီးဘေးအန္တရာယ်ကိုတော့ ကျွန်တော်တို့ဒေသအလိုက် ကြိုတင်ကာကွယ်တာရှိပါတယ်။ ကျေးရွာတွေမှာဆိုရင် ကျွန်တော်တို့ ရွာကသပ်သပ် ပြီးရင်ကျွန်တော်တို့စားဖို့ စပါးတိုက်တွေကို သပ်သပ်ခွဲပေးထားပါတယ်။ မီးမကူးနိုင်အောင် ဒါ ဘဝကပေးလာတဲ့အသိနဲ့ ကြိုတင်ကာကွယ်ခြင်းဖြစ်ပါတယ်။ မီးဘေးအန္တရာယ်ကျရောက်ရင် စနစ်တကျနဲ့ ကြိုတင်ကာကွယ်ကြရမယ်ဆိုတဲ့ နည်းစနစ်တွေကို သူတို့မသိပါဘူးခင်ဗျား။

နောက်တစ်ချက်က ကျွန်တော်ဒီအချိန်မှာ မိုးတွင်းကြီးမှာ နာဂက မီးသတ်ကားတောင်းတယ် ဆိုပြီးတော့ တွေးကောင်းတွေးနိုင်ပါတယ်။ ဒီလိုမီးသတ်ကားတောင်းတယ်ဆိုတာ မိုးတွင်းမှာတောင်မှ၊ ဒီ ချင်းတွင်းမြစ်ရေကြောင်းကောင်းမှ ကျွန်တော်တို့ ဒေသကို ဒီဇက်တွေနဲ့ ဒီကားတွေကို တင်ပြီးပို့ရမှာ ဖြစ်ပါတယ်။ ပို့ရင်လည်း ကျွန်တော်တို့က နွေရာသီဆိုရင်အဆင်မပြေပါဘူး။ နွေရာသီဆိုရင်

မြစ်ကြောင်း၀ တိမ်ပြီးတော့မှ ဇက်တွေတင်တဲ့သင်္ဘောတွေ သွားလာလို့မရပါဘူး။ ဒီအနေအထား ကြောင့်မို့လို့ ကျွန်တော်မေးမြန်းရခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့မှ ပြည်သူလူထုတွေလည်း ဒီမီး အန္တရာယ်ကျရောက်လာရင် မီးသတ်တွေနဲ့တကွ ကြိုတင်ပြီးကာကွယ်နိုင်အောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့တွေမှာတော့ သန္ဓေမီးသတ်တွေ ထားပေးပါတယ်။ နှစ်ယောက်စီအဖွဲ့ဝင်တွေကိုတော့ ကျွန်တော်တို့ ဒေသခံတွေ ဖြစ်ပါတယ်။ ဒီသန္ဓေတောင်မှ နေစရာမရှိ၊ မီးသတ်မျှော်စင်မရှိ ဒီလိုအနေ အထားမျိုးတွေကြောင့်မို့လို့ ကျွန်တော်တို့မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့်ကျွန်တော်လေးစားစွာမေးမြန်းလိုတာကတော့ ပထမတစ်ချက်မှာတော့ ကျွန်တော်တို့နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်များတွင် မီးသတ်ကားများထားပေးရန် အစီအစဉ် နဲ့ မီးသတ်အဆောက်အအုံဆောက်လုပ်ပေးရန်နဲ့ ဝန်ထမ်းအင်အား ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် ကျွန်တော်တို့ ဒုတိယအချက်ကတော့ အကယ်၍ ကျွန်တော်တို့ မထားပေးသေး ဘူးဆိုရင်၊ အစီအစဉ်မရှိသေးဘူးဆိုရင် မည်သည့်အချိန်မှာ ကျွန်တော်တို့ ထားပေးပြီး တော့မှ မည်သို့ အစီအစဉ်ချမှတ်ဆောင်ရွ

က်သွားမည် ဖြစ်ကြောင်းကို ကျွန်တော်လေးစားစွာ မေးမြန်းတင်ပြအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော မြို့နယ် များတွင် မြို့နယ်အဆင့် ဖွဲ့စည်းသော မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင် သာယာရေးကော်မတီ စသော ကော်မတီအရပ်ရပ်တွင် နိုင်ငံတော်အစိုးရမှ စရိတ်များ ပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း က လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မြို့နယ်များတွင် မြို့နယ်အဆင့် ဖွဲ့စည်းသော မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီစသော ကော်မတီ အရပ်ရပ်တွင် နိုင်ငံတော်အစိုးရမှ စရိတ်များပံ့ပိုးပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ရှိသေလေးစား အပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကော်မတီရှိလူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြ ပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမနားနိုင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်း တင်ပြမယ့်မေးခွန်းကတော့ ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မြို့နယ်များတွင် မြို့နယ်အဆင့်ဖွဲ့စည်းသော မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ် စည်ပင်သာယာရေး ကော်မတီစသော ကော်မတီအရပ်ရပ်အတွက် နိုင်ငံတော်အစိုးရမှ စရိတ်များ ပံ့ပိုးပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးဖို့ရာအတွက် ကျွန်တော် ဒီမေးခွန်းကျလာတဲ့ အခါမှာ မဲရှင်တွေက မေးကြပါတယ်။ ကိုယ့်မြို့နယ်အတွက် မတောင်းဘဲနဲ့ ဘာလို့တခြားအတွက် တောင်းသလဲဆိုပြီး ပြောကြပါတယ်။ သို့သော် ကျွန်တော်သဘောထားကြီးစွာနဲ့ ကျွန်တော်မေးတဲ့ မေးခွန်းကလည်းပဲ ကျွန်တော်တို့မြို့အတွက် အခြေခံပါတယ်။ ကျွန်တော်တို့ မြို့နယ်ကိုအခြေခံပြီးတော့ မေးခွန်းမေးရ ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက် ရာမှာ ပြည်နယ်တိုင်းဒေသကြီးအသီးသီးမှာ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးလုပ်ငန်း စီမံချက်များကို တစ်စိုက်မတ်မတ်နဲ့ ဆောင်ရွက်အကောင်အထည်ဖော်နေချိန် ဖြစ်ပါတယ်။ တိုတောင်းတဲ့ခေတ်စနစ် အပြောင်းအလဲကာလအတွင်းမှာ တိုးတက်ပြောင်းလဲမှုများ မြင်တွေ့နေပြီဖြစ်လို့ ပြည်သူအများ ဝမ်းသာပီတိ ဖြစ်ကြရပါတယ်။ ပြည်ထောင်စုလွှတ်တော်သိန်း(၁၀၀၀) ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုလည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနအား ကြီးကြပ်ပါဝင်စေလျှက် ဝန်ဆောင်စရိတ်များ ခွဲဝေပေးကာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်းလည်း လေ့လာတွေ့ရှိကြရမှာ ဖြစ်ပါတယ်။

ယနေ့ ပြည်ထောင်စုနေ့ တိုင်းဒေသပြည်နယ် ဘတ်ဂျက်ငွေများအားဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရာမှာလည်း မြို့နယ်ကော်မတီအသီးသီးမှာ နယ်မြေအလိုက်တာဝန်ယူပြီး ကြီးကြပ်ဆောင်ရွက်ကြရပါတယ်။ ဒီလိုကြီးကြပ်ရာမှာ မြို့နယ်ရန်ပုံငွေသီးခြားမရှိတဲ့အတွက် ကော်မတီ များအချို့ဟာ မိမိစရိတ်ဖြင့်သာ နယ်ဆင်းသွားလာကြရပါတယ်။ ကြာတော့ စိတ်ပျက်အားလျော့လာ ကြပြီး နောက်ပိုင်းတွေမှာ လုပ်ငန်းကြီးကြပ်ဆောင်ရွက်ကြရန်အတွက် အားနည်းလာစေနိုင်ကြောင်း လည်း မိမိအနေနဲ့သုံးသပ်မိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်များအနက် ဝေးလံခေါင်သီသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ရန်ပုံငွေအင်အားမရှိသည့်မြို့နယ်များမှာ မြို့နယ် အထောက်အကူပြုကော်မတီအရပ်ရပ်တွင် လုပ်ငန်းများပို၍ ထိရောက်စွာဆောင်ရွက်နိုင်စေရန် သင့်တင့်လျောက်ပတ်သော စရိတ်များ နိုင်ငံတော်အစိုးရမှ ပံ့ပိုးပေးနိုင်ရန်အစီအစဉ် ရှိ၊ မရှိနဲ့ ဖွံ့ဖြိုးရေး လုပ်ငန်းများပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးရှေးရှုလျှက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစား စွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသောဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးမြတ်ကို ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်း၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် မှ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်နဲ့ လေရှီးမြို့နယ် တို့ပါဝင်ပါတယ်။ လဟယ်မြို့နယ်မှာ မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်၊ ကျေးရွာအုပ်စု(၃၁)စု၊ ကျေးရွာပေါင်း(၈၄)ရွာ၊ အိမ်ခြေ(၇၁၂၈)လုံး၊ အိမ်ထောင်စု(၉၂၈၇)စုနဲ့ လူဦးရေ(၄၉၁၂၃)ဦးရှိပါတယ်။ လဟယ်မြို့နယ်မှာ လက်ရှိ မီးသတ်တပ်သား(၃)ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင်(၄၅)ဦးနဲ့ နီဆန်းဆာဖာရီ မီးငြိမ်းသတ်ယာဉ် (၁)စီးတို့ ရှိပါတယ်။ မီးသတ်တပ်သား(၃)ဦးနဲ့ မီးသတ်ယာဉ်ကို မြို့နယ်ရဲတပ်ဖွဲ့စခန်းမှာ ယာယီထားရှိပါတယ်။ အဆိုပါမြို့နယ်မှာ (၁၀)နှစ် အတွင်း မီးလောင်မှု(၅)ကြိမ် ဖြစ်ပွားခဲ့ရာ ကျပ်(၁၂၀၀၆၅၀၀) ခန့်ဆုံးရှုံးခဲ့ကြောင်း စိစစ်သိရှိပါတယ်။ လဟယ်မြို့နယ် ထန်ပါခွေမြို့နယ်မှာ မြို့ပေါ်ရပ်ကွက်(၁)ရပ်ကွက်၊ ကျေးရွာအုပ်စု(၅)အုပ်စု၊ ကျေးရွာပေါင်း(၁၃)ရွာ၊ အိမ်ခြေ(၈၂၈)လုံး၊ အိမ်ထောင်စု(၉၈၆)စုနဲ့ လူဦးရေ (၄၉၈၈)ဦးရှိပါတယ်။ အဆိုပါမြို့မှာ အရန်မီးသတ်တပ်ဖွဲ့ဝင် (၂၅)ဦးနှင့် အပေါ့စားမီးသတ်စက် (၂)လုံးရှိပြီးတော့ (၁၀)နှစ်အတွင်းမှာ မီးလောင်ဆုံးရှုံးမှုမရှိခဲ့ကြောင်း စိစစ်တွေ့ရှိပါတယ်။

နန်းယွန်းမြို့နယ်မှာ မြို့ပေါ်ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၇)စု၊ ကျေးရွာပေါင်း(၂၈)ရွာ၊ အိမ်ခြေ(၁၃၃၈)လုံး၊ အိမ်ထောင်(၁၃၆၀)စုနဲ့ လူဦးရေ (၇၉၇၃)ဦးရှိပါတယ်။ နန်းယွန်းမြို့နယ်မှာ လက်ရှိဒေါင်ဖန်း မီးသတ်ယာဉ်(၁)စီး၊ အပေါ့စားမီးသတ်စက်(၂)လုံးနဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား(၄၅)ဦးတို့ဖြင့် နန်းယွန်းမြို့ရဲ့ မီးဘေးကြိုတင်ကာကွယ်ရေးနဲ့ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါဒေါင်ဖန်မီးငြိမ်းသတ်ယာဉ်ကို နန်းယွန်းအရန် မီးသတ်စခန်းမှာရှိတဲ့ ပေ(၂၀x၃၀)သွပ်မိုး၊ ပျဉ်ကာ၊ မြေစိုက်အဆောက်အဦမှာ ထားရှိပါတယ်။ နန်းယွန်းမြို့နယ်အတွက် ခန့်ထားတဲ့လက်ထောက်မြို့နယ်ဦးစီးမှူးဦးစီးအင်အား(၆)ဦးကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အစီအမံဖြင့်လဟယ်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှာ တွဲဖက်ထားရှိပါတယ်။ နန်းယွန်းမြို့နယ်မှာ (၁၀)နှစ်အတွင်း မီးလောင်မှု(၄)ကြိမ် ဖြစ်ပွားခဲ့ပြီး ကျပ်(၈၉)သိန်းခန့်ဆုံးရှုံးခဲ့ကြောင်းလည်း စိစစ် သိရှိရပါသည်။

နန်းယွန်းမြို့နယ်ပန်ဆောင်မြို့ပေါ်ရပ်ကွက် (၃)ရပ်ကွက်၊ ကျေးရွာအုပ်စု(၉)စု၊ ကျေးရွာပေါင်း(၁၈)ရွာ၊ အိမ်ခြေ(၂၂၅၉)လုံး၊ အိမ်ထောင်စု(၂၂၈၂)စုနဲ့ လူဦးရေ (၁၅၀၉၂) ဦးရှိပါတယ်။ ပန်ဆောင်မြို့မှာ အရန်မီးသတ်တပ်ဖွဲ့ဝင် (၂၅)ဦး၊ အပေါ့စားမီးသတ်စက် (၂)လုံးရှိပြီးတော့ (၁၀)နှစ်အတွင်း မီးလောင်ဆုံးရှုံးမှုမရှိကြောင်း စိစစ်သိရှိရပါတယ်။ နန်းယွန်းမြို့နယ် ဒုံဟီးမြို့မှာ မြို့ပေါ်ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်စု (၃၃)စု၊ ကျေးရွာပေါင်း(၆၁)ရွာ၊ အိမ်ခြေ(၃၆၉၀)လုံး၊ အိမ်ထောင်စု(၃၉၆၃)စုနဲ့ လူဦးရေ (၂၈၀၉၉)ဦးရှိပါတယ်။ အဆိုပါမြို့မှာ အရန်မီးသတ်တပ်ဖွဲ့ဝင် (၂၅)ဦး၊ အပေါ့စားမီးသတ်စက်(၂)လုံးရှိပြီး (၁၀)နှစ်အတွင်း မီးလောင်မှု(၁)ကြိမ် ဖြစ်ပွားခဲ့ပြီး ကျပ် (၂၉) သိန်းခန့် ဆုံးရှုံးခဲ့ကြောင်းလည်း စိစစ်သိရှိရပါတယ်။

လေရှီးမြို့နယ်မှာ မြို့ပေါ်ရပ်ကွက် (၂) ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၃)စု၊ ကျေးရွာပေါင်း(၄၁)ရွာ၊ အိမ်ခြေ(၁၅၈၀)လုံး၊ အိမ်ထောင်စု (၁၆၁၆)စုနဲ့ လူဦးရေ (၉၄၇၂)ဦး ရှိပါတယ်။ လေရှီးမြို့နယ်မှာ လက်ရှိအပေါ့စား မီးသတ်စက်(၂)လုံးနဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင် (၄၅)ဦးတို့ဖြင့် လေရှီး

မြို့နယ်၏ မီးဘေးကြိုတင်ကာကွယ်ရေးနဲ့ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါတယ်။ လေရှီးမြို့နယ်အတွက် မီးသတ်တပ်သား(၂)ဦးခန့် ထားပြီး မြေနေရာနဲ့ စခန်းမရှိသေးတဲ့ အတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏အစီအမံနဲ့ ဟုမ္မလင်းမြို့နယ် မီးသတ်စခန်းမှာ တွဲဖက် အဖြစ် ထားရှိပါတယ်။ လေရှီးမြို့နယ်မှာ (၁၀) နှစ်အတွင်း မီးလောင်ဆုံးရှုံးမှု မရှိခဲ့ကြောင်း စိစစ်တွေ့ရှိ ရပါတယ်။

လေရှီးမြို့နယ်မှာ မိုပိုင်းလွတ်မြို့မှာ မြို့ပေါ်ရပ်ကွက်(၂)ရပ်ကွက်၊ ကျေးရွာအုပ်စု (၄)စု၊ ကျေးရွာပေါင်း(၁၂)ရွာ၊ အိမ်ခြေ(၂၁၂)လုံး၊ အိမ်ထောင်စု(၂၁၂)စုနဲ့ လူဦးရေ (၁၃၀၁) ဦးရှိပါတယ်။ အဆိုပါမြို့မှာ အရန်မီးသတ်တပ်ဖွဲ့ဝင် (၂၅)ဦး၊ အပေ့ါစားမီးသတ်စက်(၂)လုံး ရှိပြီးတော့ (၁၀)နှစ် အတွင်းမှာ မီးလောင်ဆုံးရှုံးမှု မရှိခဲ့ကြောင်း စိစစ်သိရှိရပါတယ်။ လေရှီးမြို့နယ် ဆွမ္မရာမြို့မှာ မြို့ပေါ် ရပ်ကွက် (၃)ရပ်ကွက်၊ ကျေးရွာအုပ်စု (၄)အုပ်စု၊ ကျေးရွာပေါင်း (၉)ရွာ၊ အိမ်ခြေ(၁၁၀၇) လုံး၊ အိမ်ထောင်စု (၁၁၁၁) စုနဲ့ လူဦးရေ (၅၉၇၃) ဦးရှိပါတယ်။ ဆွမ္မရာမြို့မှာ အရန်မီးသတ်တပ်ဖွဲ့ဝင် (၂၅)ဦး၊ အပေ့ါစား မီးသတ်စက်(၃)လုံး ရှိပြီးတော့ (၁၀)နှစ်အတွင်းမှာ မီးလောင်ဆုံးရှုံးမှု မရှိခဲ့ကြောင်း စိစစ် သိရှိရပါတယ်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နန်းယွန်း၊ လေရှီးနဲ့ လဟယ်မြို့နယ်များမှာ ဦးစီးအရာရှိ ဦးစီးအင်အား (၉)ဦး ပါဝင်တဲ့ မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံး (၁)ရုံးစီနဲ့ ဒုတိယမီးသတ်ဦးစီးမှူး ဦးစီးအင်အား(၂၈)ဦး၊ မီးငြိမ်းသတ်ယာဉ်(၂)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ မီးသတ်စက်ယာဉ်(၁)စီး၊ စုစုပေါင်းမီးသတ်ယာဉ်(၄)စီးပါဝင်တဲ့ မြို့နယ်မီးသတ်စခန်း(၁)ခုစီဖြင့်လည်းကောင်း၊ နန်းယွန်းမြို့နယ် မှာရှိတဲ့ ပန်ဆောင်မြို့နဲ့ ဒုံဟီးမြို့၊ လဟယ်မြို့နယ်မှာရှိတဲ့ ထန်ပါခွေမြို့နဲ့ လေရှီးမြို့နယ်မှာရှိတဲ့ မိုပိုင်းလွတ်မြို့နယ်တို့မှာ လက်ထောက်မီးသတ်ဦးစီးမှူး ဦးစီးအင်အား(၉)ဦး၊ မီးငြိမ်းသတ်ယာဉ် (၁)စီး၊ မီးသတ်ရေယာဉ်(၁)စီး၊ စုစုပေါင်းမီးသတ်ယာဉ် (၂)စီးပါဝင်တဲ့ နယ်မြေမီးသတ်စခန်း(၁)ခုစီ ဖွင့်လှစ် ရန် ဖွဲ့စည်းပုံခွင့်ပြုမိန့် ရရှိထားပြီးဖြစ်ပါတယ်။ လေရှီးမြို့နယ်မှာရှိတဲ့ ဆွမ္မရာမြို့မှာတော့ လတ်တလော အခြေအနေမှာ နယ်မြေမီးသတ်စခန်းဖွင့်လှစ်ရန် အစီအစဉ် မရှိပါကြောင်း တင်ပြအပ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ မြို့နယ်များနဲ့ မြို့များမှာ မီးသတ်ယာဉ်မျာ ချထားပေးရန်နှင့်စပ်လျဉ်း၍ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ စစ်ကိုင်းတိုင်း ဒေသကြီး မီးသတ်ဦးစီးဌာနအတွက် မီးငြိမ်းသတ်ယာဉ် (၆၅)စီးနဲ့ မီးသတ်ရေ သယ်ယာဉ်(၄၃)စီး ဖြည့်တင်းရန် ရန်ပုံငွေခွင့်ပြုမိန့်ရရှိပြီး ဖြစ်ပါတယ်။ မီးသတ်ယာဉ်များကို ဝယ်ယူပြီးပါက လေရှီး မြို့နယ်နဲ့ လဟယ်မြို့နယ်မီးသတ်စခန်း၊ ပန်ဆောင်၊ ဒုံဟီး၊ ထန်ပါခွေ၊ မိုပိုင်းလွတ် နယ်မြေ မီးသတ် စခန်းများအတွက် မီးငြိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး စုစုပေါင်း မီးသတ်ယာဉ် (၂)စီးစီကိုလည်းကောင်း၊ နန်းယွန်မြို့နယ်မီးသတ်စခန်းအတွက် မီးသတ်ရေသယ်ယာဉ် (၁)စီးကို လည်းကောင်း ဖြည့်တင်းပေးသွားရန် စီစဉ်ထားရှိပြီးဖြစ်ပါတယ်။

နန်းယွန်းမြို့နယ်မှာ အရန်မီးသတ်စခန်းသာရှိပြီး မြို့နယ်မီးသတ်စခန်း ဖွင့်လှစ်နိုင်ရေး အတွက် မြို့မရပ်ကွက်မှာ (၀.၄၅၉)ဧကပေါ်မှာရှိတဲ့ မြေနေရာ ရရှိပြီးဖြစ်ပါတယ်။ အဆိုပါ မြေနေရာ မှာ မီးသတ်စခန်းနဲ့ဝန်ထမ်းတွေရဲ့အိမ်များ ဆောက်လုပ်ပေးရန်အတွက် ဘဏ္ဍာရေးနှစ် အလိုက် ဦးစားပေး အစီအစဉ်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေ တင်ပြတောင်းခံရန် တိုင်းဒေသကြီး

မီးသတ်ဦးစီးဌာနမှူး ရုံးမှစီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ လေရှီးမြို့နယ်နဲ့ လဟယ်မြို့နယ် (၂)ခုနှင့် ပန်ဆောင်၊ ဒုံဟီး၊ ထန်ပါခွေ၊ မိုပိုင်းလွတ်မြို့ (၄)ခုမှာ မီးသတ်စခန်းနဲ့ ဝန်ထမ်းနေအိမ်များ ဆောက်လုပ်ပေးရန် နှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မြေနေရာရရှိရေးအတွက် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သို့ တင်ပြဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ မြေနေရာ ရရှိပါက အဆောက်အဦများ ဆောက်လုပ်နိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေး အစီအစဉ်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံရန် တိုင်းဒေသကြီး မီးသတ်ဦးစီး ဌာနမှူးရုံးမှ စီစဉ်ဆောင်ရွက်ထားရှိ ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် အမှတ်(၁၀) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမနားနိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်း၍လည်း ကျွန်တော်က ဆက်လက် ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်စွဲပါ စာအမှတ်၊ ၁၀၀(၅)/၇ သမ္မတရုံးဖြင့် ညွှန်ကြားချက်အရ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ နေပြည်တော် ကောင်စီ နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့များ အနေဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင် နဲ့ မြို့နယ်များအတွက် တာဝန် ထမ်းဆောင် နေကြသော ဌာနဆိုင်ရာဝန်ထမ်းများအား ဥပဒေနဲ့အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ် ညှိနှိုင်းခြင်းနဲ့ ကွပ်ကဲမှုနယ်မြေအတွင်း စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်တဲ့ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှု ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ပေးပြီး ရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ (က)နှင့် (ဂ) တို့အရ တိုင်းဒေသကြီး/ပြည်နယ် အစိုးရ၊ နေပြည်တော်ကောင်စီနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ဦးစီးအဖွဲ့များသည် အမျိုးသားစီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် ဒေသဆိုင်ရာ အဖွဲ့ အစည်းများနဲ့ ပုဂ္ဂလိက စသည့် အင်အားစုများပါဝင်၍ အများပြည်သူတို့၏ လူမှုစီးပွားနေထိုင်မှု အဆင့်အတန်းမြင့်မားရေးကို ရှေးရှုဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇/ ၂၀၁၃ ဖြင့် မြို့နယ်များမှာ အများဆန္ဒနှင့် အတူ ရွေးချယ်ထားတဲ့ ဒေသခံများနဲ့ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်း (၂)ဦး ပါဝင်တဲ့မြို့နယ် ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုကော်မတီများအားလည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာမှ ကိုယ်စားလှယ် များပါဝင်တဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများအား လည်းကောင်းဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီး အဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များဟာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များမှ အတည်ပြုပြဋ္ဌာန်းထားတဲ့ စည်ပင်သာယာရေးဥပဒေနှင့်အညီ ကော်မတီ ဖွဲ့စည်းခြင်းအပိုင်းမှာ တစ်ပြေးညီဖြစ်စေရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်စွဲပါစာအမှတ်၊ ၁၀၀(၅-၁)/၇/သမ္မတရုံးဖြင့် ညွှန်ကြားချက်အရ မြို့နယ်များမှာ မြို့မိမြို့ဖအဖွဲ့၊ လူမှုရေး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာလုပ်ငန်းအလိုက် ပညာအခြေပြု

အဖွဲ့အစည်းများမှ အများဆန္ဒအရ ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်များအပါအဝင် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်း(၃)ဦး ပါဝင်တဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီကိုလည်း ဖွဲ့စည်း တာဝန်ပေး ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

သို့ရာတွင် မြို့နယ်များမှာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို ဖွဲ့စည်းထားရှိပြီး ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ပြည်သူ့ဗဟိုပြုစနစ်ဖြင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာမှာ ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ မြို့နယ်များမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်း များနဲ့ နိုင်ငံ့ဝန်ထမ်းမဟုတ်သူများကို ပေါင်းစပ်ဖွဲ့စည်းထားတဲ့ ကော်မတီများရဲ့ အသုံးစရိတ်များ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှာ မပါဝင်တဲ့အတွက် ထောက်ပံ့ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ သဘောထားအရ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက် တင်ပြတောင်းခံ၍ ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပါကြောင်း ပြန်လည် ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ၊ ပျူမြို့ဟောင်းများ၏ အကြောင်းအရာများ သမိုင်းဝင်ပုံများပါ သိရှိတွေ့မြင်လိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ၊ ပျူမြို့ဟောင်းများ၏ အကြောင်းအရာများ သမိုင်းဝင်ပုံများပါ သိရှိတွေ့မြင်လိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအမှူးရှိတဲ့ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကော်မရှင် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ္တသုခ၊ ကာယသုခ၊ သုခအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ၊ ပျူမြို့ဟောင်းများရဲ့ အကြောင်းအရာများနဲ့ သမိုင်းဝင်ပုံများကို သိရှိတွေ့မြင်လိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို မေးမြန်းရတဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူတွေ သိသင့်သိထိုက် ကြည့်သင့်ကြည့်ထိုက်တဲ့နေရာတွေကို ကျွန်တော်တို့ လွှတ်တော် Skynet Channel ကနေ တစ်ဆင့် ပိုမိုပြီး သိရှိသွားစေလိုတဲ့အတွက် ဖြစ်ပါတယ်။ ယခု ရက်ပိုင်း စာနယ်ဇင်းတွေမှာလည်း ပျူမြို့ဟောင်း (၃)မြို့ကို Tour ခရီးစဉ် ကြော်ငြာတာတွေကိုလည်း ဖတ်ရတဲ့အတွက် ဖြစ်ပါတယ်။ သရေခေတ္တရာကတော့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ထဲမှာ ရှိပါတယ်။ ကျွန်တော်တို့ လွန်ခဲ့တဲ့နှစ်ပေါင်း (၁၁၆)နှစ် ၁၈၉၇ ခုနှစ်မှာ ပြည်မြို့နယ် လယ်ပေါ်ရွာ မောင်ကန်ကုန်းမှာ ကျွန်တော်တို့ ပထမဆုံးမြန်မာနိုင်ငံရဲ့ ကျောက်စာဝန် ဖြစ်တဲ့ Emil Fanchammer ဟာ (၃)ကြောင်းရေး ရွှေပေလွှာ (၂)ချပ်ကို တွေ့ရှိရပါတယ်။ ဒီ ရွှေပေလွှာမှာတော့ ယေဓမ္မာ ဟေတုပ္ပဘဝါ အစချီတဲ့ ကျွန်တော်တို့

နိကာယ် (၅)ရပ် ပါဠိတော်တွေကို ရေးထိုးထားတာ ဖြစ်ပါတယ်။ ဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၃၀၀) (၁၄၀၀)က ဖြစ်ပြီးတော့ မြန်မာနိုင်ငံအတွက်လည်း အစောဆုံး တွေ့ရှိရတဲ့ တွေ့ရှိချက် ဖြစ်ပါတယ်။ ၁၉၁၀ နဲ့ ၁၉၁၁ ခုနှစ်မှာတော့ ပြည်မြို့ဘောဘောကြီး ဘုရားခြေရင်းမှာ (၃)ပိုင်း ကျိုးနေတဲ့ ကျောက်ပြားတစ်ချပ်ကို တွေ့ပါတယ်။ ဒီမှာတော့ ပိဋကတ်တော်တွေ ရေးထိုးထားတာ ဖြစ်ပါတယ်။

၁၉၂၆ ခုနှစ်မှာတော့ တောင်သူ ဦးခင်ဘ ရဲ့ ကုန်းကမူလေးထဲကနေ ရွှေပေလွှာ အချပ် (၂၀)ကို တွေ့ရပါတယ်။ ပထမရွှေပေလွှာမှာတော့ သိဒ္ဓါန်အဝိဇ္ဇာ ပစ္စယာ သင်္ခါရ အစရှိတဲ့ ပဋိစ္စသမုပါဒ်ဒေသနာတော်ကို ကဒမ္ဗ အက္ခရာနဲ့ ရေးထိုးထားတာ ဖြစ်ပါတယ်။ ၁၉၂၈ ခုနှစ် ကျွန်းတော်စုရွာမှာလည်း ပိဋကတ်တော် ရွှေပေတစ်ချပ်ကို တွေ့ပါတယ်။ ဒီတွေ့ရှိရတဲ့ ရွှေပေတွေနဲ့ ကျောက်ပြားတွေမှာ သက္ကရာဇ်တွေ လုံးဝ မပါပါဘူး။ သို့သော်လည်း အဲဒီအက္ခရာကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့က ဒါ ၅ ရာစု၊ ၆ ရာစု၊ ၇ ရာစုနှစ်လောက်ကပဲ ဖြစ်မယ်လို့ပဲ ခန့်မှန်းရပါတယ်။ ကျွန်တော်တို့ သရေခေတ္တရာနဲ့ မော်ဇာစာပြတိုက်ဝန်းကျင် တောင်တွင်းကြီး ဗိဿနိုးဒေသတွေကို နှစ်ပေါင်းများစွာက ရောက်ခဲ့ဖူးပါတယ်။ ဗိဿနိုးဆိုရင် လမ်းသွားရင်းနဲ့ စိတ်မချလို့ ကားပေါ်မှာ ပေါက်ပြားတို့၊ ပေါက်ချွန်းတို့နဲ့ ဆောင်ပြီး သွားခဲ့ရပါတယ်။ ဒီခရီးစဉ်တွေကိုလည်း မဖြစ်မနေ လိုက်ပို့ပေးခဲ့တဲ့ ကွယ်လွန်ခဲ့တဲ့ အဘ ဦးပန်းအောင် ကိုလည်း အောက်မေ့သတိရမိပါတယ်။

ဟန်လင်းကိုတော့ မေးခွန်းတင်ပြီးမှသွားကြည့်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ မရောက်ခင် ဝါဆိုလပြည့်နေ့မှာ ကားအစီးပေါင်း (၁၀၀)ကျော် လူ (၁၀၀၀)လောက် လာပြီး လေ့လာတာကို သိရတဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်တော်တို့ လမ်းမှာ ဆားချက် လုပ်ငန်းတွေလည်း တွေ့ပါတယ်။ ရေပူစမ်းတွေလည်း (၁၀)တွင်းလောက်ရှိတဲ့အတွက် နောင်အခါမှာ Tourist တွေနဲ့ စီးပွားဖြစ်နိုင်မယ်လို့ မြင်ပါတယ်။ ဟန်လင်းမှာ ကိုးမြို့ဟောင်းရှိတယ်လို့လည်း သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့အနှစ် (၂၀)လောက်က အီတလီနိုင်ငံ ရောမမြို့ကို ရောက်ခဲ့ဖူးပါတယ်။ လေဆိပ်ကတော့ သင့်ရုံ တန်ရုံပါပဲ။ ဒါပေမဲ့ လေဆိပ်ကို လီရိုနာရိုဒါဗင်ချီး ဆိုတဲ့ ကမ္ဘာကျော် ပန်းချီဆရာကြီးရဲ့ အမည်ကို ပေးထားတာကိုကလည်း စိတ်ဝင်စားဖို့ အချက် ဖြစ်ပါတယ်။ ရောမမြို့တော်အတွင်းမှာ မြို့တော်ခန်းမ Unknown Soldier ဗိမ္မာန် ကိုလိုစီယမ် ဇာတ်ရုံကြီးတွေ ကျောက်သားရုပ်ထုကြီးတွေကလည်း တော်တော်လေး လက်ရာမြောက်ပါတယ်။ ရောမမြို့လယ်မှာ Three Pen Fountainess လို့ခေါ်တဲ့ ရေတံခွန် သုံးခုကျနေတဲ့ ရေကန်ငယ် ရှိပါတယ်။ ဒီကန်ဘောင်မှာ ထိုင်ပြီးတော့ ကျွန်တော်တို့ ပိုက်ဆံ ကွိုင်သုံးစေ့ကို နောက်ပြန် ပြန်ပစ်လို့ ဒီကွိုင်သုံးခုလုံး ရေကန်ထဲကို ရောက်ရင် အီတလီကို နောက်တစ်ခါ ပြန်လာရမယ်လို့ အဆို ရှိပါတယ်။ ကျွန်တော်တို့ကတော့ လုပ်ခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ဆီမှာ တိုင်းမင်းကြီးအဖြစ် အမှုထမ်းတဲ့ ရေဒါကံမြင့်ကတော့ (၆)လလောက် ပညာသင်ခဲ့တဲ့အခါမှာ ငွေကြေးသုံးစွဲရတာတွေအတွက် သူကတော့ မလုပ်ခဲ့ဘူးလို့ ကိုယ်တိုင်လည်း ပြောဖူးပါတယ်။ သူရေးခဲ့တဲ့ စာအုပ်တွေလည်း လက်ဆောင် ပြန်ပေးပါတယ်။ ရောမမြို့မှာပဲ ဧက (၁၀၀)သာသာ ရှိတဲ့ တိုင်းပြည်တစ်ခုအဖြစ် သတ်မှတ်ထားတဲ့ ဗာတီကန် ကိုလည်း အဲဒီတုန်းက လေ့လာခွင့် ကြုံပါတယ်။ အဲဒီအချိန်မှာတော့ ပုပ်ရဟန်းမင်းကြီး John Paul (II) အမေရိကန်ကို ကြွရောက်နေလို့ ဖူးတွေ့ခွင့် မကြုံပါဘူး။ ရောမမြို့လယ် လူနေရပ်ကွက်တွေဟာ မိမိတို့ရဲ့ အဆောက်အဦ အတွင်းပိုင်းကိုပဲ ကျွန်တော်တို့ ခေတ်မီပြင်ဆင်ခွင့်ရှိပြီးတော့ အပြင်ဘက်ပိုင်းကို နဂိုမူလအတိုင်းပဲ

ထားရပါတယ်။ ကျွန်တော်တို့ မြန်မာမျက်စိတွေနဲ့ ကြည့်လိုက်လို့ရှိရင်တော့ မြို့တော်ကြီးတစ်ခုလုံးက မှုန်မှုန်မှိုင်းမှိုင်းနဲ့ ဖြစ်နေပါတယ်။ သို့သော်လည်း အဲဝုလို့ ခေါ်တဲ့ မြို့သစ် ရပ်ကွက်မှာတော့ ကုမ္ပဏီတွေ၊ ရုံးခန်းတွေ၊ ဘဏ်တွေ စတဲ့ အဆင့်မြင့် အဆောက်အဦကြီးတွေ ရှိပါတယ်။ မြို့တွင်းပိုင်းကို ရှေးမူအတိုင်း ထိန်းသိမ်းထားလို့ အဲဒီအချိန်အခါက နှစ်စဥ် Tourist (၂၉) သန်းလောက် လာရောက် လေ့လာတာ ဖြစ်ပြီးတော့ သူ့ရဲ့ တိုင်းပြည်ရဲ့ လူဦးရေထက်တောင် ပိုနေတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ အနေနဲ့ အချိန်မရလို့ ချော်ရေတွေ ဖုံးလွှမ်းသွားတဲ့ အီတလီမှာရှိတဲ့ ပွန်ပီမြို့ ဟောင်းကိုတော့ မရောက်ခဲ့ပါဘူး။ ရုပ်ရှင်ထဲကပဲ မြင်ဖူးပါတယ်။ ဒီပွန်ပီ မြို့ဟောင်းနဲ့ ဟန်လင်း ကလည်း တော်တော်တူပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ် ဇွန်လ ၁၄ ရက်နေ့က ကျွန်တော်တို့ ကတ်တာနိုင်ငံ မြို့မှာ ဒိုဟာမြို့မှာ ကျင်းပတဲ့ (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီအစည်းအဝေးကနေပြီး မြန်မာနိုင်ငံရဲ့ ပျူရှေးဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့ကနေစပြီး ပျူမြို့ဟောင်း (၃)မြို့၊ မြောက်ဦး၊ ပြဒါးလင်းဂူ၊ အင်းလေးကန်၊ မင်းကွန်းဒေသ၊ မန္တလေး၊ အင်းဝ၊ ဟံသာဝတီ စတဲ့ ရှေးဟောင်းဒေသ (၈)ခုကို အမွေအနှစ်အဖြစ် အဆိုပြုတင်ပြခဲ့ကြောင်း သိရပါတယ်။ UNSECO ရဲ့ ထုတ်ပြန်ချက်အရ ပျူမြို့ဟောင်း (၃)မြို့ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ ကျော်ကနေ စတင်ပြီးတော့ အရှေ့တောင်အာရှဒေသအတွင်းမှာ ဗုဒ္ဓသာသနာ ပျံ့နှံ့ခဲ့တာကို သက်သေပြနိုင်ခဲ့ပါတယ်။ ဒီမြို့ဟောင်းများကို နိုင်ငံရေး စီးပွားရေး၊ လူမှုရေး၊ ယဥ်ကျေးမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကြောင့် အဆင့်မြင့် မြို့တော်များ ဖြစ်ကြောင်းကိုလည်း ဖော်ပြထားပါတယ်။ တစ်ခေတ်တစ်ခါက ဒီမြို့တွေမှာ ဆန်းသစ်တဲ့ နည်းပညာများဖြစ်တဲ့ အရင်းအမြစ် စီမံခန့်ခွဲမှု အရည် ဖိအားသုံး အတတ်ပညာ၊ စိုက်ပျိုးရေးပညာ၊ အုတ်ဖုတ်ပညာနဲ့ ပန်းပဲဆိုင်ရာအတတ်ပညာ၊ မြို့ပြစီမံကိန်းနဲ့ အဆောက်အဦ ဆောက်လုပ်ခြင်း အတတ်ပညာတွေ ရှင်သန်တိုးတက်ထွန်းကားတာကို တွေ့ရပါတယ်။ ပျူမြို့ဟောင်းများဟာ မြန်မာနိုင်ငံမှာ အဆင့်မြင့် ယဥ်ကျေးမှု ထွန်းကားခဲ့ကြောင်းကို သက်သေပြနိုင်ပါတယ်။

ဒါကြောင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအတွက် မိမိနိုင်ငံ မိမိလူမျိုး မိမိရဲ့ ယဥ်ကျေးမှု ဓလေ့ထုံးစံတွေကို ပိုမိုအလေးထားလို စိတ်များ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ တစ်ပတ်က ဟန်လင်းမြို့ဟောင်းကို သွားရောက်စဥ်မှာ မှတ်တမ်းတင်ခဲ့တဲ့ ခရီးသွားမှတ်တမ်းများကို Power Point များဖြင့် တင်ပြခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးထံ ခွင့်ပန်ပါတယ်။ ကျွန်တော်တို့ ဒီဥစ္စာကတော့ ဟန်လင်းမြို့ရဲ့ မြို့ဟောင်းပုံ ဖြစ်ပါတယ်။ ဆေးတွေချယ်ထားတဲ့ ကျောက်မြောင်း ရှားကွဲ၊ ရှိမ္မကား၊ လှထွေး၊ မင်းချို၊ ဇီးဖြူကုန်း၊ သံဗိုလ်နဲ့ ကဘွက်ဆိုတဲ့ (၉)ဌာန ရှိပါတယ်။ ကဗွက် ဆိုတဲ့နေရာဟာ မီးတောင်ဟောင်း ဖြစ်ပါတယ်။ ဟန်လင်းနဲ့ ကျွန်တော်တို့ (၂၆)မိုင် လောက်ဝေးပါတယ်။ မီးတောင်ဟောင်းရဲ့ ပြာမိုးတွေက ကျွန်တော်တို့ ဟန်လင်းမှာရှိတဲ့ ပျူစောထီးမင်း လက်ထက် သူ့ရဲ့ ညီတော် ပြုံးမင်းနဲ့ ဖြစ်တဲ့ကိစ္စမှာ ပြာပူမိုး ရွာပြီးတော့ ဟံလင်းမြို့က ပျက်စီးသွားတယ်လို့ မှန်တမ်းရာဇဝင်ကြီးကလည်း အတိအလင်း ဆိုပါတယ်။

ဒါကတော့ အဲဒီဒေသခံ ဦးမြင့်စိုးအောင် ရဲ့ တွေ့ရှိမှု မှတ်တမ်းပါ၊ အဲဒီမှာတော့ ကျွန်တော်တို့ သီရိဓမ္မာသောကမင်းကြီး လက်ထက်က တည်တယ် ဆိုတဲ့ ရွှေဂူကြီးဘုရားမှာ ရှိတဲ့ ခေါင်းလောင်းကြီးပါ။ နှစ်ပေါင်း (၂၁၅)နှစ် ရှိပြီးတော့ မင်းကွန်းခေါင်းလောင်းကြီးထက် သက်တမ်း ရှည်ပါတယ်။

ဒီအကြောင်းကိုလည်း မနေ့ကပဲ ကျွန်တော် ကြေးမုံသတင်းစာမှာ နန္ဒမင်းလွင် ဆိုတဲ့ စာရေးဆရာ တစ်ဦးက ဖော်ပြသွားတာ ဖတ်လိုက်ရပါတယ်။ ဒါကတော့ ရွှေဂူကြီးဘုရားရဲ့ ကျွန်တော်တို့ ပုံပါ။ ဒါကတော့ ကျွန်တော်တို့ အဲဒီမှာရှိတဲ့ ကိုးပင်ဘုန်းကြီးကျောင်းမှာ ကျွန်တော်တို့ ဆရာတော်ကြီး ဦးနာဂ စုဆောင်းထားတဲ့ ကျွန်တော်တို့ ပျူခေတ်က မြေအိုးတွေ ဖြစ်ပါတယ်။ ဒါစုဆောင်းခဲ့တဲ့ ဆရာတော်ကြီး ပါ ဦးနာဂ ပါ။ ကျွန်တော်တို့ ဒါကတော့ ပြတိုက်ထဲမှာ တွေ့တဲ့ နန်းစည်းထုပ်တွေကို ရိုက်ထားတာ ဖြစ်ပါတယ်။ ဒါကတော့ ပျူခေတ်မှာ ရေးထိုးတဲ့ ပျူခေတ်စာတွေ ဖြစ်ပါတယ်။

ဒါ ပျူခေတ် အက္ခရာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာအက္ခရာတိုင်း ဗျည်း (၃၃)လုံး ရှိတာ ကိုတော့ လေ့လာမိပါတယ်။ ကျွန်တော်တို့ ကုန်းအမှတ် (၂၆) ဖြစ်ပါတယ်။ ကျွန်တော်တို့ ရွှေဂူကြီးဘုရားရဲ့ မြောက်ဘက်မှာ ရှိပါတယ်။ ဒါကတော့ ရွှေဂူကြီး ဘုရားထဲမှာရှိတဲ့ ဟိုခေတ်က စစ်ကဲကြီးရဲ့ သားပေ့ါနော် မောင်မောင်လှိုင် နဲ့ ဒေါ်ဒေါ်ပုံ တို့ရဲ့ ကောင်းမှုဆိုတဲ့အတိုင်း ရှေးဟောင်း အဆောက်အဦပဲ ဖြစ်ပါတယ်။ ဒါကတော့ ဦးမြင့်စိုးအောင် က တွေ့ဆုံမေးမြန်းတဲ့ ဦးမြင့်စိုးအောင် ဖြစ်ပါတယ်။ အဲဒီက ဝန်ထမ်းဟောင်းတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကတော့ စောစောက ကျွန်တော် တင်ပြတဲ့ ဆရာတော် ဦးနာဂ အထိမ်းအမှတ် ဆောက်ထားတဲ့ ကိုးပင်ဘုန်းကြီးကျောင်းရဲ့ ဟန်လင်း ပျူယဥ်ကျေးမှု ပြတိုက် ဖြစ်ပါတယ်။ ဒါကတော့ မြေအိုးမြေခွက်များ ဖြစ်ပါတယ်။ ဒါကတော့ အဲဒီမှာတွေ့တဲ့ ကျွန်တော်တို့ ပျားထွက်တဲ့ ပျားသလက် ဖြစ်ပါတယ်။

ဒါကတော့ ပျူခေတ်က မြေဆေးတံတွေ ဖြစ်ပါတယ်။ မြေဆေးတံတွေပါ ဒါကတော့ ကျောက်ဖြစ်နေတဲ့ လူရဲ့ တင်ပဆုံပိုင်း ဖြစ်ပါတယ်။ ဒါကတော့ ပျူခေတ်သုံး ဒင်္ဂါးတွေပါ သိရိဝစ္ဆပုံ ငွေသားအစစ်နဲ့ သွန်းလုပ်တဲ့ ဒင်္ဂါးတွေ ဖြစ်ပါတယ်။ ဒါကတော့ ပျူခေတ်လက်ရာ ကျောက်ပုတီးများ ဖြစ်ပါတယ်။ ဒါတွေက ပျူတွေရဲ့ လက်မောင်း အနေအထားပါ။ လက်ကြပ်ဝတ်ဆင်ထားတဲ့ ပုံလို့ သိရပါတယ်။ ဒါတော့ ကျောက်လက်နက်တွေပါ။ ဒါတော့ ယဥ်ကျေးမှု ပြတိုက်ထဲမှာရှိတဲ့ Side Plan ကိုပါ သံခေတ် လက်ရာတွေ ဖြစ်ပါတယ်။ ဒါကတော့ ပျူတွေရဲ့ အရိုးအိုးတွေ ဖြစ်ပါတယ်။ ဒါတော့ ပျူခေတ်က ရွှေဆွဲပြားလို့တော့ ပြထားတာ တွေ့ရပါတယ်။ ဒါတော့ ပျူခေတ်က သုံးတဲ့ ငွေထည် ပစ္စည်း ဗိဿနိုး အသုံးအဆောင်တွေ ဖြစ်ပါတယ်။ ပျူခေတ် သရေခေတ္တရာခေတ်နဲ့ ဟန်လင်းခေတ်က အရိုးအိုးပုံစံ အမျိုးမျိုး ဖြစ်ပါတယ်။

ဒါတော့ ရွှေဂူကြီးဘုရားမှာ မြောက်ဘက်မှာရှိတဲ့ ကုန်းအမှတ် ၂၆ ဖြစ်ပါတယ်။ ဒီဟာကတော့ မြေပြင်ကနေ (၁၂)ပေနဲ့ (၁၈)ပေ အနက်မှာ တူးဖော်တွေ့ရှိတဲ့ ခေတ်အဆက်ဆက်က ခု တွေ့ရတဲ့ အိုးတွေကတော့ ဒါ အရိုးအိုးတွေ ဖြစ်ပါတယ်။ အောက်မှာတော့ မြောက်ဘက်ကို ခေါင်းပြုပြီးတော့ အမျိုးသား၊ အမျိုးသမီးများရဲ့ ရုပ်အလောင်းတွေ တချို့ကလည်း ပြာဓာတ်တွေကြောင့် တစ်ဝက်တစ်ပျက် ကျောက်ဖြစ်နေတာလည်း တွေ့ရှိရပါတယ်။ ရုပ်အလောင်းတွေကို မြှုပ်နှံထားတဲ့ပုံ ဖြစ်ပါတယ်။ အရိုးအိုးတွေ ဖြစ်ပါတယ်။ ဒါတော့ သေဆုံးသူများနဲ့ အတူထည့်ပြီး မြှုပ်နှံထားတဲ့ ကျွန်တော်တို့ မြေအိုးမြေခွက်တွေ အသုံးအဆောင်ပစ္စည်းတွေ ဖြစ်ပါတယ်။

ဒါတော့ ကျွန်တော်တို့ အပေါ်ကနေလှမ်းမြင်ရတဲ့ မြောက်ဘက်ကို ခေါင်းပြုပြီးတော့ မြှုပ်နှံထားတဲ့ ရုပ်အလောင်းများ ရုပ်ကြွင်းတွေ အရိုးစုတွေ ဖြစ်ပါတယ်။ ဒီလက်ရာတွေကလည်း လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀၀၀)ကနေ (၅၀၀၀)ကြား ရှိတယ်ဆိုတော့ ကျွန်တော်တို့ နှစ် ၃၀၀၀ ရှိတဲ့

ပိရမစ်တွေရဲ့ သက်တမ်းတွေက ကျော်လွန်နေတယ်လို့ မှန်းဆရပါတယ်။ ဒါကတော့ ဟန်လင်း မြို့ဟောင်းကို ဝင်တဲ့ မြို့ဝင်ပေါက်ကြီးတွေ ရှိပါတယ်။ ဒီလို မြို့ဝင်ပေါက်ကြီးတွေ (၇)ခု ရှိတယ်လို့တော့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြည်သူတစ်ရပ်လုံးနဲ့ နှောင်းလူတွေ မိမိရဲ့ ယဉ်ကျေးမှုကို တန်ဖိုးထားပြီးတော့ စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်နိုင်စေဖို့အတွက် ပျူမြို့ဟောင်းများရဲ့ အကြောင်းအရာများနဲ့ သမိုင်းဝင်ပုံများကို သိရှိတွေ့မြင်လိုပါကြောင်း ပြည်သူများ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား စရာ ကျန်ရင်လည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၈။**

**ဦးသန်းဆွေ (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် အမျိုးသား လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ ရှင်းလင်းဆွေးနွေးနိုင်ရန် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း မေးမြန်းတဲ့ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ၊ ပျူမြို့ဟောင်းများ၏ အကြောင်းအရာ များ သမိုင်းဝင်ပုံများပါ သိရှိတွေ့မြင်လိုခြင်း မေးခွန်းနဲ့ ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ၊ ပျူမြို့ဟောင်းများ၏ အကြောင်းအရာများ သမိုင်းဝင်ပုံများပါ သိရှိတွေ့မြင်လိုခြင်းနဲ့ စပ်လျဉ်း၍ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ပျူမြို့ဟောင်းများနဲ့ အကြောင်းအရာများကို ကျွန်တော်တို့ ဌာနက စာအုပ်တွေ ရှိပါတယ်။ ပုံတွေလည်း ပါ ပါတယ်။ ဦးစောမော်ထွန်း ယခု ပြသွားတဲ့ ပုံလောက်တော့ အသေးစိတ် မပါ ပါဘူး။ အဲဒီစာအုပ်တွေ ရှိပါတယ်။

ဒါပေမဲ့ အခုအခါမှာတော့ ဒီပျူမြို့ဟောင်း(၃)မြို့ အကြောင်းအရာများနဲ့ ပတ်သက်လို့ စာအုပ်အဖြစ် ထုတ်ဝေနိုင်ရန် ရေးသားပြုစုဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ခုနက ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် အနေနဲ့ အသိအမှတ်ပြုပြီးတဲ့ နောက်မှာတော့ ကျွန်တော်တို့ဟာ အကြောင်းအရာများနဲ့ ဓာတ်ပုံစာအုပ် ထုတ်ဝေဖို့ လုပ်နေပါတယ်။ ဒီအစိုးရအဖွဲ့ကို မတင်ပြရသေးတဲ့အတွက် ဒါ ထုတ်ဝေခြင်း မပြုရသေးပါဘူး။ ဒါကြောင့် လေ့လာနိုင်ရေးအတွက် စာအုပ်ထုတ်ဝေပြီးတဲ့အခါမှာ ဖြန့်ဖြူးပေးသွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

**လာမည့် ၂၀၁၅ ရွေးကောက်ပွဲ ပြင်ဆင်ချိန် ကာလတွင် ကော်မရှင်အဖွဲ့ဝင်များအား ထိုက်သင့်သော အခကြေးငွေများထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က လာမည့် ၂၀၁၅ ရွေးကောက်ပွဲ ပြင်ဆင်ချိန်ကာလတွင် ကော်မရှင်အဖွဲ့ဝင်များအား ထိုက်သင့်သော အခကြေးငွေများ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ အောက်ပါ မေးခွန်းများကို မေးမြန်းသွားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆိုလျှင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ နီးလာပြီဖြစ်ပါတယ်။ ရွေးကောက်ပွဲ နီးလာသည်နှင့်အမျှ ရွေးကောက်ပွဲ ရပ်ကွက်/ ကျေးရွာ ကော်မရှင် အဖွဲ့များလည်း အလုပ်များလည်း များလာပါတယ်။ ရွေးကောက်ပွဲ မကျင်းပမီ နှင့် ကျင်းပပြီးကာလ အတွင်း ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ဝင်များကို လူပင်ပန်း၊ စိတ်ပင်ပန်း ကြပါတယ်။ ထို့ကြောင့် ရွေးကောက်ပွဲ ပြင်ဆင်ကာလတွင် ထိုက်သင့်သော အခကြေးငွေ ထုတ်ပေးမည့် အစီအစဉ် ရှိ၊ မရှိ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ထုတ်ပြန်ပေးမည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၂။**

**ဦးဝင်းကို (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ တက်ရောက်လာကြတဲ့ ဧည့်သည့်တော်များ အားလုံးမင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့မေးခွန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကိုယ်စား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကျွန်တော် ဦးဝင်းကို က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကတော့ ယခုဆိုလျှင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ နီးလာပြီ ဖြစ်ပါတယ်။ ရွေးကောက်ပွဲ နီးလာသည်နှင့်အမျှ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များလည်း အလုပ်များ လာပါကြောင်း ရွေးကောက်ပွဲ မကျင်းပမီနဲ့ ကျင်းပပြီး ကာလအတွင်း ကော်မရှင် အဖွဲ့ဝင်များ

လူပင်ပန်း စိတ်ပင်ပန်းဖြစ်ကြရပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲပြင်ဆင်ကာလတွင် ကော်မရှင်အဖွဲ့ဝင်များအား ထိုက်သင့်သော အခကြေးငွေများ ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးနိုင်ထွန်းအုံ ရဲ့ မေးခွန်း ကဲ့သို့ အလားတူ အဓိပ္ပာယ် သက်ရောက်တဲ့ မေးခွန်းများကိုလည်း ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ပြည်သူ့လွှတ်တော်မှာ နှစ်ကြိမ်၊ ကျွန်းစုမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ နဲ့ ဒဂုံမြို့နယ် (အရှေ့ပိုင်း) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်သူ တို့ရဲ့ မေးခွန်းများကိုလည်းကောင်း အမျိုးသားလွှတ်တော် မှာတစ်ကြိမ်၊ ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၃) လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံမင်း ရဲ့ မေးခွန်းတွေမှာ ဖြေဆိုခဲ့ပြီးဖြစ်ကြောင်းဦးစွာ တင်ပြလိုပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေနဲ့ ၂၀၁၀ ပြည့်နှစ်၊ ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲကိုလည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ ဧပြီလ - ရက်နေ့မှာ ကြားဖြတ်ရွေးကောက်ပွဲကို လည်းကောင်း ကျင်းပပေးခဲ့ပါတယ်။ အဲဒီလို ကျင်းပပေးတဲ့အခါမှာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ (ဂ) အရ အများယုံကြည်လေးစားခြင်း ခံရတဲ့ ပုဂ္ဂိုလ်(၆)ဦး၊ ဌာနဆိုင်ရာဝန်ထမ်း (၉)ဦးတို့နဲ့ ဖွဲ့စည်းထားတဲ့ တိုင်းဒေသကြီး ပြည်နယ်အဖွဲ့ခွဲများ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ခွင့်ရဒေသ ခရိုင်နဲ့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းပြီးတော့ အဲဒီကော်မရှင် အဖွဲ့ခွဲများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါတယ်။ အဆိုပါ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရဲ့ ဥက္ကဋ္ဌအပါအဝင် အများယုံကြည် လေးစားခြင်း ခံရသော ပုဂ္ဂိုလ် (၆)ဦးတို့ဟာ စတင် တာဝန်ထမ်းဆောင်တဲ့အချိန်ကစလို့ ယနေ့အချိန်ထိ လစာစရိတ် ချီးမြှင့်ငွေများ ရရှိခြင်းမရှိဘဲ စေတနာ့ဝန်ထမ်းသာ တာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပါတယ်။ ကျင်းပ ပြီးစီးခဲ့တဲ့ ရွေးကောက်ပွဲအတွေ့အကြုံများ အရ ရွေးကောက်ပွဲများ ကျင်းပပြီးစီးခဲ့သော်လည်း ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ဟာ လုပ်ငန်းတာဝန်များ ပြီးဆုံးခြင်း မရှိသေးဘဲ ပါတီများကြီးကြပ်ရေးကိစ္စ အပါအဝင် ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လုပ်ကိုင် နေရပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖွဲ့ဝင်များအားလုံးအနေနဲ့လည်း ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်မှာပါဝင်တဲ့ အများယုံကြည် လေးစားခြင်း ခံရတဲ့ပုဂ္ဂိုလ် (၆)ဦးအတွက် လစာ သို့မဟုတ် လစဉ်ထောက်ပံ့ကြေးများ ချီးမြှင့်ထောက်ပံ့လိုတဲ့ဆန္ဒ ရှိပါတယ်။

သို့ရာတွင် ထုတ်ပြန်ပြဋ္ဌာန်းထားတဲ့ ဥပဒေ နည်းဥပဒေများ မရှိတဲ့အတွက် လောလောဆယ်မှာ လစဉ် ထောက်ပံ့ကြေးများ ထောက်ပံ့ရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားလိုပါတယ်။ ဒါပေမဲ့ အဲဒီလို လစဉ် ထောက်ပံ့ကြေးများ ထောက်ပံ့ပေးနိုင်ခြင်း မရှိသော်လည်း လုပ်ငန်းဆောင်ရွက်ရာမှာ အမှန်ကုန်ကျတဲ့ ခရီးစရိတ်များ ထောက်ပံ့ပေးခဲ့တဲ့အပြင် အစည်းအဝေးကာလများနဲ့ ကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်သို့ ခရီးထွက်ခွာရတဲ့ ရက်များမှာလည်း ကော်မရှင်က သတ်မှတ်ပေးထားတဲ့ နေ့ရက်ထက် မပိုစေဘဲ အစည်းအဝေးထိုင်စရိတ် တစ်နည်းအားဖြင့် နေ့တွက်စရိတ်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ တစ်ဦးလျှင် ကျပ် (၅၀၀၀)နှုန်း ခရိုင်နဲ့ မြို့နယ်အဖွဲ့ခွဲဝင် တစ်ဦးလျှင် ကျပ် (၃၀၀၀)နှုန်းနဲ့ ထုတ်ယူခံစားခွင့် ပြုထားပါတယ်။ ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ

အတွက်ကတော့ ဆန္ဒမဲပေးခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရတဲ့ မဲပေးတဲ့ နေ့တစ်နေ့ အတွက်သာ တစ်ဦးလျှင် ကျပ် (၃၀၀၀)နှုန်း ထုတ်ယူခံစားခွင့်ပေးနိုင်တဲ့ အခြေအနေ ရှိပါတယ်။

အခုနောက်ပိုင်းအခြေအနေမှာတော့ ယင်းကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ရဲ့ နေ့တွက်စရိတ်တွေကို ခေတ်ကာလနဲ့ လျော်ညီစွာ နှုန်းထားများ ပြင်ဆင်သတ်မှတ်ဖို့ လိုအပ်လာတဲ့အတွက် သက်ဆိုင်ရာ ငွေစာရင်း ခေါင်းစဉ်အလိုက် ဘတ်ဂျက်များ တိုးမြှင့်တောင်းခံပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှာ ရုံးလုပ်ငန်းများကိုလည်း ကျွန်တော်တို့ ဗဟိုရုံးကဲ့သို့ အမြဲတမ်းဝန်ထမ်းများ ခန့်ထားဆောင်ရွက်ဖို့ ဖွဲ့စည်းပုံ တင်ပြဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေ ရရှိတဲ့အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ် ကော်မရှင်အဖွဲ့ခွဲရုံး(၉)ရုံး၊ ၂၀၁၃ ခုနှစ် ဧပြီလမှာ ဌာနကူးပြောင်း တာဝန်ရောက်ရှိလာတဲ့ အရာထမ်းများနဲ့ စတင် ဖွဲ့စည်းခဲ့ပြီးတော့ ခုချိန်မှာတော့ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်ခွဲများနဲ့ တွဲဖက်ပြီး ရုံးလုပ်ငန်း များကို ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာတော့ တိုင်းဒေသကြီး၊ ပြည်နယ် ကော်မရှင် အဖွဲ့ခွဲရုံး (၁၄)ရုံးစလုံးကို ဝန်ထမ်းများ ခန့်ထားနိုင်ခဲ့ပြီးတော့ ခရိုင်ကော်မရှင် အဖွဲ့ခွဲရုံးများကိုလည်း စတင်ဖွဲ့စည်းဆောင်ရွက်နေပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စပြီးတော့ မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ရုံးများကိုလည်း ဆက်လက်ဖွဲ့စည်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်တွေမှာ ရုံးဖွဲ့စည်းပုံနဲ့ ဘဏ္ဍာငွေ ခွင့်ပြုချက် ရရှိတဲ့အတွက် ဝန်ထမ်းများ ခန့်အပ်ပြီး လုပ်ငန်းများဆောင်ရွက်နိုင်တဲ့နည်းတူ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနဲ့ အများယုံကြည် လေးစားခြင်း ခံရသော အဖွဲ့ဝင်(၆)ဦးအတွက် ထိုက်သင့်တဲ့လစာ ဒါမှမဟုတ် ပေးနိုင်ရေးကိုလည်း စဉ်းစားဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ တိုင်းဒေသကြီးအဆင့်ကနေပြီးတော့ ရပ်ကွက်/ကျေးရွာအဆင့်ထိ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်တဲ့ အများယုံကြည် လေးစားခြင်းခံရတဲ့ပုဂ္ဂိုလ်များ အပြင် မဲရုံများမှာ တာဝန်ထမ်းဆောင်တဲ့ မဲရုံအဖွဲ့ဝင် ဝန်ထမ်းများကိုလည်း ထိုက်သင့်တဲ့ ထောက်ပံ့ကြေး များ ထောက်ပံ့ပေးသင့်သည်ကို အဲဒီလို လစာ ဒါမှမဟုတ် လစဉ် ထောက်ပံ့ကြေးပေးနိုင်ရေးအတွက် တိုင်းဒေသကြီး ပြည်နယ်အဆင့်မှ မြို့နယ်အဆင့်ထိ ပထမအဆင့် လျာထားကြည့်ခဲ့ရာမှာ တိုင်းဒေသကြီး ပြည်နယ်အဆင့် ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့်များမှာ တာဝန်ထမ်းဆောင်တဲ့ ဌာနဆိုင်ရာဝန်ထမ်းများရဲ့ လစာနှုန်းထားနဲ့ နှိုင်းယှဉ်ပြီးတော့ စဉ်းစားခဲ့ပါတယ်။ တိုင်းဒေသကြီး ပြည်နယ်အဆင့်မှာ တစ်ဦးလျှင် တစ်လ(၂)သိန်းကျပ်နှုန်းဖြင့်လည်းကောင်း၊ ခရိုင်အဆင့်မှာ တစ်လတစ်သိန်းခွဲ ကျပ်နှုန်းဖြင့် လည်းကောင်း၊ မြို့နယ်အဆင့်မှာ တစ်လ တစ်သိန်းကျပ်နှုန်းဖြင့် လည်းကောင်း အခြေခံလျာထားပြီးတော့ ခန့်မှန်း တွက်ချက် ကြည့်ခဲ့ပါတယ်။

အဲဒီလို လျာထားတွက်ချက်မှုများအရ ကော်မရှင် အဖွဲ့ခွဲတွေကို လစဉ်ထောက်ပံ့ ပေးမည် ဆိုပါက တိုင်းဒေသကြီး ပြည်နယ် (၁၄)ခုမှာ တာဝန်ထမ်းဆောင်နေတဲ့ ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ နဲ့ အဖွဲ့ဝင်ပေါင်း (၆)ဦး တိုင်းဒေသကြီးနဲ့ ပြည်နယ် (၁၄)ခုတို့ဆိုရင် (၈၄)ဦးအတွက် ငွေကျပ် (၁၆.၈) သန်း နေပြည်တော် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ ခရိုင် (၇၃)ခုတို့မှာ တာဝန် ထမ်းဆောင်နေတဲ့ ကော်မရှင်အဖွဲ့ခွဲနဲ့ ဥက္ကဋ္ဌ (၆)ဦး၊ ပေါင်း (၄၃၈)အတွက် ငွေကျပ် (၆၅.၇)သန်း မြို့နယ် (၃၃၀)ဦးမှာ တာဝန်ထမ်းဆောင်နေတဲ့ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ နဲ့ အဖွဲ့ဝင် (၆)ဦးစီအတွက် ပေါင်း

(၁၉၈၀)ဦးအတွက် ငွေကျပ် (၁၉၈)သန်း ဖြစ်တဲ့အတွက် လစဉ် စုစုပေါင်း (၂၈၀.၅)သန်းခန့် ကုန်ကျမှာ ဖြစ်ကြောင်း တွက်ချက်တွေ့ရှိရပါတယ်။ ဘဏ္ဍာနှစ်နဲ့ဆိုရင်တော့ တစ်နှစ်မှာ (၃၃၆၆)သန်းခန့် ကုန်ကျမှာ ဖြစ်ကြောင်းလည်း တွေ့ရပါတယ်။

ဒါကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေ အရ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဦးရေကို လျှော့ချပြီး ဆောင်ရွက်မယ်ဆိုလို့ရှိရင် တစ်ဦးလျှော့ချ ဖွဲ့စည်းလျှင် ကျပ်(၅၆၁)သန်းစီ လျှော့နည်းသွားနိုင်မှာ ဖြစ်တဲ့အတွက် အနည်းဆုံး ကော်မရှင်အဖွဲ့ခွဲဝင် (၃)ဦးစီနဲ့ပဲ ဖွဲ့စည်းမယ်ဆိုလို့ ရှိရင်တော့ တစ်နှစ်မှာ နိုင်ငံတော်က ကျပ်သန်းပေါင်း (၁၆၈၃)သန်းသာ ကုန်ကျနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတကာ ရွေးကောက်ပွဲများကိုလေ့လာတဲ့အခါမှာ ရွေးကောက်ပွဲကာလ အတွင်းမှာ မဲရုံဝန်ထမ်း မဲရုံအဖွဲ့များကိုလည်း နေ့စဉ်ထောက်ပံ့ကြေးများ ထုတ်ပေးနေတာ တွေ့ရပါတယ်။ မိမိတို့ နိုင်ငံရဲ့ ကျင်းပပြီးစီးခဲ့တဲ့ ရွေးကောက်ပွဲတွေမှာတော့ မဲရုံမှာ တာဝန်ထမ်းဆောင်ကြတဲ့ မဲရုံအဖွဲ့ဝင်တွေကို မဲပေးတဲ့နေ့ တစ်ရက်အတွက်သာ တစ်ဦးလျှင် (၁၀၀၀)ကျပ်နှုန်း ထောက်ပံ့ပေးခဲ့ကြောင်း တွေ့ရပါတယ်။ ပြည်ပ နိုင်ငံအချို့ ဥပမာအားဖြင့် အာဆီယံနိုင်ငံထဲက ကမ္ဘောဒီးယားမှာဆိုရင် မဲရုံမှူးကို ရွေးကောက်ပွဲ ကာလ အတွင်း တစ်ရက်ကို (၂၅)ဒေါ်လာနှုန်း ထောက်ပံ့ပေးတာ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံမှာလည်း အာဆီယံစံနှုန်းနဲ့ညီညွတ်အောင် ထိုက်သင့်တဲ့ ထောက်ပံ့ကြေးကို တိုးမြှင့်ထောက်ပံ့ ပေးသင့်တာလည်း တွေ့ရပါတယ်။

လက်ရှိအခြေအနေမှာတော့ အများယုံကြည် လေးစားခြင်းခံရတဲ့ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များအား လောလောဆယ် လစဉ်ချီးမြှင့်ငွေ ထောက်ပံ့ပေးရန် အစီအစဉ် မရှိသေးကြောင်း ဖြေကြားလိုပါတယ်။ ယင်းတို့ကို ထိုက်သင့်တဲ့လစဉ် ထောက်ပံ့ငွေနဲ့ မဲရုံအဖွဲ့ဝင်များကိုလည်းပဲ ထိုက်သင့်တဲ့ ထောက်ပံ့ကြေးများ တိုးမြှင့်ထောက်ပံ့ပေးနိုင်ဖို့ ဥပဒေတစ်ရပ် ပြဋ္ဌာန်းပြီး ချီးမြှင့်နိုင်ရေး အတွက် လွှတ်တော်များတွင် တိုက်တွန်းအဆိုပြုလာပါက ကျွန်တော်တို့ ကော်မရှင်အနေနဲ့ သက်ဆိုင်ရာ လွှတ်တော် ကော်မတီများ ဌာနဆိုင်ရာများနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလို ဥပဒေ ထုတ်ပြန်ပြဋ္ဌာန်းပေးနိုင်ရင်တော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဥပဒေနဲ့အညီ ထောက်ပံ့ ပေးနိုင်ရေး ဘဏ္ဍာငွေများ တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၁၃)နာရီတွင် ရပ်နားပြီး (၁၁း၂၈)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၂၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပြီးလည်း ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ခေါင်းစဉ် ပြင်ဆင်ချက်

ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်       ။)

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၂

၂။ ကာလစည်းကမ်းသတ် အက်ဥပဒေတွင် ပယ်ဖျက်ထား သော ပုဒ်မ ၁ ကို အောက်ပါပုဒ်မ ၁ ဖြင့် အစားထိုးရမည်-

1. This Act shall extend to the whole of the Republic of the Union of Myanmar. ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ဖြည့်စွက်ချက် - အပိုဒ် ၃

၃။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၅ ရှင်းလင်းချက်တွင် ပါရှိသော the High Court ဆိုသည့် စကားရပ်ကို the Supreme Court of the Union, a High Court of the Region or a High Court of the State or a District Court ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၃ ဖြည့်စွက်ချက် အတည်ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်-

အပိုဒ် ၄(က)(ခ)(င)(စ)

၄။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား၊ ပထမပိုင်း၊ ဒုတိယပိုင်းနှင့် တတိယပိုင်းတို့တွင်-

(က) အပိုဒ် ၁ ကို ပယ်ဖျက်ရမည်။

(ခ) အပိုဒ် ၁၅၂ နှင့် အပိုဒ် ၁၅၃ တို့၌ ပါရှိသော the District Court ဆိုသည့် စကားရပ်ကို a Court of the Self-Administered Division, a Court of the Self-Administered Zone or a District Court ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) အပိုဒ် ၁၅၂-က နှင့် အပိုဒ် ၁၅၄ တို့၌ပါရှိသော the State or Divisional Court ဆိုသည့် စကားရပ်ကို a High Court of the Region or a High Court of the State ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

(င) အပိုဒ် ၁၆၂ နှင့် ၁၈၃ တို့တွင် ပါရှိသော the High Court ဆိုသည့် စကားရပ်ကို a High Court of the Region or a High Court of the State ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) အပိုဒ် ၁၇၃ တွင် ပါရှိသော article 161 and ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၄(က)(ခ)(ဂ)(ငြ)(စ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(က)(ခ)(ဂ)(င)(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဗိုလ်ချုပ်ကျော်ညွန့် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ရဲ့ကိုယ်စား စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေအား ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရန် စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲရာမှာ မှန်မှန်ကန်ကန် တိတိကျကျဖြစ်စေရန်ကို ရည်ရွယ်ပြီးတော့ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်ကနေပြီးတော့ စဉ်းစားဆွေးနွေးပေးပါရန် လေးစားစွာဖြင့် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၃၉။**

**ဗိုလ်မှူးဇဝန၊ တပ်မတော်သားကိုယ်စားလှယ်။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တင်သွင်းသွားတဲ့ စစ်ဘက်ရာထူးနဲ့ အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေး စဉ်းစားရန်အဆိုအား ကျွန်တော် ပြန်တမ်းဝင် အမှတ် ကြည်း - ၂၃၀၄၈ ဗိုလ်မှူးဇဝန မှထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စစ်ဘက်ရာထူးနှင့် အဆင့်အခေါ် အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံ ဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကိုကန့်သတ်သည့် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် သင့် မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် စစ်ဘက်ရာထူးနှင့်အဆင့် အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့်

လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကိုဖော်ပြ လက်မှတ်ရေးထိုးပြီး ၃၀-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး ချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ဖြစ်လာသော မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံ ပြည်သူလူထု ပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းထားသည့် မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ဖြစ်လာသော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထုပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၂။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး နှင့် တကွ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ကျွန်တော့်အနေနဲ့ ဤနေရာမှ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ အခု ကျွန်တော်တို့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁) မှ ဦးခက်ထိန်နန်ရဲ့ မူးယစ်ဆေးဝါးနဲ့စပ်လျဉ်းပြီးတော့ တရားမဝင် အလွဲသုံးစားပြုမှု၊ ရောင်းဝယ်မှု၊ နောက်ပြီးတော့ ကျွန်တော်တို့ စိုက်ပျိုးမှုနဲ့ စပ်လျဉ်းပြီး ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် ဤကဲ့သို့ထောက်ခံဆွေးနွေးရခြင်းမှာ ဒီမူးယစ်ဆေးဝါးဟာ ကမ္ဘာတစ်ခုလုံးရဲ့ မိသားစုတွေကို ခြိမ်းခြောက်တဲ့အပြင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်းပဲ အင်မတန် ရှုပ်ထွေး ပွေလီတဲ့ ကိစ္စများတွေကို ကျွန်တော်တို့အများကြီး ကြုံတွေ့နေရတာကိုကျွန်တော်တို့ လေ့လာတွေ့ရှိနေ ရပါတယ်။

အဲဒီတော့ မြန်မာနိုင်ငံမှာရှိတဲ့ မိသားစုများအားလုံးလည်း ဒီမူးယစ်ဆေးဝါး တနေ့တခြား ကြီးထွားလာမှုအပေါ်မှာ မူတည်ပြီးတော့ မိသားစုတိုင်းပူပန်သောက ရောက်လျက်ရှိနေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးဟာ အမှန်မူလအားဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စိုက်ပျိုးခြင်း၊ မတရား အလွဲသုံးစားရောင်းဝယ်ခြင်း စသည့်အခြေအနေများအားလုံးဟာ ပုဂံမင်းလက်ထက်အထိ ဆောင်ရွက်နေတာကိုကျွန်တော်တို့ မတွေ့ရှိရကြောင်း လေ့လာသိရှိတဲ့ အကြောင်း တင်ပြလိုပါတယ်။

ဒါပေမဲ့ မူးယစ်ဆေးဝါးဟာ မြန်မာနိုင်ငံထဲကို ရောက်ရှိလာတဲ့နောက်ပိုင်းမှာ မြန်မာမိသားစုတွေဟာ မြောက်မြားစွာသော ရှုပ်ထွေးမှုတွေကို ကြုံတွေ့နေရတာကို တွေ့ရှိရတဲ့အတွက်ကြောင့် ကျွန်တော်ကိုယ်တိုင် အပါအဝင် ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးလည်း ခံစားနေမိမှာဖြစ်ပါတယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီမူးယစ်ဆေးဝါးတွေကို နည်းအမျိုးမျိုး၊ နည်းအဖုံဖုံနဲ့ တိုက်ဖျက်မှုများပြုသော်လည်း ဒီမူးယစ်ဆေးဝါးရဲ့ အနေအထားဟာ တစ်နေ့တခြား ကျယ်ပြန့်လာပြီးတော့ ကြီးထွားလာတာကို တွေ့ရှိရတဲ့အခါမှာ ကျွန်တော်ကိုယ်တိုင်ကပဲ အံ့သြလျက်ရှိပါတယ်။ အဲဒီတော့ မူးယစ်ဆေးဝါးရဲ့ သမိုင်းကြောင်းလေးကို နည်းနည်းလေ့လာကြည့်ရမယ်ဆိုရင် မူးယစ်ဆေးဝါးဟာ လေ့လာသိရှိရသလောက် လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀၀၀) လောက်က ဆူမြူရန်း ဒေသက တွေ့ရှိတယ်လို့လည်း သိရှိရပါတယ်။ အဲဒီနောက်ပိုင်းမှာ အီဂျစ်တို့၊ ဂရိတို့ စသည်နေရာမှတစ်ဆင့် အာရှမိုင်းနားကိုဖြတ်ပြီးတော့ ဒီ အန္ဒိယတို့၊ တရုတ်နိုင်ငံတို့ကို ရောက်ရှိလာတယ်။ ကျွန်တော်တို့နိုင်ငံမှာ ခုန ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း ပုဂံမင်းလက်ထက်မှာအထိ စိုက်ပျိုးတာကို မတွေ့ရှိရသော်ငြားလည်းပဲ ဗဒုံမင်းတို့၊ ကျွန်တော်တို့ ကုန်းဘောင်ခေတ်တို့ ရောက်ရှိလာတဲ့အခါမှာ ဒီမူးယစ်ဆေးဝါးတွေကို မသုံးစွဲဖို့၊ ရောင်းဝယ်ဖောက်ကားခြင်းမပြုဖို့ ကျွန်တော်တို့ မြန်မာမင်းတွေက တားမြစ်ခဲ့တာတွေကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

အထူးသဖြင့် ကျွန်တော်တို့ ကုန်းဘောင်မင်းလက်ထက် ရောက်ရှိလာတဲ့အချိန်မှာ ဒီ မူးယစ်ဆေးဝါးတွေနဲ့ စပ်လျဉ်းပြီးတော့ မသုံးစွဲဖို့ ပြည်သူများတွေကို သတိပေးတားမြစ်တဲ့အပြင် အစိုးရ အရာရှိ၊ အရာထမ်း အဲဒီအချိန်တုန်းက မင်းမှု မင်းထမ်းများတွေကိုပါ တားမြစ်နေတာကိုလည်း ကျွန်တော်တို့ ရာဇဝင်သမိုင်းအရ လေ့လာသိရှိရပါတယ်။ အဲဒီတော့ ဒီအချိန်က ဒီလိုတားမြစ်သော်ငြားလည်း မူးယစ်ဆေးဝါးရဲ့ အလွဲသုံးစားမှု အရှိန်က နိမ့်ကျခြင်း မတွေ့ရှိရပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ နောက်ပိုင်းရောက်လာတဲ့အချိန်မှာလည်းပဲ လွတ်လပ်ရေး မရရှိသေးခင်အချိန်အထိ နယ်ချဲ့ အင်္ဂလိပ်အစိုးရလက်ထက်က ဒီမူးယစ်ဆေးဝါးတွေ ကျွန်တော်တို့ နိုင်ငံအတွင်းဟာ တရိပ်ရိပ်နဲ့ ပိုမိုများပြားပြီးတော့ ဝင်လာတယ်။ အဲဒါက အာရပ်ကုန်သည်များ သယ်ဆောင်လာခြင်းမှ ဖြစ်ပေါ်လာတဲ့အရာလို့ပဲ ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ ကျွန်တော်တို့သည် မူးယစ်ဆေးဝါး များတွေက ဒီ အင်္ဂလိပ်လက်ထက်မှာလည်းပဲ ဥပဒေကို ပြဋ္ဌာန်းပြီးတော့ တားမြစ်ခဲ့ပါတယ်။

ဥပမာ - ၁၉၀၉ ခုနှစ်က ဘိန်းဥပဒေ အက်ဥပဒေကို ပြဋ္ဌာန်းခဲ့တယ်။ ၁၉၃၀ ခုနှစ်ရောက်ရှိလာတဲ့အချိန်မှာလည်းပဲ အန္တရာယ် မူးယစ်ဆေးဝါး အက်ဥပဒေကို ပြဋ္ဌာန်းလာခဲ့တယ်။ နောက်ပြီးတော့ ၁၉၅၀ ခုနှစ် ဘိန်းခန်းတွေကို နှိပ်ကွပ်တဲ့ ဥပဒေတွေ ၊ နောက် ၁၉၅၅ ခုနှစ် ဆေးဝါးကုသမှုခံယူမှု ဥပဒေတွေကိုပါ ပြဋ္ဌာန်းသော်ငြားလည်းပဲ မူးယစ်ဆေးဝါးရဲ့ရှုပ်ထွေးမှုကို အရှိန်လျှော့တာတွေကို မတွေ့ရှိခဲ့ရပါဘူး။ အဲဒီတော့ ကျွန်တော်တို့ လွတ်လပ်ရေး ရလာပြီးတဲ့ နောက်ပိုင်းမှာ မြန်မာနိုင်ငံပြည်နယ်ခြားဒေသများ သူ့ရဲ့အကန့်အသတ်အလိုက် ဥပဒေတွေကို ပြဋ္ဌာန်းပြီး တားမြစ်သော်ငြားလည်းပဲ မူးယစ်ဆေးဝါးရဲ့ ရှုပ်ထွေးမှုက ခုန ကျွန်တော်တင်ပြတဲ့အတိုင်း ဆက်လက်ရှိနေဆဲ ဖြစ်ပါတယ်။ အဲဒီလို ရှိနေတဲ့ အနေအထားမှာ အထူးသဖြင့် ၁၉၆၄ ခုနှစ်နောက်ပိုင်း ၁၉၆၄ မှ ၁၉၇၄ ခုနှစ်အထိ ဆိုလို့ရှိရင် ကျွန်တော်တို့ မူးယစ်ဆေးဝါးရဲ့ အဆင့်တိုးတက်ပြီး ဆောင်ရွက်တာကို ပိုမိုကြီးထွားလာပြီးတော့ ဖောက်ကားရောင်းဝယ်မှုကလည်း ပိုမိုများပြားလာတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲဒီလို ဖြစ်လာတဲ့အချိန်မှာ ထိုခေတ် ထိုအခါ လမ်းစဉ်ပါတီခေတ်မှာ

ဒီမူးယစ်ဆေးဝါးနဲ့ပတ်သတ်ပြီးတော့ လူတွေဟာ ဒီပေါ်မှာကြောက်လန့်ပြီးတော့ အရှိန်လျှော့နည်း လာအောင် ကြီးလေးတဲ့ ဥပဒေကို ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်တဲ့ ဆေးဝါးကို ပြဋ္ဌာန်း သော်ငြားလည်းပဲ အရှိန်အဝါကတော့ နဂိုရှိတဲ့အတိုင်း ပိုနေမြဲ ကျားနေမြဲအတိုင်း တည်ရှိနေတာကို တွေ့ရှိရပါတယ်။

အဲဒီတော့ ခေတ်ပြောင်းလဲလာတဲ့အချိန်မှာ ၁၉၈၈ ခုနှစ် ကျွန်တော်တို့ရဲ့ နဝတ အစိုးရ လက်ထက်က Convention ဟာ ညှိနှိုင်းထားချက်အရ မတရားရောင်းဝယ်ဖောက်ကားမှုတွေကို မူးယစ်ဆေးဝါးတွေကို တိုက်ဖျက်ဖို့အစီအစဉ်တွေကို ဆွေးနွေးပြီးတဲ့နောက်ပိုင်းမှာ လူသားတွေက ဒီကိစ္စတွေကို ပိုပြီးတော့ သတိထားလာအောင် ရှောင်ကြဉ်လာနိုင်အောင်ဆိုပြီးတော့ ၁၉၇၄ ခုနှစ် မူးယစ်ဆေးဝါးပြစ်ဒဏ်ထက် အင်မတန်ကြီးလေးတဲ့ ပြစ်ဒဏ်ကို ပြဋ္ဌာန်းသော်ငြားလည်းပဲ လူသားတွေ က ဒီအရာကို ထည့်တွက်စဉ်းစားနေပုံမရဘူးလို့ပဲ ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။ အဲဒီတော့ မူးယစ်ဆေးဝါးဟာ ကျွန်တော်တို့ နိုင်ငံမှာ ဒီလောက် ဖြစ်လာတဲ့အခြေအနေမှာ ကျွန်တော်တို့ လေ့လာသုံးသပ်ကြည့်တဲ့အခါမှာ အင်မတန်ပဲ ဝမ်းနည်းစရာကောင်းပါတယ်။ ကျွန်တော်ကိုယ်တိုင်က မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီးတော့ လေ့လာရရုံသာမက ကျွန်တော်ကိုယ်တိုင် ဖြတ်သန်း တွေ့ကြုံနေရတဲ့ အနေအထားကိုတင်ပြရမယ်ဆိုရင် ကျွန်တော်တို့ လူငယ်များတွေကို အညွန့်တုံး စေတဲ့အပြင် လူ့ရဲ့စွမ်းအားအရင်းအမြစ်ကိုလည်း လုံးဝဖျက်ဆီးတယ်။ နောက်ပြီးတော့ မိသားစုအတွင်းမှာလည်း ပြဿနာတွေကို အလွန်ပဲ ထိရောက်စွာ ပျက်ဆီးစေတာကို လေ့လာတွေ့ရှိရပါတယ်။

အဲဒီတော့ ဘယ်လောက်အထိ ဖြစ်လာသလဲ ဆိုတာကို ပထမ မူးယစ်ဆေးဝါးစတင်ပြီးတော့ သုံးစွဲတဲ့အချိန်မှာ ပြဿနာမရှိသော်ငြားလည်းပဲ နောက်ပိုင်းဆေးဝါးသုံးစွဲမှုတွေ ပိုမိုပြီးတော့ ကြီးထွား လာတဲ့အချိန်မှာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ကလေးသူငယ်တွေက ဘာကိုမှ မကြောက်တော့ဘဲနဲ့ မိမိရဲ့ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်း ပတ်ဝန်းကျင်တွေကို ထိခိုက်စေတဲ့ အရာများတွေကို ဆောင်ရွက် လာတာကို တွေ့ရှိရပါတယ်ခင်ဗျား။ ဥပမာ - ကျွန်တော့်ရဲ့ ကိုယ်တွေ့တစ်ခု တင်ပြရမယ်ဆိုရင် ရှေ့နေ လုပ်ငန်း လိုက်ခဲ့စဉ်တုန်းက လူငယ်ကလေးတစ်ယောက်က သူ့အမေကတော့ မုဆိုးမပါ။ သူ့အမေက အင်မတန် ဖျားနာတဲ့အချိန်မှာ သူစိတ်ကောင်းတဲ့အချိန် သူ့အမေကို သူကောင်းကောင်းမွန်မွန် ပြုစုပြီးတော့ သူ့အမေကို ထိုင်ပြီးတော့ ကြည့်ပြီးတော့ သနားနေတဲ့အချိန်မှာ စိတ်ကဖောက်ပြန် လာပြီးတော့ ဓားမကြီးတစ်ခုကိုယူ သူ့အမေရဲ့လည်ပင်းကို ခုတ်ပြီးတော့ မပြတ်တဲ့ခေါင်းကို တစ်ခါတည်း စင်နှီးတုံး ပေါ်မှာ သူကထပ်ပြီးတော့ လှီးနေတာကို ကျွန်တော့်အနေနဲ့ တွေ့ကြုံခဲ့ရ ပါတယ်။ ဒီကိစ္စ တရားရုံး ရောက်ရှိလာတဲ့အချိန်မှာ ကျွန်တော်လည်း အင်မတန်ပဲ ကြေကွဲမိပါတယ်။ သြော် မူးယစ်ဆေးဝါးဟာ ဒီလောက်တောင်မှ ဆိုးသွမ်းနေပါလားလို့ ကျွန်တော့်အနေနဲ့ ဒါလေးကို စိတ်ထဲမှာ ခံစားမိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမူးယစ်ဆေးဝါးဟာ ကျွန်တော်တို့ နိုင်ငံတော် အစိုးရအနေနဲ့ အရေးယူအပြစ်ပေးတာတွေကိုလည်း ကျွန်တော်တွေ့ရှိရပါတယ်။ ဒီအပြင် နိုင်ငံတော် အစိုးရကလည်း ပြည်သူများနဲ့တကွ နောက်ကျောင်းသူကျောင်းသား အားလုံးသော ပုဂ္ဂိုလ်များတွေ သိရှိအောင်လည်း စာစောင်အားဖြင့် သော်လည်းကောင်း၊ ပိုစတာအားဖြင့်သော်လည်းကောင်း၊ ဗွီဒီယိုအားဖြင့်သော်လည်းကောင်း ပညာပေးမှုများ ပြုလုပ်နေတာကိုလည်း ကျွန်တော် တွေ့ရှိရပါတယ်။ ဒီလောက်တောင်မှ နံပါတ် (၁) ပြစ်ဒဏ်ကိုလည်း ဥပဒေပိုင်းအရ ကြီးလေးစွာပေးတဲ့အပြင် ဒီ မူးယစ်

ဆေးဝါးတွေကို ရှောင်ကြဥ်ရမယ်လို့ နိုင်ငံတော်အစိုးရက နည်းအမျိုးမျိုး၊ နည်းအဖုံဖုံနဲ့ ပညာပေး လုပ်ငန်း ဆောင်ရွက်သော်ငြားလည်း မူးယစ်ဆေးဝါးဟာ ဒီကနေ့အထိ အင်မတန် ကြောက်စရာ ကောင်းပါတယ်။ လူ့အဖွဲ့အစည်းကိုလည်းပဲ ခြိမ်းခြောက်နေဆဲ ဆိုတာကိုလည်းပဲ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲဒီအနေအထားကို ပြန်လည်ပြီးတော့ သုံးသပ်တဲ့အချိန်မှာ ကျွန်တော်တို့ မူးယစ်ဆေးဝါး ဆိုလာတဲ့အချိန်မှာ အရင်တုန်းက ကျွန်တော်တင်ပြခဲ့တဲ့အတိုင်းပဲ အရက်သေစာကအစ ပါဝင်လာတဲ့ အချိန်မှာ လူတွေရဲ့ စိတ်ဖောက်ပြန်မှုတွေ လုပ်တတ်တဲ့အရာများ ဖြစ်တာကို ကျွန်တော်တို့ တွေ့ရှိရတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဥပမာ အရက်သေစာတွေဟာ ပလူပျံနေအောင် လမ်းမှာ ချရောင်းတာတို့ အချိန်မရွေးလက်ကမ်းယူလို့ရတဲ့နေရာမှာ မြင်တွေ့ရတာတို့ ရှိကြောင်း ကျွန်တော် တင်ပြခဲ့သလို မူးယစ်ဆေးဝါးဟာလည်း ဒီကနေ့ အနေအထားအရ နိုင်ငံတော်အစိုးရက ကြီးမားစွာ တားမြစ်ထားသော်ငြားလည်းပဲ မူးယစ်ဆေးဝါးတွေကတော့ ကြီးထွားကျယ်ပြန့်ဆဲပဲ ဖြစ်ပါတယ်။ အဲဒီတော့ မူးယစ်ဆေးဝါးအပိုင်းကို ထပ်မံပြီးတော့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ လင်ပန်း ခင်းပြီးတော့ မရောင်းရုံတမယ်ပဲ။ သို့သော် သိတော့သိတယ်မမြင်စေနဲ့ အနေအထားလောက်ကိုပဲ ရှိနေတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီနေ့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁) ဦးခက်ထိန်နန်ရဲ့ နိုင်ငံတော်အစိုးရကို ထပ်မံပြီးတော့ တိုက်တွန်းတဲ့ အနေအထားဟာ ပိုပြီးတော့လေးနက်လာအောင် ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်မံပြီးတော့ တိုက်တွန်းကြောင်း ပြောကြားလိုပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ ဝင်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၄။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ကြွရောက်လာကြသော ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် ဖြစ်ပါတယ်။ ၁၈-၇-၂၀၁၄ ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့မှာ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်ရဲ့ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ ဖြစ်လာသော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထုပါဝင်၍ ဆန့်ကျင် တိုက်ဖျက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် နိုင်ငံတော်အခြေခံမူများတွင် ပုဒ်မ ၃၃ ၌ နိုင်ငံတော်

သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုး တိုးတက်ရန်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကကျပါတယ်။ နိုင်ငံတော် အနေနဲ့လည်း အနာဂတ် သား၊ မြေး၊ မြစ် မျိုးဆက်သစ်တွေအတွက် တည်ငြိမ်တဲ့အနာဂတ်ကို ရရှိနိုင်ဖို့ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဥ်များကို စဥ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါတယ်။ ပညာရေးကဏ္ဍတိုးတက်ဖို့ကိုလည်း အမျိုးသားပညာရေးဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော် မှာ ပြဋ္ဌာန်းပေးနိုင်ဖို့ ဆွေးနွေးလျက်ရှိကြပါတယ်။ ကျန်းမာကြံ့ခိုင်တဲ့ မျိုးဆက်သစ်တွေ ပေါ်ထွန်းရေး အတွက်လည်း ပြည်သူလူထုတစ်ရပ်လုံး လွှမ်းခြုံမှုရှိတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ပေါ်ထွန်းရေးကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါပေမယ့်လည်း လူသားမျိုးနွယ် တစ်ရပ် လုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိတဲ့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သုံးစွဲခြင်းတို့ကတော့ ပိုမိုများပြားလာကြောင်း တွေ့ရှိနေရ ပါတယ်။

အဆိုရှင်တင်ပြသွားသလို ဘိန်းစိုက်ပျိုးမှု ပိုမိုများပြားလာခြင်း၊ မူးယစ်ဆေးဝါးဖမ်းဆီး ရရှိမှုများကို နေ့စဥ်သတင်းစာများ၌လည်းကောင်း၊ သတင်းများမှာလည်းကောင်း အမြဲသိမြင်လေ့လာ တွေ့ရှိနေရပါတယ်။ မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ မြို့တော်တော်များများမှာလည်း မူးယစ်ဆေးဝါး သုံးစွဲမှုကို ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၊ ဝန်ထမ်းများလောကမှာ ပိုမိုတွေ့မြင်ကြားသိ နေရပါတယ်။ တချို့မိဘများဆိုလျှင် မိမိသားသမီးများ ဆေးစွဲနေတာကိုသိလျက်နဲ့ ဆေးဖြတ်ပေးဖို့ မစဥ်းစားဘဲ ကိုယ့်အိမ်မှာပင် သုံးစွဲစေလျက်ရှိကြောင်းကိုလည်း ကြားသိနေရပါတယ်။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် အဓိကတာဝန်ရှိတဲ့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် များကပါ အဖွဲ့လိုက် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် အရေးယူရတဲ့သတင်းကလည်း အလွန်ကို အံ့သြ တုန်လှုပ်စေပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို မူးယစ်ဆေးဝါးသုံးစွဲမှု အနှံ့အပြားဖြစ်ပေါ် နေခြင်းမှာ စိုက်ပျိုးထုတ်လုပ်မှု ရှိနေခြင်းကြောင့်ပဲဖြစ်ပါတယ်။ ဘိန်းစိုက်ပျိုးမှုလျော့နည်းဖို့ကလည်း ဘိန်းစိုက်ပျိုးခြင်းကရရှိတဲ့ ဝင်ငွေထက် ပိုမိုရရှိနိုင်မယ့် အစားထိုးသီးနှံစိုက်ပျိုးခြင်း၊ အခြားအိမ်တွင်း အသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်း၊ လိုအပ်သောနည်းပညာ၊ မျိုး၊ သွင်းအားစုများ၊ ချေးငွေများ၊ ဈေးကွက်များရရှိအောင် ကြပ်မတ်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီး အတွင်းကလည်း တစ်ဖက်နိုင်ငံနဲ့ နယ်နိမိတ်ခြင်း ထိစပ်နေတဲ့အတွက် စိတ်ကြွ ဆေးပြားများထုတ်လုပ်ရာမှာ သုံးရမယ့်ဆေးများကိုလည်း နယ်စပ်ဖြတ်ကျော် သယ်ဆောင်ခြင်း လုပ်ငန်းကလည်း အဓိက စီးပွားရေးလုပ်ငန်းတစ်ခုလို ဖြစ်နေပါတယ်။ သက်ဆိုင်ရာ ခရိုင်အဆင့်၊ မြို့နယ်အဆင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အဓိကပါဝင်ပတ်သက်ခဲ့လို့လည်း အထူးတာဝန်တစ်ရပ် အနေနဲ့ ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်းလည်း သိရှိပြီးဖြစ်ပါတယ်။ နယ်စပ်မြို့ရဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကလည်း ဒီလိုဆေးဝါးများ တရားမဝင်သယ်ဆောင်ခြင်းနဲ့ ပတ်သက် လို့လည်း လွှတ်တော်မှာ မေးခွန်းအနေနဲ့ မေးမြန်းပြီးဆောင်ရွက်နိုင်ဖို့ တင်ပြဖူးပါတယ်။ အဲဒီနယ်စပ် မြို့တွေမှာ ယခင်က တရားဝင် ဥပဒေဘောင်အတွင်း စီးပွားဖြစ်ခဲ့ကြတဲ့သူဌေးများထက် ယခုအခါ ထို

တရားမဝင်ဆေးဝါးများ သယ်ဆောင်ဖြန့်ဖြူးတဲ့ ဝိသမလောဘသမားများက နေ့ချင်းညချင်း အဆပေါင်းများစွာ ချမ်းသာသွားတာကိုလည်း ကြားသိနေရပါတယ်။

ဒါ့အပြင် စိတ်ကြွဆေးပြားများ ထုတ်လုပ်ခြင်းကလည်း နေရာကျဉ်းကျဉ်းမှာ လွယ်လွယ်ကူကူဆောင်ရွက်နိုင်ကြောင်းနဲ့ နယ်မြေစိုးမိုးမှု မရှိတဲ့ဒေသတွေမှာ ထုတ်လုပ်ကြောင်း၊ အဆက်အသွယ်ရှိသူသာ ဝင်ထွက်နိုင်ကြောင်း၊ ဒါပေမဲ့ ဘာမှအရေးယူ ဆောင်ရွက်ခြင်း မရှိကြောင်း ကိုလည်း ကြားသိနေရပါတယ်။ ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကလည်း သူလွှတ်တော်မှာ မေးခွန်း (၂)ကြိမ် ဒီမူးယစ်ဆေးဝါးနဲ့ ပတ်သက်လို့ မေးမြန်းဖူးတဲ့အကြောင်း၊ အဲဒီလို မေးမြန်းလိုက်တဲ့ အခါမှာလည်း အဲဒီခဏလောက်မှာပဲ မူးယစ်ဆေးဝါး ဖမ်းဆီးမှုတွေပြုလုပ်ပြီးတော့ ကျန်တဲ့အချိန်မှာ အရင်အတိုင်းပဲ ပြန်လည်ဖြစ်သွားတဲ့ အကြောင်း၊ အဲဒီလိုဖမ်းဆီးတဲ့အတွက် သုံးစွဲတဲ့သူတွေကလည်း ဒါသုံးစွဲဖို့အခက်အခဲဖြစ်လို့ သူ့ကိုတောင် ဒါလွှတ်တော်မှာမတင်ပြဖို့ ဒါပြောဆိုတဲ့အထိ ပြောကြားကြောင်းလည်း ကျွန်တော့် အနေနဲ့ ဒါသိရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မိုလို့ အဆိုရှင်က မူးယစ်ဆေးဝါးရောင်းဝယ်ရေးလုပ်ငန်းကို ဥပဒေပြင်ပမှ နားလည်မှုနဲ့ တရားဝင်လုပ်ငန်းသဖွယ် လုပ်ကိုင်နေတဲ့အဆင့် အနေအထားမျိုး ရောက်နေပြီလားလို့တောင် စိုးရိမ်စိတ်ဝင်လာခြင်းဖြစ်ပါတယ်။ တစ်ဖက်က စိုက်ပျိုးထုတ်လုပ်၊ သယ်ဆောင်ဖြန့်ဖြူး၊ ရောင်းချသုံးစွဲခြင်း များပြားလာတဲ့အတွက် အန္တုတ်လက္ခဏာပိုမိုလာတာကို တန်ပြန်နိုင်ဖို့ကလည်း လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါး ကင်းစင်နယ်မြေအဖြစ် သတ်မှတ်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ (၅)နှစ်အတွင်းအရှိန် အဟုန်မြှင့် ဆောင်ရွက်သွားမယ်လို့လည်း ထုတ်ပြန်ထားပါတယ်။ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ ဆရာတော်များ၊ အိမ်ထောင်ရှင်အမျိုးသမီးများ၊ သားသမီးများ၏ မိခင်များက မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးကို ပူးပေါင်းဆောင်ရွက်နေကြောင်းကိုလည်း တွေ့မြင်နေရပါတယ်။ ဥပမာ စစ်ကိုင်းမြို့မှာ တစ်ပတ်လျှင် ရပ်ကွက်တစ်ခုကို မူးယစ်ဆေးဝါး အသိပညာပေးပွဲများ ပြုလုပ်ပေးကြောင်း သိရှိရပါတယ်။ အလားတူ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ နံနက်(၁၁)နာရီမှာ စစ်ကိုင်းမြို့ရှိ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ မူးယစ်ဆေးဝါးဆန့်ကျင် အသိပညာပေးဟောပြောပွဲကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုနဲ့ အနုပညာရှင်များက ဆောင်ရွက်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူ (၂၅၀၀)ကျော် တက်ရောက်ကြောင်းကိုလည်း ဝမ်းမြောက်ဖွယ်ကြားသိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားသလို ဒီမိုကရေစီခရီးလမ်းကြောင်းမှာ ပြည်သူလူထုပူးပေါင်းပါဝင်မှု၊ ရပိုင်ခွင့်နှင့် တာဝန်များပိုင်းခြားသိမြင် လိုက်နာနိုင်မှုတို့က အဓိကကျပါတယ်။ အလားတူ မိမိတို့ကလည်း ပြည်သူများနဲ့အတူ ရှေ့ကရပ်တည် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ မဲဆန္ဒနယ်တစ်နယ်မှာ လွှတ်တော်ကိုယ်စားလှယ်က တက်တက်ကြွကြွ စေတနာဝန်ထမ်း ရဲရဲဝံ့ဝံ့ ဆောင်ရွက်လိုသူများကို တာဝန်ပေးပြီး သတင်းထောက်လှမ်းခြင်း၊ သတင်းပို့ခြင်းများကြောင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်း အောင်မြင်ခဲ့ကြောင်းကိုလည်း သိရှိရပါတယ်။ အလားတူပဲ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ စီမံခန့်ခွဲမှုကော်မတီ၊ ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာ ရေးကော်မတီ၊ တရားဥပဒေစိုးမိုးရေးကော်မတီတို့က ရပ်ကွက်၊ ကျေးရွာ

များနဲ့ မြို့နယ်များမှာ မိမိတို့ရဲ့ အနာဂတ်မျိုးဆက်သစ်များအရေး၊ မိမိတို့ နိုင်ငံတော်အရေးအတွက် အလေးထားပြီး ဆောင်ရွက်ခဲ့ကြ၊ ဆောင်ရွက်လျက်ရှိကြ၊ ဆောင်ရွက်လိမ့်ဦးမယ်လို့လည်း ယုံကြည်ပါကြောင်း၊ အသိအမှတ်ပြု ပါကြောင်း ပြောကြားရင်း အဆိုကိုထောက်ခံဆွေးနွေး အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာသုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၂း၀၅)နာရီတွင် ရပ်နားပြီး (၁၃း၀၅)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ နေ့လယ်ပိုင်း ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်းခွင့် (၇)ဦးရှိပါတယ်။ ဦးမြဲအုန်း၊ ကချင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းဇော်(ခ) ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကိုယ်ရေးကိုယ်တာ။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၀၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၉။**

**ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြသော ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနဲ့ လေ့လာသူပညာရှင် ပုဂ္ဂိုလ်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်ရဲ့ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ ဖြစ်လာသောရောဂါ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ဘိန်းစိုက်ပျိုးခြင်းတို့ကို ပြည်သူလူထုပါဝင်၍ ဆန့်ကျင်တိုက်ဖျက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသောအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဘိန်းဟာ ယနေ့မှစ၍ ပေါ်ပေါက်လာတဲ့ အရာမဟုတ်ပါ။ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသာမက မြန်မာနိုင်ငံတွင်လည်း ရာဇဝတ်မှုအမျိုးမျိုးကိုကျူးလွန်၍သော်လည်းကောင်း၊အခြားတရားမဝင်လုပ်ငန်းများ ဆောင်ရွက်ခြင်းမှ သော်လည်းကောင်း၊ ရရှိသော ကြီးမားတဲ့ငွေကြေး ဥပမာ မူးယစ်ဆေးဝါး၊ စိတ်ကြွရူးသွပ်ဆေးပြား ရောင်းဝယ်ခြင်းတွေကို တရားဝင်ဇစ်မြစ်လုပ်ငန်းတွေက ရရှိတဲ့ငွေကြေးကို ထင်မြင်စေရန်နဲ့ ဥပဒေကို ရှောင်ရှားပြီး ပြုလုပ်တဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ နိုင်ငံအသီးသီးမှ အဆိုပါလုပ်ငန်းများအား ထိန်းချုပ်တဲ့ ဥပဒေ ပြဋ္ဌာန်းသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အဖွဲ့လိုက်၊ အုပ်စုလိုက် အလေးအနက်ထား ဆောင်ရွက်ထားလျက်ရှိပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် တရားမဝင်သော နည်းလမ်းဖြင့် ငွေကြေး၊ ပစ္စည်းများကို စီးပွားရေးဆိုင်ရာပြစ်မှုများတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်သော တွန်းဇံမြို့နယ်အတွင်းသို့ တစ်ဖက်အိန္ဒိယနိုင်ငံ အစိုးရဆန့်ကျင်တဲ့ ကသည်းလက်နက်ကိုင်တချို့ဟာ မြန်မာနိုင်ငံသို့ ခိုးဝင်ခိုအောင်းပြီး လေသာဆောင်အရှေ့ဘက်ခြမ်း ထန်ကိုင်ဒေသမှာနေထိုင်ကြတဲ့ ခွာဒိုချင်းတိုင်းရင်းသားတွေကို ဘိန်းစိုက်ဖို့ ပံ့ပိုးခဲ့ပါတယ်။ ဘိန်းစိုက်ခိုင်းပါတယ်။ ၎င်းအချိန်မှစ၍ ယနေ့ထိတိုင် ဘိန်းစိုက်ခြင်းပျံ့နှံ့ကာ ဘိန်းခင်းတွေလည်း တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့စိုက်လာတာ တွေ့ရှိရပါတယ်။ ဘိန်းစိုက်ပြီဆိုမှတော့ ဘိန်းစားတဲ့သူ၊ ဘိန်းစွဲလာတဲ့သူ နှစ်စဥ်များလာတာကို မှန်ရာအတိုင်းဝန်ခံရပါမည်။ ဆင်းရဲမွဲတေမှုနဲ့အတူ မကြားဝံ့မနာသာ ကိုယ်ကျင့်တရားဖောက်ပြန်မှုများ ဖြစ်လာတတ်ပါတယ်။ စီးပွားခွတ်ခြုံ၍ ပညာကိုဆုံးခန်းတိုင် မသင်ကြားနိုင်တဲ့အတွက် ပညာမဲ့ဘဝသို့ ရောက်ခဲ့ရပါတယ်။ တချို့ဆိုရင် ဘိန်းခင်းထဲပါသွားတဲ့ နို့စို့ကလေးတွေကစပြီး မိဘတွေအထိ ဆေးသုံးစွဲပြီး အခြေအနေပို၍ ဆိုးဝါးလာကာ ရင်နင့်စဖွယ်ဖြစ်ရပါတယ်။ တွန်းဇံမြို့မြောက်ပိုင်းဟာ ဝေးလံခေါင်းပါးပြီး လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ နယ်စပ်လုံခြုံရေးအားလုံးကို လုံခြုံရေးအဖွဲ့အစည်းမှ စနစ်တကျဂရုပြုထိန်းသိမ်းဆောင်ရွက်နေရသော ဒေသတစ်ခုလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်တို့ လူ့လောကတွင် အန္တရာယ်ကင်းရှင်းစွာ အသက်ရှင်နေထိုင်လိုကြပါတယ်။ အန္တရာယ်ရှိတဲ့ လျှပ်စစ်ဓာတ်အား ဗို့အားမည်မျှစသည်ဖြင့် လူရိုးနှစ်ချောင်းကြက်ခြေခတ်ပုံနဲ့ လူ့ခေါင်းခွံရိုးကိုမြင်ရလျှင် အန္တရာယ်ရှိမည်ကိုသိ၍ ကိုင်တွယ်ခြင်းမပြု ရှောင်ဖယ်နေတတ်ကြပါတယ်။ မော်တော်ကားမောင်းလျှင်လည်း အကွေ့၊ အတက်အဆင်း၊ ဖြတ်လမ်း၊ ချောက်ကမ်းပါး စသည်တို့တွင် စိုက်ထူထားသော လမ်းညွှန်ဆိုင်းဘုတ်များကို သတိထား၍ မောင်းနှင်ရပါတယ်။ သို့ရာတွင် ကျွန်တော်တို့သည် အန္တရာယ်များကို အမှတ်မထင် ဖိတ်ခေါ်နေသလို ဖြစ်နေရပါတယ်။ မြန်မာနိုင်ငံရဲ့ ဘိန်းထုတ်လုပ်မှုဟာ ကမ္ဘာမှာ ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ပထမအများဆုံးနိုင်ငံဖြစ်တဲ့ အာဖကန်နစ္စတန်ဟာ (၈၇)ရာခိုင်နှုန်းရှိကြောင်း ကမ္ဘာ့ကုလသမဂ္ဂ UN မှာ ထုတ်ပြန်ထားတဲ့ World Drugs Report အရသိရှိရပါတယ်။ ကျန်ရှိတဲ့ နိုင်ငံများရဲ့ ထုတ်လုပ်မှုဟာ (၄)ရာခိုင်နှုန်းသာရှိကြောင်း သိရှိရပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံ မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားသယ်ဆောင် ရောင်းဝယ်မှုရဲ့အဝင်အထွက်ဆုံးနေရာဟာ မန္တလေးမြို့ဖြစ်၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရတနာပုံစီမံချက်ဖြင့် နယ်မြေရဲတပ်ဖွဲ့သာမက မူးယစ်တပ်ဖွဲ့တောင်ပိုင်း၊ မြောက်ပိုင်းကပါ အရေးယူနေတဲ့အပြင် နေပြည်တော် မူးယစ်တပ်ဖွဲ့ဟာလည်း ယင်းရုံး(၂)ရုံးနှင့် အတူဆောင်ရွက် နေကြောင်း သိရှိရပါတယ်။ လူငယ်တွေအကြား မူးယစ်သုံးစွဲမှု မြင့်တက်လာခြင်းနဲ့ သုံးစွဲရန် အလွယ်တကူရနေခြင်းတို့ကြောင့် မိဘများနဲ့ပြည်သူလူထုများမှ စိုးရိမ်မှုများစွာ ရှိနေပါကြောင်း၊ ဆယ်ကျော်သက်အရွယ် လူငယ်လူရွယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု မြင်တွေ့ရခြင်း များပြားသလို နေ့စဥ်သုံးစွဲနေခြင်းကြောင့် အလွယ်တကူ ရရှိနိုင်သည်ဟု ယူဆသုံးသပ်မိပါတယ်။ ချင်းပြည်နယ် (၉)မြို့နယ် တစ်ခုလုံး ခြုံငုံကြည့်ပါက ကျွန်တော်တို့ တွန်းဇံမြို့နယ်သာ ဘိန်းစိုက်ပျိုးရေး ထုတ်လုပ်မှု ရင့်သန်သလို ဖြစ်ခဲ့ရပါကြောင်း၊ မည်သို့ပင် တိုက်ဖျက်ချုပ်ငြိမ်းသည်ဆိုသော်လည်း တော်တော်လေး အကြွင်းအကျန်ကျန်ရှိနေသည်ကို တွေ့ရပါတယ်။ ကျန်တဲ့ဒေသတွေကလည်း သူတို့ စားဝတ် နေရေးအတွက်လုပ်နေရတာလည်းရှိပါတယ်။ အဲဒီလူတွေကို ဒါကိုမလုပ်ဖို့အတွက် ကျွန်တော်တို့တတွေ ဘယ်လိုလုပ်ငန်းတွေဆက်လုပ်ပေးမလဲ ဆိုတာမရှိပါဘူး။ တားဆီးနှိမ်နင်းရေး အဖွဲ့တွေက လည်း လုပ်နိုင်မယ့်နောက်ဆုံးအဆင့်သို့ တိုက်ဖျက်ဖို့ မရောက်နိုင်သေးဖြစ်တာ ဘာကြောင့်လဲ။ အထူးစဥ်းစားပေးသင့်ပါတယ်။ ဒေသနဲ့ကိုက်ညီတဲ့ သီးနှံဖြစ်သော ပိုးစာပင်၊ ပိုးမွေးမြူရေးလုပ်ငန်း စိုက်ပျိုးစေခဲ့ပါတယ်။ ဘယ်လောက်အထိ ပိုးစာပင် စိုက်ပျိုးရေးအောင်မြင်သလဲဆိုရင် ပိုးချည်မျှင် စက်ရုံတည်ဆောက်ပေးတဲ့အထိ အောင်မြင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ထွက်ရှိလာတဲ့ ပိုးချည်တွေကို ဝယ်ယူမယ့်သူမရှိပြန်၊ အစားထိုးသီးနှံကို တန်ဖိုးကြီးပါတယ်ဆိုတဲ့ သီးနှံတွေစိုက်ဖို့၊ အားပေးအားထုတ် တိုက်တွန်းခဲ့ပါတယ်။ ဒါတွေထွက်လာရင် ဝယ်မယ့်သူမရှိတာ ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ဆွေးနွေးချက်နဲ့ ကျွန်တော့်ဒေသဖြစ်စဥ် နီးစပ်မှုလေး တစ်ခုကို တင်ပြပါရစေ။ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်သော ခန်ဇာဟောင်လို့ခေါ်တဲ့ ကျေးရွာမှာ အိမ်(၈၅)အိမ်ခန့် ရှိတဲ့ရွာလေး ဖြစ်ပါတယ်။ အဲဒီရွာဟာ မိရိုးဖလာတောင်ယာ စိုက်ပျိုးခြင်းကို စွန့်လွှတ်ပြီးတော့ ဘိန်းကိုအကြီးအကျယ် စိုက်ခဲ့ပါတယ်။ ဘိန်းစွဲကုန်လို့ အိမ်ထောင်ဦးစီးသူ အမျိုးသားတွေ တစ်ယောက်မကျန် ဆုံးသွားကြပါတယ်။ ကျန်ရစ်သူ မုဆိုးမ၊ အမျိုးသမီး၊ ကလေးများနဲ့ ပညာရေးဝန်ထမ်းဖြစ်သော အထွေထွေလုပ်သား ဝန်ထမ်း(၂)ဦးသာကျန်ခဲ့ပါတယ်။ ဒါတွေဟာ

မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးတွေပါ။ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးထုတ်လုပ်မှုဟာ ၁၉၉၆ မှစ၍ လုပ်ဆောင်ခဲ့တဲ့ စီမံကိန်းကြောင့် ၂၀၀၆ ခုနှစ် လျော့ကျသော်လည်း ၂၀၀၇ ခုနှစ်မှ စတင်ပြီးတော့ ယနေ့အချိန်အထိ စိုက်ပျိုးထုတ်လုပ်မှုများ ပြန်လည်မြင့်တက်လာကြောင်း နိုင်ငံတကာမှလည်း သိရှိနေပြီဖြစ်ပါတယ်။ အချို့သောပြည်နယ်များမှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လုပ်ကိုင်သော်လည်း ဖမ်းဆီးအရေးယူမှု အားနည်းနေပါတယ်ဟုသုံးသပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူ့လောကတွင်နေထိုင်ရသော တိုတောင်းသောကာလအတွင်း ကျွန်ုပ်တို့ဟာ သာယာမှုကိုသော်လည်းကောင်း၊ ကြီးပွားတိုးတက်မှုကိုသော်လည်းကောင်း၊ ဘဝရပ်တည်မှုကိုသော်လည်းကောင်း၊ အနာဂတ်တည်ဆောက်မှုကိုသော်လည်းကောင်း၊ လောကကြီးရဲ့ ဖန်တီးချယ်လှယ်မှုကိုသော်လည်းကောင်း ကောင်းစွာဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ဘဝအန္တရာယ်ခွင်းပယ်ရေးကိုလည်း အထူးအာရုံစိုက်ကြမှာ ဖြစ်ပါတယ်။ ဘဝအန္တရာယ်မှာ အပြင်အန္တရာယ်နဲ့ အတွင်းအန္တရာယ်နဲ့ နှစ်မျိုး ရှိပါတယ်။ သိမြင်နိုင်သော အန္တရာယ်နှင့် မသိမြင်နိုင်သော အန္တရာယ်ဟူ၍လည်း ခွဲခြားနိုင်ပါတယ်။ များသောအားဖြင့် မီးကိုကိုင်လျှင် ပူမည်၊ ပလက်ဖောင်းတွင်၊ ကားလမ်းပေါ်တွင် လမ်းလျှောက်လျှင် ကားတိုက်ခံရုံပင်။ ရေနက်ကြီးထဲ ဆင်း၍ ရေကူးလျှင် လက်ပန်းကျ၍ ရေနစ်သွားမည် စသည်ဖြင့် စဉ်းစား၍ သိသောအသိဖြင့် အန္တရာယ်ကို အတော်အတန်မြင်တတ်ကြပါတယ်။ ပျားကောင်ကို ယင်ကောင် မှတ်၍ ဖမ်းကိုင်မိတတ်ပါတယ်။ ကျွန်တော်တို့ အန္တရာယ်ရှိသောအရာကို ခွဲခြား၍ ကွဲပြားစွာ မြင်တတ်ရန်မှာ လိုအပ်ပါတယ်လို့ ယူဆသုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့ ချင်းပြည်နယ်အတွင်း မူးယစ်အထူးတပ်ဖွဲ့အား ဖွဲ့စည်းတာဝန်ချထားလျှက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ တွန်းဇံမြို့နယ်တွင် ၂၀၁၁-၁၂ ခုနှစ်တွင် ဘိန်းစိုက်ဧက (၂၉၁.၆)ဧက၊ ၂၀၁၂-၁၃ ခုနှစ်တွင် စိုက်ဧက (၇၈) ဧက၊ ၂၀၁၃-၁၄ ခုနှစ်တွင် စိုက်ဧက (၇၀၀) ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် မူးယစ်ဆေးဝါးမှု (၅)မှု၊ တရားခံ(၅)ဦး၊ ၂၀၁၂ တွင် (၁၃)မှု၊ တရားခံ(၄၃)ဦး၊ ၂၀၁၃ ခုနှစ်တွင် (၁၉)မှု၊ တရားခံ(၆၂)ဦးတို့အား အရေးယူနိုင်ခဲ့ပြီး ချင်းပြည်နယ်အတွင်းမူးယစ်အထူးတပ်ဖွဲ့အား ဖွဲ့စည်းတာဝန်ချထားလျှက် ရှိနေပါတယ်။ ဘိန်းစိုက်ပျိုးမှုမရှိစေရေး၊ အစားထိုးသီးနှံစိုက်ပျိုးရေးနှင့် အသိပညာရေး ဟောပြောပွဲများ ဘိန်းစေ့အပ်နှံပွဲများအား ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင်က ဦးစီးဆောင်ရွက်လျှက် ရှိနေပါတယ်။ ချင်းပြည်နယ် ရိခေါ်ဒါမြို့နယ်ခွဲ နယ်စပ်ကုန်သွယ်ရေးဂိတ်နှင့် ထန်တလန်မြို့နယ် ဆိုင်ဆီခြောက်နယ်စပ်ကုန်သွယ်ရေးဂိတ်တို့မှာ တရားမဝင် ကုန်ပစ္စည်း ဝင်ထွက်စီးဆင်းမှုများကို သေသေချာချာ စိစစ်ကြပ်မတ်ခြင်းများ အထူးဂရုစိုက်သင့်ပါတယ်လို့ ယူဆသုံးသပ်မိပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်ကန်းတစ္ဆေမကြောက် ဟူသောစကားပုံရှိပါတယ်။ တစ္ဆေကိုမမြင်ရသောသူသည် တစ္ဆေကိုကြောက်လိမ့်မည်မဟုတ်ပါ။ မျက်စိမမြင်သောကလေးကို အနုမြူဗုံးတစ်လုံးချပေးပါက ပျော်ပျော်ရွှင်ရွှင်ချီမကာ ပစ်လိုမ့်ကစားလိမ့်မည် ဖြစ်ပါတယ်။ မျက်စိကန်းနေတဲ့ အသိဉာဏ်က ဟူ၍ ဆိုရပါမယ်။ ကျွန်တော်တို့အဖို့ အဘယ်အရာသည် အန္တရာယ်ရှိသည်၊ အဘယ်အရာသည် အန္တရာယ်ကင်းသည်ဟု ခွဲခြားသိရှိရန်လိုအပ်ပါလိမ့်မည်။ အချို့သော မူးယစ်ဆေးဝါးများ

သည် အတိုင်းအဆ သတ်မှတ်ခွင့်ပြုသည်ထက် အန္တရာယ်မရှိသော်လည်း အတိုင်းအဆ လွန်ပါက အန္တရာယ်ရှိသည်ဟု ဖြစ်စေနိုင်ပါတယ်။ ဘိန်းဖြူ ဘိန်းမဲ၊ ရေ၊ မီး အတိုင်းအဆ ကြီးမားသော ဘေးအန္တရာယ် ဖြစ်စေနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မရှိတာထက် မသိတာခက်ဟူသော စကားပုံကို ကျွန်တော့်တွင် မသိတာထက် မလုပ်တာခက် ဟူ၍ ဖြည့်စွက်ဆောင်ထားစေချင်ပါတယ်။ အကျိုးကိုသိလျှင် ဆောင်၍ အပြစ်ကိုမြင်လျှင် ရှောင်ရမည်မှာ ကျွန်တော်တို့ရဲ့တာဝန်ဖြစ်ပါတယ်။ လူတိုင်းရဲ့တာဝန်မှာ ဘဝရဲ့ တိုးတက်မှု၊ သာယာမှု၊ ငြိမ်းချမ်းမှု၊ အသက်ရှည်စွာအနာကင်းမဲ့မှု စသော ကောင်းကျိုးတို့ကို ဆန့်ကျင့်ဖျက်ဆီးတတ်တဲ့ အန္တရာယ်ဟူသမျှကို မသိ၊ မတတ်ရအောင် အကာအကွယ်ပေးရန် တာဝန်ရှိပါတယ်။ မြို့နယ်၊ ရပ်ရွာအုပ်စု၊ ရပ်ကျေး၊ ကျေးလက်ဒေသရှိ ပြည်သူလူထုများ၊ မိမိတို့ သားသမီး မြေးမြစ်များနဲ့ အနာဂတ်ကြယ်ပွင့် ကလေးလူသားတို့ကိုလည်း ကာကွယ်ပေးရမှာ ဖြစ်ပါတယ်။ မည်မျှအန္တရာယ်ကြီးမားသည့် အသိကိုလည်း လက်ညှိုးထိုး လမ်းညွှန်ပြပေးရမှာ ဖြစ်ပါတယ်။ အန္တရာယ်အပိုင်းအခြား တိုးဝင်မိနေကြောင်း သိရှိနေလျှင်လည်း ရှောင်ခွာရုန်းထွက်နိုင်အောင် စီစဉ်ပေးရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နောင်တရခြင်း၊ အမှားကို ပြုပြင်ပေးခြင်း၊ အန္တရာယ် ခရီးများပြန်လှည့်လာခြင်း၊ မကောင်းမှုကို စွန့်ပယ်ခြင်းတို့ကြောင့်အတွက် နောက်ကျသည်ဟူ၍ မရှိပါ။ စတင်နိုင်အောင် ယနေ့အချိန်အခါသည် အစောဆုံးအချိန် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရပ်ကျေးအုပ်စု မြို့နယ်အဆင့်ဆင့်တို့တွင် ပြည်သူလူထုများမှ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အထောက်အကူအဖွဲ့ ကော်မတီများဖွဲ့စည်းပြီး သက်ဆိုင်ရာ ဌာန အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကိုယ်စားလှယ်ကြီးတော်များ အားလုံးပါဝင်၍ နေရာလပ် မရှိအောင် ဆောင်ရွက် ပါက အင်မတန်မှထိရောက်သော ပြည်သူလူထု၏ လှုပ်ရှားမှုကြီး ရရှိမှာဖြစ်လိမ့်မည်လို့ အမျိုးသား လွှတ်တော်မှ တစ်ဆင့် အားပေးတိုက်တွန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းဟာ မိမိတို့နိုင်ငံ တစ်ခုတည်း မဟုတ်ဘဲ တစ်ကမ္ဘာလုံးမျှဝေ ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်က ပြဋ္ဌာန်း ထားသော ဥပဒေများကို ယနေ့တိုးတက်ပြောင်းလဲလာသော ဒီမိုကရေစီခေတ်စနစ် ကျင့်စဉ်နဲ့အညီ လိုက်လျောညီထွေမှုရှိသော ရည်ရွယ်ချက်များ ပြန်လည်ချမှတ်၍ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များ ချမှတ်၍ ဥပဒေပြဋ္ဌာန်းသင့်ပါတယ်လို့ အကြံပြုသုံးသပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုဂုံးချုပ်အနေနဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ နယ်စပ်ဒေသပတ်ဝန်းကျင် အားလုံး ပြောင်းလဲမှုတို့ဟာ ယခင်က အနောက်ဘက်တံခါးမှ ခေါက်ပြီးဝင်လာသော ကိစ္စရပ်များ ဖြစ်သော်လည်း ယခုအခါ အရှေ့ဘက်မျက်နှာစာသို့အနှံ့ ပြန့်ကျဲရောက်ရှိလာပြီး ပေါ်ပေါ်ထင်ထင် တိုင်းရင်းသားညီနောင်ညီအစ်ကိုတို့အား အန္တရာယ်ပြုခြိမ်းခြောက်မှုတို့အသွင်ကို ပြောင်းလဲဦးတည် နေပြီ ဖြစ်ပါသဖြင့် မြွေပူရာကင်းမှောက်၊ ကြံ့ရသကဲ့သို့ ဘူးလေးရာဖရုံဆင့်လည်းဖြစ်တတ်ကြပါတယ်။ ထို့ကြောင့် ပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဝိုင်းဝန်း ကာကွယ် စောင့်ထိန်းကြရန် အချိန်ရောက်ရှိလာပြီ ဖြစ်ပါကြောင်း ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ ရောက်ရှိလာသော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ဘိန်းစိုက်ပျိုးခြင်းတို့ကို

ပြည်သူလူထုပါဝင်၍ ဆန့်ကျင်တိုက်ဖျက်ကြရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသော အဆိုကို ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ ကျွန်တော်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် မှ လေးလေး နက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၃။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အားလုံးပဲ စိတ်၏အေးချမ်းခြင်း၊ ကိုယ်၏ အေးချမ်း ခြင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်မ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မလည်း ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)က ဦးခက်ထိန်နန်ရဲ့ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ ဖြစ်လာသော မူးယစ် ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနဲ့ ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထုပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသောအဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဦးခက်ထိန်နန်ရဲ့အဆိုမှာ အားလုံးပေါင်း သေချာ လေ့လာကြည့်လိုက်တဲ့ အခါကျတော့ မူးယစ်ဆေးဝါးသုံးစွဲတာရယ်၊ နောက်တစ်ခါ ရောင်းဝယ် ဖောက်ကားတာရယ်နောက်တစ်ခါ ဘိန်းစိုက်ပျိုးတာရယ်ဆိုပြီးတော့ (၃)ခု ရှိပါတယ်။ အဲဒီတော့ ဒါကို ကျွန်မတို့လေ့လာလိုက်တဲ့အခါမှာ မူးယစ်ဆေးဝါးသုံးစွဲတဲ့လူဟာလည်း ရောင်းဝယ်ဖောက်ကားတဲ့ လူရှိလို့၊ ရောင်းဝယ်ဖောက်ကားတဲ့လူဟာလည်း ထုတ်လုပ်တဲ့လူရှိလို့၊ ထုတ်လုပ်တဲ့ လူဟာလည်း စိုက်ပျိုးတဲ့လူရှိလို့၊ သွားတဲ့အခါမှာ နောက်ဆုံးမြစ်ဖျားခံတာကတော့ ဘိန်းစိုက်ပျိုးခြင်းမှာ သွားပြီးတော့ မြစ်ဖျားခံပါတယ်။ အဲဒီတော့ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၀(ဂ) မှာတော့ ကျွန်မတို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်ကို နိုင်ငံသားတွေက နေပြီးတော့ ကူညီဖို့တာဝန်ရှိတယ်လို့ ကျွန်မတို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီဟာအတွက်လည်း ကျွန်မ တာဝန်ကျေချင်ပါတယ်။

နောက်တစ်ခါကျတော့ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ဦးတည်ချက်တွေထဲမှာ လူမှုရေး ဦးတည်ချက်က (၁) တစ်မျိုးသားလုံးရဲ့စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တမြင့်မားရေး (၄) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေး ကျွန်မတို့ ဒီမှာ လူမှုရေးဦးတည်ချက် (၄)ရပ်ရှိပါတယ်။ ပထမပြောတဲ့ စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တ မြင့်မားရေးကတော့ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ဒါ အားပေးဖို့ ဖြစ်ပြီးတဲ့အခါကျတော့ နောက်ကျန်တဲ့ ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေး ကျတော့ ရုပ်ပိုင်းဆိုင်ရာနဲ့ ပိုပြီးတော့ နီးစပ်သွားပါတယ်။ အဲဒီတော့ အဲဒီနှစ်ခုလုံးကြည့်လို့ရှိရင် ကျွန်မတို့က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ မပျက်စီးစေတဲ့ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေတဲ့ဟာတွေကို ကျွန်မတို့က ကူညီပြီးတော့ နိုင်ငံတော်ကို ဆောင်ရွက်ပေး ကြရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မ ဦးခက်ထိန်နန်ရဲ့အဆိုကို ကြည့်လိုက်တဲ့အခါမှာ ကျွန်မတို့လေ့လာထားပြီး သားတွေ အရရော ဟိုးအရင် ကျွန်မတို့ ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကတည်းကကိုပဲ ကျွန်မတို့ ရခိုင်နဲ့တနင်္သာရီပေးလိုက်ရကတည်းက စပြီးတော့ ဒီမူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့မျိုးစေ့ ဝင်လာတယ်လို့ ကျွန်မတို့အရင်တုန်းက လေ့လာခဲ့ဖူးပါတယ်။ နောက်တစ်ခါ အရှေ့ဘက် ကျတော့လည်း ရှန်ကေရှိတ်ရဲ့ တရုတ်ဖြူတွေဝင်လာပြီးတဲ့နောက်ပိုင်းမှာကတည်းက ဒီမူးယစ်ဆေးဝါးနဲ့ ပတ်သက်တာဟာ အဲဒီဘက်မှာ မျိုးစေ့ချပြီးတော့ ပိုပြီးတော့ ပျံ့နှံ့သွားတယ်လို့ အဲဒီလို လေ့လာဖူးပါတယ်။ အဲဒီတော့ ကျွန်မတို့ တကယ်ဒဏ်ခံနေရတဲ့ ဒီ ကျွန်မတို့နိုင်ငံရဲ့ တကယ့် အဆိပ်အတောက်ဖြစ်တဲ့ ဒီမူးယစ်ဆေးဝါးဟာဆိုရင် ကျွန်မတို့ ကိုလိုနီခေတ်တုန်းကသူများလက်အောက်မှာ ရခဲ့တဲ့ အမွေဆိုး နောက်တစ်ခါ ကျွန်မတို့နယ်ကိုလာပြီးတော့ သူများတွေ ကျူးကျော်ပြီးလို့ ဝင်ရောက်ခဲ့လို့မို့လို့ လက်ခံလိုက်ရတဲ့၊ လက်မခံချင်ဘဲနဲ့ရခဲ့တဲ့ အမွေဆိုးတွေ ဖြစ်ပါတယ်။ အဲဒီလိုပဲ ကျွန်မကတော့ မြင်ပါတယ်။ အဲဒီတော့ သူများလာပြီးပေးသွားတဲ့ ကျွန်မတို့နိုင်ငံ ရဲ့ အဆိပ်အတောက် တွေကို ကျွန်မတို့ကင်းစင်အောင် လုပ်ဖို့အတွက်ကတော့ ကျွန်မတို့ အားလုံးပဲ အဖွဲ့အစည်း အသီးသီး အကုန်လုံး နိုင်ငံတော်က တာဝန်ရှိတဲ့လူတွေရော နောက်တစ်ခါ ပြည်သူလူထုရော၊ အားလုံး အဖွဲ့အစည်းအသီးသီးရော အားလုံးဝိုင်းဝန်းပြီးတော့မှ တက်ညီလက်ညီနဲ့ ဆောင်ရွက်ကြဖို့ လိုအပ် တယ်လို့ ကျွန်မအဲဒီလို ဆွေးနွေးတင်ပြလိုပါတယ်။

ဒီဟာနဲ့ပတ်သက်လို့ ကျွန်မတို့ တကယ်တမ်း တိုင်းပြည်တစ်ပြည်မှာဆိုရင် သဘာဝ သယံဇာတတွေပစ္စည်းတွေ ရှိတယ်။ လူ့စွမ်းအားအရင်းအမြစ်တွေရှိတယ်။ အဲဒီတော့ သက်ရှိ၊ သက်မဲ့ အရင်းအမြစ်တွေ ရှိတဲ့အထဲမှာ တကယ်တမ်း တကယ့်အပြုသဘောကို ဆောင်နိုင်တာ၊ အပျက် သဘောကို ဆောင်နိုင်တာ နှစ်ခုစလုံးရဲ့ ပိုင်ရှင်ကတော့ လူပဲဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလူ့စွမ်းအား အရင်းအမြစ်ကို ပျက်စေတဲ့ ရုပ်ပိုင်းရော၊ စိတ်ပိုင်းရော ဖျက်ဆီးပစ်တဲ့အဲဒီမူးယစ်ကို ကျွန်မတို့က တိုက်ဖျက်ရခြင်းဖြစ်ပါတယ်။ သို့သော်ငြားလည်းပဲ နိုင်ငံတော်ကနေပြီးတော့ ၁၉၉၉-၂၀၀၀ ကနေ ပြီးတော့ (၁၅)နှစ်စီမံကိန်းကနေ ၂၀၁၃-၂၀၁၄ အထိ (၁၅)နှစ်စီမံကိန်းကနေပြီးတော့ နောက်ထပ် အခု (၅)နှစ်တိုးပြီးတော့ ဒါပပျောက်ရေးအတွက် ဘိန်းစိုက်ပျိုးရေးနဲ့ ရောင်းဝယ်ရေး ပပျောက်ရေးအတွက် စီမံချက်တွေချမှတ်ပြီးတော့ ဆောင်ရွက်နေတဲ့အချိန်မှာ ကျွန်မလေ့လာကြည့်တဲ့ အခါကျတော့ ကျွန်မတို့ နိုင်ငံကလည်း ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီးတော့ လူဦးရေတွေ တိုးပွားလာတယ်။ အဲဒီအခါမှာ စားဝတ်နေရေးတွေ ရှိလာမယ်။ တကယ်စားဝတ်နေရေးကိုပြေလည်အောင် ဆောင်ရွက် ပေးနိုင်မယ့် အလုပ်အကိုင်တွေ လိုလာတယ်။ ဝင်ငွေတွေလိုလာတယ်။

အဲဒီဝင်ငွေတွေရလာမယ့်အလုပ်ကိစ္စတွေ နိုင်ငံတော်ကနေပြီးတော့ နိုင်ငံသားတွေကို ဖန်တီးပေးနိုင်ဖို့၊ စိုက်ပျိုးရေးဆိုလည်း စိုက်ပျိုးရေး၊ စက်မှုဆိုလည်း စက်မှုစသည်ဖြင့် ကျွန်မတို့ ဆောင်ရွက်ပေးနိုင်ဖို့ နိုင်ငံတော်မှာလည်း တာဝန်ရှိပါတယ်။ အဲဒီကျတော့ စားဝတ်နေရေး မပြေလည်တဲ့အခါ သားသမီးရဲ့ပညာရေးဆိုတာကတော့ ဒါကအဓိကဆိုသော်ငြားလည်းပဲ တကယ်တမ်း ကျတော့ ငါ့ဝမ်းပူဆာမနေသာဆိုသလိုပဲ တကယ်စားရေး၊ သောက်ရေးနဲ့ကြုံလာပြီ ဆိုတဲ့အခါမှာ မကောင်းဘူးလို့ သိပင်သိငြားသော်လည်း မရှောင်နိုင်တဲ့အခါမှာ ဆောင်ရွက်ရတဲ့ဟာတွေ ဒါ စားဝတ် နေရေးအတွက် အဆိပ်အတောက် ဖြစ်ပင်ဖြစ်သော်ငြားလည်း သိသိကြီးနဲ့ လူ့ရဲ့အသက်ရှင်ရေး အတွက် ဆောင်ရွက်ရတာတွေ ရှိပါတယ်။ အဲဒီတော့ ဒီဟာကို ကင်းစင်ရေး ဆောင်ရွက်မယ် ဆိုလို့ရှိရင်

အစောကပြောသလိုပဲ မူးယစ် ဆေးဝါးသုံးစွဲတဲ့လူတွေက ရောင်းဝယ် ဖောက်ကားတဲ့ လူတွေရှိလို့၊ အဲဒီရောင်းဝယ်ဖောက်ကားတဲ့ သူတွေကလည်း ထုတ်လုပ်တဲ့သူတွေရှိလို့၊ ထုတ်လုပ်တဲ့လူကလည်း ဥပမာ ဘိန်းစေ့ကနေပြီး ဘိန်းကနေ ရမယ်ဆိုတဲ့ဟာမှာ စိုက်ပျိုး ထုတ်လုပ်တဲ့သူရှိလို့ အဲဒီတော့ ဒီစိုက်ပျိုးထုတ်လုပ်တဲ့သူတွေ မစိုက်ပျိုးအောင်၊ မထုတ်လုပ်အောင် သို့မဟုတ် သူတို့ရဲ့ စားဝတ်နေရေးတွေ အဆင်ပြေအောင် သူတို့ ဝင်ငွေတွေရှိအောင် သူတို့ရဲ့လူမှုစီးပွားဘဝတွေ တကယ် လူတန်းစေ့နေနိုင်အောင် နိုင်ငံတော်က ဘာတွေလုပ်ပေးမလဲဆိုတာ အဲဒါကတော့ အင်မတန်အခြေခံကျတယ်လို့ ကျွန်မကတော့ အဲဒီလိုမြင်ပါတယ်။

အဲဒီတော့ ကျွန်မတို့လေ့လာရသလောက် နေပြည်တော်နဲ့သိပ်မဝေးတဲ့နေရာ တောင်ကြား တွေထဲမှာ စိုက်ခင်းတွေရှိတယ်။ တချို့နေရာတွေမှာဆိုလို့ရှိရင်လည်း ရေကြောင်းကနေ သွားရင် တောင်မှ မြင်ရတဲ့နေရာတွေမှာလည်း စိုက်ခင်းတွေရှိတယ်။ သို့သော်ငြားလည်းတချို့ကတော့ မလုပ်သင့်ဘူးဆိုတာသိတယ်။ တချို့ကတော့ မလုပ်သင့်ဘူးလို့ ထဲထဲဝင်ဝင်သိချင်မှလည်းသိမယ်။ ဒါပေမဲ့လို့ တကယ်တမ်းကျတဲ့အခါကျတော့ သူတို့မှာ ဒီဟာမှ မလုပ်လို့ရှိရင် ကျန်တာလုပ်စရာမရှိဘူး။ လုပ်တဲ့အခါကျတော့လည်း ဘိန်းအစားထိုးသီးနှံကို ဆောင်ရွက်တဲ့အခါမှာ တချို့ ကြက်သွန်စိုက်တဲ့ အချိန်မှာ အဲဒီကြက်သွန်က တကယ်ရောင်းတဲ့အခါကျတော့ ဈေးမတည်မြဲတာရှိတယ်။ နောက်တစ်ခါ အချိန်လွန်လို့ ဒီဟာက အချိန်အကြာကြီးထားလို့မရတဲ့ဟာ မဟုတ်တဲ့အခါကျတော့ သွန်ပစ်လိုက်ရလို့ ဆုံးရှုံးတာတွေ ရှိတယ်။ စသဖြင့် အဲဒီလိုမျှော်လင့်ဘဲနဲ့ တကယ်တမ်း ကိုယ့်အတွက် အာမခံမရှိတဲ့ အသီးအနှံတွေ ဖြစ်တဲ့အခါမှာ သူတို့အဲဒီဟာတွေကို ဆောင်ရွက်ဖို့ တကယ်တမ်းလက်တွေ့ ကြိုးစားပေမဲ့လည်း မဖြစ်လာတဲ့အခါကျတော့ ဒီဟာကိုပဲ ပြန်ပြီးတော့ စိုက်ကြရတယ်လို့ ကျွန်မ အဲဒီလိုပဲ လေ့လာသိရှိပါတယ်။ အဲဒီတော့ကာ ၁၉၈၀ မှာ ကျွန်မတို့နိုင်ငံမှာ ဘိန်းစိုက်တဲ့နေရာမှာ စံချိန်တင်ခဲ့တယ်၊ တော်တော်လေးများတယ်လို့ အဲဒီလို လေ့လာသိရှိရ ပါတယ်။ သို့သော်ငြားလည်း ပဲနောက်ပိုင်းမှာတော့နိုင်ငံတော်ကလည်း ဆောင်ရွက်တယ်။

နောက်တစ်ခါကျတော့ အမေရိကန်ကလည်း တစ်နှစ်ကို အမေရိကန်ဒေါ်လာ(၆)သန်း ကနေ (၈)သန်းအထိ ကူညီတယ်၊ ထောက်ပံ့တယ်လို့ ကျွန်မလေ့လာတွေ့ရှိပါတယ်။ သို့သော်လည်း ၂၀၀၄ ခုနှစ်ရဲ့ နောက်ပိုင်းမှာတော့ နည်းနည်း (၉)နှစ်တိတိ သူတို့က ပိတ်ပင်လိုက်တယ်လို့ လေ့လာ တွေ့ရှိရပါတယ်။ ၁၉၈၈ ကနေ နောက်ပိုင်းကျတော့ သူတို့အကန့်အသတ်နဲ့ပဲ ထောက်ပံ့ခဲ့တယ်လို့ ကြားပါတယ်။ အဲဒီတော့ကာ အခုနောက်ပိုင်းကျတော့ ဟိုတလောက ကျွန်မတို့နိုင်ငံနဲ့ မူးယစ် ကင်းစင်ရေးအတွက် လာပြီးတဲ့အခါကျတော့မှ စာချုပ်ချုပ်ပြီးတော့မှ သက်ဆိုင်ရာ တာဝန်ရှိတဲ့ သူက ရောက်လာတယ်လို့ အဲဒီလိုပြောပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း ကျွန်မတို့နိုင်ငံနဲ့ တကယ်လို့များ အရင်တုန်းကလိုပဲ ပူးပေါင်းပြီးတဲ့အခါကျတော့မှ လိုအပ်တဲ့အထောက်အပံ့တွေပေးပြီးတော့ ပြန်ပြီး တော့ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုလို့ရှိရင်တော့ အခုလက်ရှိအခြေအနေထက်ပိုပြီးတော့ သက်သာ သွားမယ်လို့ လျော့နည်းသွားမယ်လို့ထင်ပါတယ်။

အဲဒီတော့ ဒီလိုစီမံကိန်း စီမံချက်တွေနှစ်တို၊ နှစ်ရှည်တွေချပြီးတော့ လုပ်နေတဲ့ကြားထဲကပဲ ၁၉၉၆ ခုနှစ်ကတော့ ကျွန်မတို့နိုင်ငံဟာ စံချိန်တင်ပြီးတော့ မက်ထရစ်တန် (၁၆၀၀)အထိတောင်မှ ထုတ်လုပ်ခဲ့တယ်လို့ အဲဒီလိုမျိုး လေ့လာသိရှိရပါတယ်။ သို့သော်လည်းအခုနောက်ပိုင်းမှာ (၈၀၀)

ကျော်လောက်ပဲ ထုတ်လုပ်တယ်လို့ ကျွန်မတို့အခု နောက်ဆုံးထုတ်ပြန်တဲ့ဟာတွေအရ ကျွန်မတို့သိရပါတယ်။ အဲဒီတော့ ကျွန်မတို့ မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေက ကျွန်မတို့က အင်မတန်ဖွံ့ဖြိုးတိုးတက်ပြီးအေးချမ်းပြီးတော့ သာယာတဲ့၊ ငြိမ်းချမ်းတဲ့ နိုင်ငံတစ်ခုကို သွားနေတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ တကယ်တမ်း နိုင်ငံတော်ရဲ့ဖွဲ့စည်းပုံတွေမှာရော၊ နိုင်ငံတော်ရဲ့ ရည်ရွယ်ချက်တွေမှာရော နောက် နိုင်ငံတော်ရဲ့ ပြည်ထဲရေးရဲ့ တာဝန်ရှိတဲ့ ကျွန်မအရှည်ကြီး မပြောချင်တော့လို့ပါ။ မြို့နယ်အလိုက်၊ တိုင်းအလိုက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ မူးယစ်ကင်းစင်ရေးအဖွဲ့နဲ့ ဘယ်နယ်တွေမှာ ဘယ်လောက်မိတယ်။ ဘယ်နယ်တွေမှာ ဘယ်လောက်မိတယ်။ ဘယ်စီမံကိန်းတွေကို အခု ၂၀၁၄ ခု၊ ဇွန်လ (၁) ရက်နေ့က စပြီးတော့ နောက်ထပ်လုပ်နေတဲ့ စီမံကိန်း၊ စီမံချက်တွေလည်း ရှိနေတယ်။ အဲဒါဟာ နိုင်ငံတော်ကနေပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

ထို့အတူပဲ ကျွန်မတို့ စစ်ကိုင်းမှာဆိုလို့ရှိရင်လည်း တော်တော်လေးမူးယစ်ဆေးဝါးသုံးစွဲတာ စံချိန်တင်ပြီး မြင့်တက်လာတယ်လို့ ကြားတဲ့အတွက်ကြောင့် ဆရာတော်ဘုရားကြီး ဆရာတော် ဓမ္မဓူတ ဆေကိန္ဒ ဦးစီးပြီးတော့ ကျောင်းသူ၊ ကျောင်းသားတွေနဲ့ ကျန်တဲ့အဖွဲ့အစည်းတွေနဲ့ အကုန်အနုပညာသည်တွေရော အားလုံး စုစုစည်းစည်းနဲ့ဟောပြောပွဲတွေ အသိပညာပေးဟောပြောပွဲတွေ လုပ်ပါတယ်။ နောက်ပြီးတော့ ကျန်တဲ့ အရပ်ဖက်အဖွဲ့အစည်းတွေ သူ့နည်းသူ့ဟန်နဲ့ နိုင်ငံတော်ကူညီဖို့၊ ပံ့ပိုးဖို့၊ ဒီကင်းစင်ရေးနဲ့ ပတ်သက်ပြီးတော့ အားလုံးက ဝိုင်းဝန်းပြီးတော့ အခုအချိန်မှာ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မ နောက်ဆုံး ပြောချင်တာကတော့ ဦးခက်ထိန်နန်ပြောတဲ့အဆိုကို ဒေသခံ ပြည်သူလူထု ပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားရန် ဆိုတဲ့အခါမှာ ကျွန်မတို့က တကယ်အဓိကကျတဲ့ ဒီစိုက်ပျိုးရေး၊ ဘိန်းစိုက်ပျိုးရေးပေါ့၊ ဘိန်းစိုက်ပျိုးရေးကို ကျွန်မတို့ရဲ့ လွှတ်တော်ကပဲ ဦးနေဝင်းထွန်း ကနေပြီးတော့ ပတ္တမြားနဂါးဖောင်ဒေးရှင်းနဲ့ နိုင်ငံတော် ရဲ့ အဲဒီလိုဘိန်းစိုက်ပျိုး နေတဲ့မြေတွေမှာ ဘိန်းအစားထိုး စိုက်ပျိုးဖို့အတွက်ရော ဒေသခံပြည်သူလူထု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးဖို့အတွက်တွေ ကိုရော နောက်တစ်ခါ အလုပ်လက်မဲ့ လျှော့နည်းရေးအတွက်ရော အားလုံးရည်ရွယ်ပြီးတဲ့ အခါကျတော့မှ ပြည်သူလူထုကို ပံ့ပိုးပေးနိုင်ဖို့အတွက် စီမံပြီးတဲ့အခါကျတော့မှ လုပ်ငန်းတစ်ခု တည်ထောင်ခဲ့ပါတယ်။ ကျွန်မတို့လည်း အဲဒီတုန်းက တော်တော်လေးကို ဝမ်းပန်းတသာနဲ့ ထောက်ခံဆွေးနွေးခဲ့ကြပါတယ်။

အဲဒီတော့ ကျွန်မတို့လွှတ်တော်ကသော်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့က သော်လည်းကောင်း နောက်ပြီးတော့ Civil Society ကသော်လည်းကောင်း နောက်တစ်ခါ ဝန်ကြီးဌာနကရော အကုန်လုံးက ပူးပေါင်းပြီးတော့ အခုလို တိုက်ဖျက်နေတဲ့ကြားထဲကပဲ တိုးလာတယ်၊ တိုးလာတယ်ဆိုတဲ့ အခါကျတော့ ဘယ်ဟာက အဓိကထားပြီးတော့မှ တကယ် ဦးစားပေး အဆင့်တစ် အနေနဲ့ ဆောင်ရွက်ရမယ့်ဟာလဲ ဆိုတာကို တိတိကျကျဒါကတော့ ကျွန်မ ဒီလိုပြောတာက မိချောင်းမင်း ရေခင်းပြသလိုမျိုး မဟုတ်ပါဘူး။ သို့သော်လည်း ဒါကတော့ ပညာရှိ သတိဖြစ်ခဲ့။ တကယ်အရေးကြီးဆုံးကတော့ ကျွန်မကတော့ ဘိန်းစိုက်ပျိုးခြင်းလို့ အဲဒီလိုထင်ပြီးတော့ အဲဒီစိုက်ပျိုးရေးနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်နေတဲ့ တောင်သူတွေရဲ့ဘဝမြင့်တင်ရေး၊ တိုးတက်ရေး၊ သူတို့အတွက် ဒီထဲကနေပြီး၊ ဒီနွံထဲကနေပြီးတော့ ဆွဲထုတ်နိုင်ဖို့ နိုင်ငံတော်ကနေပြီးတော့ ပိုပြီးတော့ အဓိကထားပြီးတော့ လုပ်သင့်တယ်လို့ အဲဒီလိုအကြံပြုချင်ပါတယ်။ သို့သော်လည်း နောက်ထပ် မူးယစ်ဆေးဝါးသုံးစွဲတာနဲ့ ရောင်းဝယ်ဖောက်ကားတာဟာလည်း၊ ရောင်းဝယ်ဖောက်ကား တာမှာတော့

ကျွန်မထင်ပါတယ်။ တချို့ကလည်း ဝိသမလောဘနဲ့ လုပ်တာဖြစ်ပြီး တချို့ကလည်း အခြေအနေ ပေးလို့ ဆောင်ရွက်တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ သို့သော်လည်း သုံးစွဲတဲ့အဆင့် ရောက်သွားတယ် ဆိုလို့ရှိရင်တော့ လူ့စွမ်းအားအရင်းအမြစ် ပျက်စီးပြုန်းတီးစေတာဖြစ်လို့ အဲဒီ ဟာကတော့ တော်တော် လေးကို မဖြစ်သင့်တာမဖြစ်တဲ့အတွက်ကြောင့်မို့လို့ တကယ့်အရေးကြီးဆုံး ဖြစ်တဲ့ ဒီစိုက်ပျိုးခြင်းနဲ့ ပတ်သက်ပြီးတော့ စိုက်ပျိုးနေရတဲ့ အင်မတန် ကျွန်မတို့က ဥပေက္ခာ ပြုမထားဘဲနဲ့ ဥပေက္ခာတော့ နိုင်ငံတော်ကတော့ မပြုဘူးပေါ့။ သို့သော်ငြားလည်းပဲ ကျွန်မတို့က အလေးအနက်ထားပြီးတော့ တကယ်တမ်းကူညီပြီးတော့မှ၊ ဆောင်ရွက်ထားပြီးတော့မှ အဲဒီနွံထဲက ထုတ်သင့်တာကတော့ ဘိန်း စိုက်ပျိုးတဲ့ ဘိန်းစိုက်ပျိုးရေးသမားတွေပေါ့နော်။ အဲဒီစိုက်ခင်းတွေနဲ့ အဲဒီတောင်သူတွေကို တကယ်လို့ တိတိကျကျသိနေတဲ့ ကြားထဲကမှ ကိုယ်က ဒါကို လျော့နည်းအောင်၊ ပပျောက်အောင်၊ ကင်းစင်အောင် မလုပ်နိုင်ဘူးဆိုလို့ရှိရင်တော့ ကိုယ့်ဖက်က အားနည်းချက်ပဲ ဖြစ်မှာပါ။

အဲဒီတော့ ကျွန်မကတော့ ဦးခက်ထိန်နန်ရဲ့ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ ဖြစ်လာ သော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနဲ့ ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံ ပြည်သူလူထုပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားရန်ဆိုတဲ့ အဆိုမှာ ကျွန်မ နိုင်ငံတော်အနေနဲ့ ဒီဘိန်း စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီးတဲ့အခါကျတော့မှ သူတို့ကို အပြည့်အဝ လေးလေးနက်နက်နဲ့ သူတို့ လိုအပ်တဲ့၊ သူတို့ရဲ့လူမှုစီးပွားဘဝ၊ သူတို့ရဲ့လိုအပ်နေတဲ့စားဝတ်နေရေးတွေ ပြေလည်အောင် ဘယ်လို နည်းနဲ့များ အခုထက်ပိုပြီးတော့ ထိထိရောက်ရောက်လုပ်ပေးနိုင်ရင် ကောင်းမလဲဆိုတာကို ဆောင်ရွက် ပေးစေလိုပါတယ်လို့ အကြံပြုရင်းနဲ့ ကျွန်မက ထောက်ခံဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၆။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ် (၁၂)၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကို ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ ဖြစ်လာသော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကား ခြင်းနဲ့ ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထုပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို နိုင်ငံတော်မှ အလေးထားဆောင်ရွက်နေတာလည်း အသိပဲဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ ကျွန်တော်တို့ ပူးပေါင်းပြီး ဆောင်ရွက်နေတာကိုလည်း ကျွန်တော်တို့အားလုံး လေ့လာသိရှိမှတ်သားရပါတယ်။ ဦးခက်ထိန်နန်ရဲ့

အဆိုထဲမှာလည်း တော်တော်များများဟာ ထည့်ပြီးတော့မှဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။ ဒါပေမဲ့ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှု၊ စိုက်ပျိုးမှုတွေကတော့ ယနေ့တိုင်ကျွန်တော်တို့ ရှိနေဆဲပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ဒီဘိန်းဆိုတာ ကမ္ဘာပေါ်မှာအလှဆုံးပန်းလို့ တင်စားပြီး ပြောသွားပါတယ်။ ဒီဘိန်းပန်းကို ကျွန်တော်တို့က လှလည်း လှပါတယ်။ သူ့ရဲ့အဆီက ကျွန်တော်တို့ သုံးစွဲရန် ဆေးဖြစ်ပါတယ်။ အလွန်အကျွံသုံးစွဲရင်တော့ ဘေးဖြစ်ပါတယ်။ ဒီလူတွေက အလွန်အကျွံ သုံးစွဲတာမိုလို့ ဘေးဖြစ်သွားတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ နောက်ပြီးတော့မှ ဒီဘိန်းစိုက်တယ်ဆိုတာ သူကနယ်စပ်ဒေသ၊ ခက်ခဲတဲ့ဒေသတွေကနေ ဒီလိုသုံးနှုန်းထားပါတယ်။ များသောအားဖြင့်က ကျွန်တော်တို့ ဒီနယ်စပ်ဒေသတွေမှာ များပါတယ်။ တိုင်းရင်းသားဒေသတွေမှာများပါတယ်။ ရန်ကုန်၊ မန္တလေး တစ်နိုင်ငံလုံး ဒီပြန့်နှံ့နေတယ်လို့ သူဆိုလိုပါတယ်။ ဒီပြန့်နှံ့တာကတော့ ဒီရောင်းဝယ်ဖောက်ကားမှု၊ သုံးစွဲမှုတွေပြန့်နှံ့နေတာပါ။ စိုက်ပျိုးထုတ်လုပ်တာကတော့ နယ်စပ်ဒေသတွေ၊ ခက်ခဲတဲ့ ဒေသတွေ၊ ပြီးရင်ကျွန်တော်တို့ မငြိမ်းချမ်းတဲ့ဒေသတွေမှာ ဒါစိုက်ပျိုးတာကို တွေ့ရမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့မှ ကျွန်တော်တို့ လူကြီးတွေ၊ လူငယ်တွေ၊ အရာထမ်းတွေ၊ အမှုထမ်းတွေ ပြီးရင် စီးပွားရေးလုပ်ငန်းရှင်တွေ သုံးစွဲလျက်ရှိနေတာကိုလည်း ကျွန်တော်တို့ ဒီကနေ့ လက်ရှိအခြေအနေ အရ သိရှိနေရမှာဖြစ်ပါတယ်။

နောက်ပြီးသူ့ရဲ့ ဆွေးနွေးချက်ထဲမှာ မဟာဗျူဟာ(၂)ရပ် ချမှတ်ပြီး ဆောင်ရွက်ခဲ့တယ်လို့ ဆွေးနွေးသွားတာတွေ့ရပါတယ်။ (၁)အချက်ကတော့ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေး တာဝန်အဖြစ် ဘက်ပေါင်းစုံ တိုက်ဖျက်ရေး။ ဒီ(၁)အချက်ကတော့ အင်မတန်ကောင်းပါတယ်။ တစ်မျိုးသားလုံးအတွက် အကျိုးရှိပါတယ်။ (၂)အချက်ကတော့ ကျွန်တော်တို့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးတို့ ဖြစ်ပါတယ်။ ဒီအချက်မှာကျတော့ ကျွန်တော့်ဒေသရဲ့ အနေအထားနဲ့ ထောက်ပြပြီးတော့မှ ဆွေးနွေး ချင်ပါတယ်။ သူက လုံးဝချုပ်ငြိမ်းပပျောက်ရေးလို့ ဆိုထားပါတယ်။ လုံးဝချုပ်ငြိမ်းပပျောက်ဖို့ဆိုတာ ကျွန်တော်တို့ နယ်စပ်နဲ့ပြည်မနဲ့ အခွင့်အရေးတွေတူညီနေဖို့လိုပါတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းနေဖို့လိုပါတယ်။ ပထမဆုံးအချက်နေနဲ့ ကျွန်တော်စဉ်းစားမိတာကတော့ ဒီငြိမ်းချမ်းရေး ကိစ္စပဲ ဖြစ်ပါတယ်။ အခု ဘိန်းစိုက်တဲ့ဒေသတွေက နယ်စပ်ဒေသတွေဖြစ်တယ်။ လက်နက်ကိုင် တိုင်းရင်းသား တွေ ရှိတယ်။ ဒီဒေသတွေကနေ အများဆုံးထွက်တာဖြစ်တယ်။

ဒီဟာကိုကျွန်တော်တို့ အကြောင်းပြုပြီးတော့မှ စိုက်ပျိုးထုတ်လုပ်နေတာတွေ ဖြစ်တယ်။ ပြီးရင်ဒေသအခက်အခဲကြောင့်ဖြစ်တယ်။ ဒါကြောင့်မိုလို့ ဒီငြိမ်းချမ်းရေးအဖွဲ့တွေက ကျွန်တော်တို့ နိုင်ငံတော်နဲ့ သဘောတူညီမှုရပြီလား။ အားလုံး အပစ်အခတ် ရပ်စဲပြီလား ဒီအချက်တွေအပေါ်မှာ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ ဒီငြိမ်းချမ်းရေး သဘောတူညီမှုရပြီးရင်လည်း ကျွန်တော်တို့ တိုင်းပြည်ရဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးဖို့၊ လူမှုစီးပွားတွေဖွံ့ဖြိုးဖို့ အားလုံးကို ပူးပေါင်း ဆောင်ရွက်မယ်လို့ ကျွန်တော်တို့ သဘောတူညီမှု ရပြီးပြီလားဆိုတဲ့ အချက်တွေကိုလည်း ကျွန်တော်တို့ စဉ်းစားရမှာဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ ကျွန်တော်တို့ လမ်းပန်းဆက်သွယ်ရေး ကိစ္စပါ။ ကျွန်တော်တို့ အခုပြည်မနဲ့ ကျွန်တော်တို့ နယ်စပ်ဒေသတွေ လမ်းပန်းဆက်သွယ်ရေး

ကောင်းနေပြီလား။ ဒီအကြမ်းဖျဉ်း ကြည့်ရင်တော့ ကောင်းပါတယ်။ ကျွန်တော်တို့ ရေကြောင်းနဲ့ သွားမယ်။ လေကြောင်းနဲ့သွားမယ်။ ကားလမ်းနဲ့သွားမယ်။ ဒါပေမဲ့ အဓိကကျတာကတော့ ကျွန်တော်တို့ ဒေသတွေမှာ ကုန်းလမ်းပို့ဆောင်ရေးက ပိုအဓိကကျပါတယ်။ ကုန်းလမ်းဆက်သွယ်ရေးက ပိုပြီးတော့ အဓိကကျပါတယ်။ အဓိကကျတယ်ဆိုတော့ ပိုပြီးမှအသုံးများပါတယ်။ လူတွေက ဆိုင်ကယ်မစီးနိုင်၊ ကားမစီးနိုင်၊ ခြေလျင်လျှောက်ပြီးသွားလို့ရတဲ့ အနေအထားမျိုးပါ။ ဒါကြောင့်မိုလို့ ဒီဒေသတွေကရော တကယ်လမ်းပန်းဆက်သွယ်မှုကောင်းပြီလားဆိုတဲ့ အချက်လည်းထည့်စဥ်းစားရမှာဖြစ်ပါတယ်။

အဲဒီလိုလမ်းပန်း ဆက်သွယ်မှုကောင်းမှ ဒီတရားဥပဒေစိုးမိုးရေးတို့၊ နယ်မြေတည်ငြိမ်အေးချမ်းရေးတို့ကို ကျွန်တော်တို့ အချိန်နဲ့တပြေးညီ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ လမ်းးမကောင်းဘဲနဲ့ ခြေလျင်သွားနေရမယ်ဆိုရင် ဒီတရားဥပဒေစိုးမိုးရေးကို ကျွန်တော်တို့ အားနည်းစွာနဲ့ လုပ်နိုင်မှာဖြစ်ပါတယ်။ ဥပမာတစ်ခုပေါ့၊ ကျွန်တော်တို့ဒေသမှာ နိုင်ငံတော်ကလွှတ်တဲ့ ပြည်သူ့ရဲတွေရှိတယ်။ သူတို့က တစ်နှစ်ကိုတစ်ကြိမ်ပဲ သူတို့ရဲတပ်ဖွဲ့လာရင် တစ်နှစ်လာပြီးရင် ပြောင်းသွားတယ်။ ဒီပြောင်းတဲ့ရဲတွေကလည်း နယ်တွေကိုဖြန့်ကျက်ပြီးမသွားနိုင်ဘူး။ ဒီမြို့ပေါ်မှာပဲနေပြီး မြို့ကအလုပ်တွေဝိုင်းကူလုပ်ပြီးတော့မှ၊ ဒီလိုပဲတစ်နှစ်ပြည့်အောင်စောင့်ဆိုင်းပြီးတော့မှ Change သွားတာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဒီနေ့ လက်ရှိအစိုးရလက်ထက်မှာတော့ ကျွန်တော်တို့ ဒေသကနေပြီးတော့မှ ဒီဒေသခံရဲအယောက်(၂၀၀)ခေါ်ပါတယ်။ ကျွန်တော်တို့ သင်တန်းတက်နေပါတယ်။ ဒီသင်တန်းသားတွေ ဆင်းလာရင်တော့ ကျွန်တော်တို့ဒေသကို တရားဥပဒေစိုးမိုးဖို့အတွက် ကျွန်တော်တို့ ပြုလုပ်သွားနိုင်မှာ ဖြစ်ပါတယ်။ တတိယအချက်ကတော့ ကျွန်တော်တို့ ပညာရေးစနစ်ပါ။ ပညာရေးစနစ်ဆိုတာ ကျွန်တော်တို့ မူလတန်းပညာနဲ့တော့ ကျွန်တော်တို့ရဲ့ မိဘတွေ၊ အစ်ကိုတွေ၊ ဦးလေးတွေ၊ အဒေါ်တွေကိုတော့ ကျွန်တော်တို့ ဒီမူးယစ်ဆေးဝါးမကောင်းကြောင်းတွေ၊ မူးယစ်ဆေးဝါးရဲ့ဆိုးကျိုးတွေ ဒါမျိုးတွေကျွန်တော်တို့ ရှင်းပြနိုင်မှာမဟုတ်ဘူး။ အနည်းဆုံး ကျွန်တော်တို့ အထက်တန်းပညာ (၉)တန်း၊ (၁၀)တန်းပေါ့။ ဒီလောက်တတ်ရင်တော့ ကျွန်တော်တို့ စာကို ဖတ်မှတ်လေ့လာပြီးတော့မှ၊ သိရှိပြီးတော့မှ ဒီကအမျိုးတွေကို ကျွန်တော်တို့က ပြန်ပြီးတော့မှရှင်းပြနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာဆိုရင် နယ်စပ်ဒေသတွေမှာ အထက်တန်းကျောင်း ဘယ်နှစ်ကျောင်းရှိပြီလည်း။ ဒါတွေကိုလည်းပြန်လေ့လာဖို့လိုပါတယ်။ ကျွန်တော်တို့ဒေသမှမဟုတ်ဘူး။ အခြားဒေသတွေမှာလည်း ရှိနိုင်ပါတယ်။ ကချင်ပြည်နယ်တို့၊ ချင်းပြည်နယ်တို့၊ ကရင်ပြည်နယ်တို့၊ ကယားပြည်နယ်တို့ နယ်စပ်ဒေသမှာ နေတဲ့သူအားလုံး ဒီဒုက္ခတွေကိုခံစားနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်အခုအစိုးရ လက်ထက်အရောက်မှာ ကျွန်တော်တို့က ရွာတိုင်းမှာမူလတန်းကျောင်းရှိတယ်။ ကျွန်တော်တို့ ဒီအစိုးရလက်ထက်ရောက်မှ ရွာတိုင်းမှာဆရာ၊ ဆရာမရှိတယ်။ ဒီလိုရှိခဲ့တာတွေကလည်း ဘာလို့လည်းဆိုတော့ ကျွန်တော်တို့တစ်ချိန်တုန်းက တိုင်းပြည်မငြိမ်းချမ်းခဲ့လို့၊ ပြီးရင် ကျွန်တော်တို့ တိုင်းရင်းသား လက်နက်ကိုင်တွေက နှောက်ယှက်ခဲ့လို့၊ ဒီဟာမျိုးအနေအထားတို့ကြောင့် ကျွန်တော်တို့ ပညာရေးစနစ်၊ လမ်းပန်းဆက်သွယ်ရေးစနစ် အကုန်လုံးကျွန်တော်တို့ နောက်ကျခဲ့ရတာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျန်းမာရေးပါ။ ကျွန်တော်တို့ ကျန်းမာရေးဆိုရင်လည်း ကျွန်တော်တို့ ကျေးရွာတွေအထိ ဖြန့်ကျက်ပြီးတော့မှ ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်နိုင်ပြီလား။ ဒီလိုလုပ်နိုင်ရင်တော့ ကျွန်တော်တို့ အခုပြောတဲ့ ဦးခက်ထိန်နန်ဆွေးနွေးတဲ့အချက်တွေဟာ အားလုံးကောင်းမွန်ပါတယ်။ ကျွန်တော်တို့ ဒီကနေ့ ကျန်းမာရေးစနစ်

ဆိုတာ ကျွန်တော်တို့နယ်စပ်ဒေသတွေမှာ အခုအချိန်အထိ မြို့တွေတောင်မှ ဆရာဝန်အဆက်မပြတ် လာနိုင်တဲ့ အနေအထားမရှိပါဘူး။ ကျွန်တော်တို့ ဆရာဝန်တစ်ယောက် ကျွန်တော်တို့ဆီမှာတာဝန်ကျရင် ကျွန်တော်တို့ (၂)လ၊ (၃)လနေမယ်။ ပြီးရင်သူ့ရဲ့ရှေ့ရေးအတွက် Promotion စာမေးပွဲတွေ ဖြေတာရှိတယ်။ သင်တန်းတွေတက်ရတာရှိတယ်။ အဲဒါမျိုးပြောင်းသွားရင်တောင် ကျွန်တော်တို့ဆီမှာ စဉ်ဆက်မပြတ်လွှတ်ပေးနိုင်တဲ့ အနေအထားမျိုးမရှိသေးပါဘူး။ ဒါတွေကိုလည်း ထည့်စဉ်းစားရမှာ ဖြစ်ပါတယ်။

နောက် ပဥ္စမအချက်အနေနဲ့ ကျွန်တော်တို့ စိုက်ပျိုးရေး၊ စိုက်ပျိုးရေးဆိုရင်လည်း ကျွန်တော်တို့ဒေသမှာ အဓိကကတော့ တောင်ယာစနစ်ပဲစိုက်ပျိုးတာပါ။ ကျွန်တော်တို့ဒေသမှာ လယ်စိုက်တာတောင်မှ အင်မတန်ရှားပါတယ်။ ရှိတော့ရှိပါတယ်။ အင်မတန်ရှားပါတယ်။ အဲဒီလို စိုက်ပျိုးရေးဆိုရင်လည်း ကျွန်တော်တို့ဒီဘိန်းစိုက်တာနဲ့၊ ဘိန်းအစားထိုးသီးနှံစိုက်တာနဲ့ ဘယ်ဟာ အကျိုးရှိသလဲဆိုတဲ့ ပြောနိုင်တဲ့စိုက်ပျိုးရေးပညာရှင်တွေ စေလွှတ်ပေးဖို့ လိုပါတယ်။ ဥပမာပေါ့၊ ကျွန်တော်တို့ရှမ်းပြည်နယ်မှာဆိုရင် ဘိန်းအစားထိုးသီးနှံအတွက် ကျွန်တော်တို့ဂျပန်ကနေ ဂျုံဖြူမျိုးတွေစိုက်ထုတ်ပေးတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ ကျွန်တော်တို့ဒေသမှာတော့ အဲဒီဂျုံမျိုးတွေကို ကျွန်တော်တို့ စိုက်လို့ရနိုင်မယ်မထင်ပါဘူး။ ဘာလို့ရနိုင်မယ်မထင်ဘူးဆိုတာ ကျွန်တော်တို့ဆီက တောင်အတက်အဆင်းတွေက မတ်ပါတယ်။ တစ်တောင်ဆင်း၊ တစ်တောင်တက်နဲ့ ဒီလိုသွားရတာပါ။ ရှမ်းကုန်းမြေမြင့်လို မြေပြေပြေလေးနဲ့ သွားတဲ့အနေအထားမျိုး မဟုတ်ပါဘူး။ ကျွန်တော်တို့ဆီမှာတော့ ကျွန်တော်တို့ဒေသနဲ့ကိုက်ညီဆုံးကတော့ ကျွန်တော်တို့ ဟာလာကျီဖြစ်ပါတယ်။ အဲဒီဟာလာကျီကိုတော့ ကျွန်တော်တို့စိုက်ပျိုးပြီးတော့မှ ဘိန်းအစားထိုးသီးနှံအဖြစ် အခုလက်ရှိလည်း ကျွန်တော်တို့စိုက်ခိုင်းနေပါတယ်။ စိုက်လည်းစိုက်နေပါတယ်။ ဒီသီးနှံကတော့ ကျွန်တော်တို့ဒေသနဲ့အဆင်ပြေပါတယ်။ ဒီဟာမျိုးစိုက်ပျိုးနိုင်အောင် ကျွန်တော်တို့ငွေကြေးအရင်းအနှီးတို့၊ နည်းပညာတို့ ပံ့ပိုးပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ဦးခက်ထိန်နန်ရဲ့အဆိုထဲမှာ ကျွန်တော်တို့ ရပ်ကွက်၊ မြို့နယ်၊ ကျေးရွာအဆင့် ပြည်သူလူထုမှ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထောက်အကူပြုအဖွဲ့များကို တစ်နိုင်ငံလုံးတွင်ဖွဲ့စည်းပြီး သက်ဆိုင်ရာဌာန အုပ်ချုပ်ရေးအဖွဲ့များနဲ့ လက်တွဲ၍ တစ်နိုင်ငံလုံး နေရာလပ်မရှိအောင် ဆောင်ရွက်သွားလျှင် အင်မတန်ထိရောက်သော လူထုပါဝင်လှုပ်ရှားမှုရှိမှာ ဖြစ်ပါတယ်လို့ ဆိုသွားပါတယ်။ ဒီအချက်ကိုတော့ ကျွန်တော် တော်တော်သဘောကျတယ်။ သဘောကျတယ်ဆိုတာ ကျွန်တော်တို့ ဥပမာ ကျွန်တော်နေတဲ့မြို့ ခန္တီးပေါ့၊ ခန္တီးမှာ ပြည်သူ့လွှတ်တော် ဦးလှထွန်းက ဦးဆောင်ပြီးတော့မှ ဒီမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနဲ့ ပတ်သက်လို့ အဖွဲ့လေးတစ်ဖွဲ့ ဖွဲ့ပေးထားတယ်။ တော်တော်အောင်မြင်ပါတယ်။ ပထမတုန်းက ကျွန်တော်တို့(၁၂)ယောက်နဲ့ ဖွဲ့ပါတယ်။ အခုဆိုရင် အယောက်(၁၀၀)ကျော်သွားပါပြီ။ မူးယစ်ဆေးဝါးအမှုတွေကိုလည်း သူတို့ တော်တော်လေး ထိထိရောက်ရောက်နဲ့ ဖမ်းနိုင်ဆီးနိုင်ဖြစ်ပါတယ်။ အဲဒီလိုပါပဲ၊ ကျွန်တော်တို့ ပြည်သူလူထုတစ်ရပ်လုံးကနေ ပါပြီးတော့မှ ဒီအလုပ်ကိုလုပ်မယ်ဆိုရင် ကျွန်တော်တို့က မအောင်မြင်နိုင်စရာ မရှိပါဘူး။ ဒါပေမဲ့ ပြည်သူလူထုတစ်ရပ်လုံးက ဒီမူးယစ်ဆေးဝါးရဲ့ အသိတွေကို ကျွန်တော်တို့က ရှိနေရမှာဖြစ်ပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ အခြေခံဥပဒေမှာ ကျွန်တော် ပြန်ဖတ်ကြည့်လိုက်တဲ့ အခါမှာလည်း ကျွန်တော်တို့ ပြည်သူတို့ရဲ့ အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်တဲ့။ ကျွန်တော်တို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးရော၊ နယ်မြေဒေသ ငြိမ်းချမ်းတည်ငြိမ်ရေးရော ကျွန်တော်တို့ပြည်သူတစ်ရပ်လုံးက ပါဝင်ပြီးလုပ်မယ်ဆိုရင်တော့ အားလုံး အောင်မြင်နိုင်ပါတယ်လို့ ဆွေးနွေးရင်းနဲ့ ဦးခက်ထိန်နန်ရဲ့အဆိုကို ကျွန်တော်ထောက်ခံပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၉။**

**ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ အထူး ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ဒုတိယဝန်ကြီး၊ ကိုယ်စားလှယ်တော် လူကြီးမင်းများအားလုံး ကျန်းမာကြပါစေခင်ဗျား။ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်ရဲ့ တင်သွင်းတဲ့ မြန်မာနိုင်ငံမှာ ကင်ဆာရောဂါ ကဲ့သို့သော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနဲ့ ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံ ပြည်သူလူထု ပါဝင်ပြီးတော့ ဆန့်ကျင်တိုက်ဖျက်ရေးဆိုတဲ့ အဆိုကို ကျွန်တော်ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့ မှ အဆိုဖြစ်တဲ့ မြန်မာနိုင်ငံမှာ ကင်ဆာရောဂါကဲ့သို့ဆိုတာထက် နောက်ပြီးတော့ လူသတ်နာဂစ်မုန်တိုင်းကဲ့သို့ ပြင်းထန်ကြောက်မက်ဖွယ်ကောင်းသောဆိုတာနဲ့ အမွှန်းတင်ဖြည့်စွက် ဆွေးနွေးသွားပါ့မယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆိုတဲ့စကားဟာ ဆေးဝါးအပြင် ဘိန်း၊ အရက်သေစာတွေလည်း ပါဝင်ပါတယ်။ ရှေးလူကြီးတွေရဲ့စကားအရ တန်ဆေးလွန်ဘေးဆိုတဲ့ ဆုံးမစကားဟာ အရက်သေစာ သောက်စားမူးယစ်ခြင်းအနေနဲ့တော့ အကျုံးဝင်ပါတယ်။ ဒါပေမဲ့ လွန်တာက များပါတယ်။ ဘိန်း၊ ဆေးဝါးသုံးစွဲခြင်းကတော့ တန်ရင်လည်းဘေး၊ လွန်ရင်လည်း ဘေးဆိုတာကို တွေးကြည့်စရာတောင် မလိုပါဘူး။ အားလုံးလည်း သိနေကြပါတယ်။ အဲဒီလိုသိနေကြရက်နဲ့ မြန်မာနိုင်ငံမှာ ကင်ဆာရောဂါ ကဲ့သို့တစ်နည်းအားဖြင့် လူသတ်နာဂစ်မုန်တိုင်းကဲ့သို့ ပြင်းထန်ကြောက်မက်ဖွယ် ကောင်းလောက် အောင် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနဲ့ ဘိန်းစိုက်ပျိုးခြင်းတို့ကို ဘာကြောင့် များ လှိုင်းလုံးကြီးသဖွယ် အရှိန်အဟုန်ပြင်းပြင်းနဲ့ စံချိန်မြင့်နေရသလဲဆိုတာကို ကျွန်တော် ကရင် ပြည်နယ်ရဲ့ ယနေ့ ဖြစ်ပေါ်နေတဲ့ လက်တွေ့အခြေအနေပေါ်မှာ အချို့ကို မီးမောင်းထိုးပြ ဆွေးနွေး သွားပါမယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့မြန်မာနိုင်ငံတစ်နိုင်ငံလုံးရဲ့ အနှံ့အပြားမှာ ဘိန်းနဲ့မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ သောက်စားမူးယစ်သုံးစွဲမှုတွေဟာ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာဇနပုဒ်ပါမကျန် လူငယ်၊ လူလတ်၊ လူကြီး၊ မိန်းမ၊ ယောကျာ်း တော်တော်များများ သုံးစွဲခြင်း၊ စွဲလန်းခြင်းများ ရှိနေပြီ ဖြစ်ကြောင်း အဆိုရှင်ကပြောထားသလို ကျွန်တော်တို့ ကရင်ပြည်နယ်ရဲ့ အနေအထားမှာ ဘိန်းနဲ့ မူးယစ်ဆေးဝါးကို စိုက်ပျိုးထုတ်လုပ်ခြင်း လုံးဝမရှိဘဲ ဘိန်းနဲ့ပတ်သက်တဲ့ ဘိန်းဖြူ ဘိန်းမဲ ရောင်းဝယ်

ဖောက်ကားခြင်းများ မရှိသလောက် အလွန်နည်းပါးပါတယ်။ အဲဒါကိုနည်းပါးတယ်လို့ လေ့လာသိရှိရပါတယ်။ ဒါပေမဲ့ အရက်သေစာ၊ ဆေးခြောက်နှင့် အဆိုးဆုံးကမူးယစ်ဆေးဝါးဖြစ်တဲ့ WY တံဆိပ်တွေနဲ့ ရာမလား၊ ဒဿလား၊ မယ်သီတာလားတော့ မပြောတတ်ဘူး။ စိတ်ကြွရူးသွပ်ဆေးပြားဖြစ်တဲ့အများအခေါ် မြင်းဆေးကိုတော့ ရောင်းဝယ်သောက်စားသုံးစွဲမှုတွေဟာ အံ့မခန်းအောင်ထမင်းစား၊ ရေသောက်သဖွယ် ပဲလှော်ဝါးစားနေကြသလိုတောင် ပြောရတော့မှာဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုရင် လူငယ်၊ လူလတ်၊ လူကြီးတွေတောင်မကတော့ပါဘူး။ စာသင်အရွယ်အလယ်တန်း၊ အထက်တန်းနဲ့ တက္ကသိုလ်၊ ကောလိပ်ကျောင်းသား၊ ကျောင်းသူ၊ မိန်းမ၊ ယောကျ်ားပါမကျန် ဆေးခြောက်၊ မူးယစ်၊ စိတ်ကြွဆေးဝါးသုံးစွဲနေကြတဲ့အတွက် မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးဉာတကာများကအစ အထူးစိုးရိမ်ကြောင့်ကျ ဗျာပါဒတွေ ဖြစ်နေကြပါတယ်ခင်ဗျား။ ဒါ့အပြင် လက်သမား၊ ပန်းရံသမား၊ နေ့လုပ်နေ့စားသမား၊ အလုပ်သမားအချို့တွေဟာလည်း မိမိရဲ့ အခကြေးငွေထက် မူးယစ်ဆေးဝါးကိုပင်တောင်းဆိုနေကြပြီဖြစ်ကြောင်းနဲ့ အဆိုရှင်ပြောခဲ့သလို လုပ်ငန်းရှင်အချို့သာမက အချို့နိုင်ငံ့ဝန်ထမ်းအထိ စိမ့်ဝင်သုံးစွဲနေကြတာကို ထောက်ရှုခြင်းဖြင့် ယုံမှားသံသယရှိစရာတောင်မလိုတော့ပါဘူး။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး စိတ်မကောင်းစရာ၊ စိတ်ပျက်စရာအချို့ကိုပြောရရင် လယ်ပိုင်ရှင်များက ထယ်ထိုး၊ လယ်ထွန်၊ ကောက်စိုက်၊ ကောက်နှုတ် နေ့စားအငှားခေါ်တဲ့အချိန်မှာ ထယ်သမား၊ ထွန်သမား၊ ကောက်စိုက်သမားတွေကို တောအရက်ထက်စာရင် မြင်းဆေးနဲ့ဆွယ်ပြီးပေးနိုင်တဲ့ လယ်ပိုင်ရှင်တွေဆီကိုပဲ အလုအယက်နေ့စား လိုက်တာများပါတယ်။ အဲဒါထက်ဆိုးတာက ကျွန်တော်တို့ ယခင်ရိုးရာဓလေ့ ပျော်ပွဲရွှင်ပွဲ၊ ဘာသာရေးပွဲတွေမှာ ကျေးလက်တောရွာဓလေ့အရဆိုရင် ပါဝင်ချက်ပြုတ်ကြတဲ့ အိုးသူကြီးတွေ၊ ကြိုဆိုဧည့်ခံကျွေးမွေးကြတဲ့ ကာလသား၊ ကာလသမီးတွေကို အလှူပြီးချိန်မှာ မိမိတို့ရဲ့အပမ်းဖြေဖို့အတွက် အလှူရှင်ကအောင်ပွဲအဖြစ်စားသောက်ဖွယ်ရာများ၊ တောအရက်များနဲ့ ဆုချလို့ရပေမယ့်လည်း အခုအခါမှာတော့ စားသောက်ဖွယ်ရာများနှင့်မပြီးတော့ဘဲ မူးယစ်ဆေးဝါး မြင်းဆေးကိုပင် တောင်းဆိုလာကြတဲ့အတွက် စီစဥ်ဝယ်ယူပေးရတဲ့အခြေအနေမျိုးတောင် ဖြစ်လာတာ ရင်လေးစရာဖြစ်နေပါတယ်ခင်ဗျား။ အဲဒါနဲ့ဆက်စပ်ပြီးတော့ ထူးခြားတဲ့အချက်က ဘာလဲဆိုတော့ တောလက်ကျေးရွာ ရိုးရာဓလေ့ပျော်ပွဲရွှင်ပွဲ၊ အလှူပွဲတွေ လုပ်မယ်ဆိုရင် ရွာရဲ့ရိုးရာဓလေ့ထုံးစံအရ ရွာရဲ့စောင့်နတ်၊ ရွာစောင့်နတ်ပေါ့။ ဒါမှမဟုတ် ရွာရဲ့ဘိုးဘိုးကြီးလို့ခေါ်ရမလားမသိဘူး။ ပွဲတော်ကျင်းပဖို့အတွက် ယခင်က သွားရောက်တိုင်တည်ပူဇော်ပသတဲ့ အစဥ်အလာမှာ အချို့တောအရက်၊ ကြက်၊ ဝက် ဒါမှမဟုတ် အချို့သက်သတ်လွတ်တွေနဲ့ အစဥ်အလာမပြတ် ဆောင်ရွက်ကြပေမယ့် ယခုအခါမှာတော့ ပွဲတော်အတွင်း မူးယစ်သောက်စား၊ လောင်းကစား၊ မူးယစ်ဆေးဝါးတွေနဲ့ စည်းလွတ်ဝါးလွတ်ဖြစ်နေတဲ့အပေါ်မှာ ရန်ဖြစ်၊ စကားများ၊ ဖောက်ပြန်မှုအမျိုးမျိုးတွေနဲ့ ဆူပူသောင်းကျန်း ပွဲပျက်သွားတာတွေလည်းများလာတော့ တိုင်တည်ထားတဲ့ ရွာစောင့်ဘိုးဘိုးကြီးတောင် ထိန်းမနိုင်၊ သိမ်းမနိုင်လို့ နောက်ထပ်ဘိုးဘိုးကြီးကို သွားရောက်ပြီး မြင်းဆေးနဲ့ပူဇော်ပသ တောင်းပန်တိုင်တည်ရမယ့် အခြေအနေလို့တောင် ဖြစ်သွားမလားမပြောတတ်တော့ပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကရင်ပြည်နယ်နဲ့ ကျန်ဒေသအသီးသီးရဲ့ နိုင်ငံတော်အတွင်း သက်ဆိုင်ရာတိုင်းရင်းသားများ သက်ဝင်ယုံကြည်ကြတဲ့ ဘာသာအသီးသီးရဲ့ အဆုံးအမ

ယဉ်ကျေးမှုတွေ၊ အစဉ်အလာကြီးမားခဲ့တဲ့ နိုင်ငံဖြစ်သလို မိမိတို့ရဲ့ဓလေ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ခဲ့ကြတာလည်း နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အခုလို မူးယစ်ဆေးဝါး သုံးစွဲမှုများပြားလာခြင်းကြောင့် အမှားကိုအမှန်ထင်၊ အမှန်ပဲလို့ထင်တဲ့ အမှားမူးယစ်ဆေးဝါးတွေကို နောင်အခါမှာဓလေ့တစ်ခုအဖြစ် လက်ခံလာကြရင်တော့ ကျွန်တော်တို့ရဲ့ နိုင်ငံလူသားအရင်းအမြစ် သမိုင်းဟာ မစဉ်းစားဝံ့စရာ၊ မတွေးဝံ့စရာ ဖြစ်ရပါတော့မယ်။ ဘာကြောင့်လည်းဆိုရင် မူးယစ်ဆေးဝါး ကြောင့် ဆက်စပ်ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေဟာ ရူးသွပ်ခြင်း၊ လောင်းကစားဖက်ခြင်း၊ ဖို/မကိစ္စဖောက်ပြန်မြူးထူးပျော်ပါးခြင်း၊ ခိုက်ရန်ဒေါသ၊ ဆိုးတေမိုက်မဲ၊ ရာဇဝတ်မှုများ ကျူးလွန် ခြင်း၊ အကျင့်စာရိတ္တ ယိုယွင်းပျက်စီးခြင်းနဲ့ အိန္ဒြေမဲ့တဲ့အရှက်တရားကင်းပြီး လူ့ကျင့်ဝတ်၊ လူ့သိက္ခာမရှိ တော့ခြင်း စတာတွေဟာ အင်မတန်မှရင်လေးစရာတွေ ဖြစ်ရပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြဆွေးနွေးခဲ့တဲ့ အချက်တွေကို ခြုံပြီး သုံးသပ်မယ်ဆိုရင် ဆေးဝါးသုံးစွဲခြင်းဟာ ရောင်းသူရှိခြင်းကြောင့် သုံးစွဲနေကြတယ်။ ရောင်းသူရှိခြင်း ဟာလည်း ဖြန့်ဖြူးဖောက်ကားသူရှိခြင်းကြောင့် ဖြစ်တယ်။ ဖြန့်ဖြူးဖောက်ကားနိုင်ကြခြင်းဟာ သယ်ယူ တင်သွင်းသူရှိလို့ပဲ ဖြစ်ပါတယ်။ အဲဒီလို သယ်ဆောင်တင်သွင်းဖို့ဆိုတာကလည်း စိုက်ပျိုးထုတ်လုပ်မှု ရှိလို့တာလည်း ငြင်းလို့မရပါဘူးခင်ဗျား။ စိုက်ပျိုးထုတ်လုပ်နေကြတာဟာလည်း စီးပွားရေး ငွေကြေး ခနေ တွက်ခြေကိုက်လို့ဆိုတဲ့ အဲဒီဆက်နွယ်လည်ပတ်နေတဲ့ သံသရာကြီး တစ်နေ့ထက် တစ်နေ့ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ် ပိုမိုအားကောင်း ထုထည်ကြီးမားလာတာတော့ တစ်ဦး တစ်ယောက်တည်း၊ မိသားစုတည်း၊ အဖွဲ့ငယ်လေးတစ်ဖွဲ့တည်း၊ မူးယစ်ဆေးဝါး ပပျောက်ရေးဌာန တစ်ခုတည်းနဲ့ ထိရောက်အောင်မြင်အောင် ဆန့်ကျင်တိုက်ဖျက်ဖို့တော့ ခက်ခဲမှာပဲ အမှန်ပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြထားတဲ့ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးများ တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့၊ ကဏ္ဍအလိုက်အဖွဲ့(၁၀)ဖွဲ့၊ နိုင်ငံတကာအဖွဲ့တို့နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဗဟိုရုံး၊ မူးယစ်ဆေးဝါးပပျောက်ရေးဌာန၊ မူးယစ်အထူးတို့ဟာ မဟာဗျူဟာ၊ နည်းဗျူဟာ စစ်ဆင်ရေးစီမံကိန်းနဲ့ စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နေကြသော်လည်း စိုက်ပျိုး၊ ရောင်းဝယ်၊ ဖောက်ကား၊ သုံးစွဲသူနဲ့ အမှုအခင်းများသာ ပိုမို၍ များလာတယ်လို့ ဆိုပါတယ်။ အဲဒါ ဘာကြောင့်လဲ ဆိုတာကို သုံးသပ်အဖြေရှာရမှာ ဖြစ်ပါတယ် ခင်ဗျား။ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို (၅)နှစ်စီ (၃)ပိုင်းခွဲ ဆုံးရွက်ခဲ့သော်လည်း ပထမပိုင်းသာ သိသိသာသာကျဆင်း သွားပြီး၊ ကျန်တဲ့ ၂၀၀၇ ခုနှစ်နောက်ပိုင်း ယနေ့အထိ ပြန်လည်မြင့်တက်လာတယ်လို့ သိရပါတယ်။ အခု နောက်ထပ်(၅)နှစ်သက်တမ်း (၄)ပိုင်းအနေနဲ့ ပြန်တူးတယ်လို့ဆိုပါတယ်။ ဒါဆိုရင် (၄)လမ်း ကြောပိုင်းလို့ ဆိုရတော့မှာပေါ့။ အဲဒီလိုထပ်ပြီး လမ်းကြောပေးတဲ့ စီမံကိန်းမျိုးဖြစ်သွားမယ်ဆိုရင် တော်တော်ခက်ပါဦးမယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်ရဲ့ စီမံကိန်းဆောင်ရွက်မှုအနေအထားကို အနည်းငယ် သုံးသပ်ဆွေးနွေးလိုပါတယ်။ ယခင်အစိုးရလက်ထက်၊ မှောင်ခိုခေတ်လို့ခေါ်ကြတဲ့ ကာလကို ပြန်ပြီးတော့ မီးမောင်းထိုးကြည့်မယ်ဆိုရင် ဖားအံ-မြဝတီခရီးဟာ အတားအဆီးမရှိ နေချင်းပြန် နှစ်ခေါက်လောက် ကားနဲ့သွားလို့ရတာကို အဲဒီတုန်းက နံနက်(၆)နာရီက ထွက်ရင် ည(၈)နာရီ၊ (၉)နာရီလောက် ရောက်၊ တစ်ခါတလေ နောက်နေ့တောင် ကူးသွားတာတွေ၊ လမ်းတစ်လျှောက်

ဝါးတားဂိတ်၊ ဓားတားဂိတ်၊ လက်ဝါးတားဂိတ်၊ အလံတိုင်တဲ့တားဂိတ်၊ ကားရှေ့မတ်တပ်ရပ် လူတားဂိတ်တွေဟာ ပလူပျံနေလို့ပဲ ဖြစ်ပါတယ်။ ပြောစမတ် ဆိုရိုးစကားတော့ ကျန်ပါသေးတယ် ခင်ဗျား။ (၁၂)လက်မ (၁)ပေ၊ (၃)ပေ (၁)ဂိတ်၊ (၂၂)ဂိတ် (၁)ကတုတ်၊ (၁၀)ကတုတ် အရင်းပါ ပြုတ်တဲ့ (၁)ဖာလုံ၊ (၈)ဖာလုံဆို ဟိုဟာတွေ ဖြစ်ကုန်တယ်ဆိုတဲ့ စကားဟာ ဒီနေ့အထိကို ပြန်လည် သတိရနေမိပါတယ်။ အဲဒီအချိန်ဟာတော့ မူးယစ်ဆေးဝါးဆိုတာ ကရင်ပြည်နယ်မှာ မရှိသေးပါဘူး။ နောက်ပိုင်း အခုကျတော့ အခုလို အတားအဆီးမျိုးနဲ့ နည်းသွားပေမယ့် မြန်မာပြည်မြောက်၊ အရှေ့မြောက်၊ အထက်ပိုင်းတွေကနေပြီးတော့ ကျွန်တော်တို့ အောက်ပိုင်းအထိ မြေလတ်တွေ ကိုကျော်၊ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်း ကဏ္ဍအသီးသီးနဲ့ မူးယစ်ဆေးဝါးတားဆီး ကာကွယ်နှိမ်နင်းရေး အဖွဲ့ အထပ်ထပ်တွေကြားမှာ အဓိကသယ်ဆောင်သူ၊ သယ်ဆောင်လို့ရတဲ့သူ၊ သယ်ဆောင်နိုင်သူ၊ ဘယ်သူတွေက၊ သယ်သူတွေနဲ့ပေါင်းပြီး၊ ဘယ်ပုံစံနဲ့ နာဂစ်လှိုင်းလုံးကြီးသဖွယ် ဘယ်လိုလုပ် ဝင်လာ ရသလဲဆိုတာ ကျွန်တော့်အနေနဲ့ စဉ်းစားလို့ မတတ်တော့ပါဘူး ခင်ဗျား။ ဒါပေမဲ့ ကရင်ပြည်နယ် လူထုများက အားလုံးလိုလို သိနေကြပါတယ်။ ကျွန်တော်ကတော့ လည်ပင်းလည်းယား၊ ကျောလည်း ယားလို့ မသိဘူးလို့ပဲ ပြောလိုက်ပါ့မယ် ခင်ဗျား။

ဒါကြောင့် ယခုဆိုရင် ဒေသခံပြည်သူတွေက နောင်မျိုးဆက်သစ်များ၏ လက်ရှိ မူးယစ် ဆေးဝါးအန္တရာယ်ကို လွန်စွာစိုးရိမ်လာကြလို့ မိမိတို့ဒေသခံလူထုများမှ မူးယစ်ဆေးဝါးတားဆီး ကာကွယ်နှိမ်နင်းရေးကို ပူးပေါင်းဆောင်ရွက်လိုကြတဲ့အတွက် အဆိုရှင် တင်သွင်းသော ဒေသခံ ပြည်သူလူထုများကိုယ်စား ရပ်/ကျေး၊ မြို့နယ်၊ ခရိုင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အထောက်အကူပြု အဖွဲ့အဆင့်ဆင့်ကို ဒေသခံပြည်သူလူထုပါဝင်၍ အောင်မြင်အောင် အမြန်ဆုံး ဆောင်ရွက်သင့် ပါကြောင်း ပြည်ထောင်စုအစိုးရကို ထပ်ဆင့်တိုက်တွန်းရင်း နိဂုံးမချုပ်ခင်လေးမှာ ဥက္ကဋ္ဌကြီး ခင်ဗျား။ အချိန်အကန့်အသတ်ရှိတဲ့အတွက် ကျွန်တော် ခုနက ဆက်စပ်တဲ့ ကရင်ပြည်နယ်ရဲ့ အနေအထား၊ ဥပမာ သာဓကလေးတစ်ခုကို ကျွန်တော် ချန်လှပ်ထားပါတယ်။ အချိန်အကန့်အသတ် ရှိတဲ့အတွက် နည်းနည်းလေး ကျန်တာလေးကို ပြန်ပြီးတော့ပြောပြီး နိဂုံးချုပ်ပါမယ်။

ကျွန်တော်တို့ ကရင်ပြည်နယ်လူထုတွေကို အထက်ပါမူးယစ်ဆေးဝါးစိတ်ဓာတ် စိတ်ကြွဆေး ကိစ္စနဲ့ ဆက်စပ်ပြီးတော့ ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို ထင်ဟပ်ဖော်ညွှန်းသရော်ထားတဲ့ ပညာပေး ကရင်တေးသီချင်းဆိုရင်း အင်မတန်မှ ကျော်ကြားအောင်မြင်ထိရောက်လှတဲ့ ကရင်တေးတစ်ပုဒ် ရှိခဲ့ပါတယ်။ ကရင်တစ်မျိုးသားလုံး လူကြီး၊ လူငယ်၊ လူလတ်၊ ကျောင်းသား၊ ကလေးသူငယ်၊ ပျိုပျို၊ အိုအို၊ မိန်းမ၊ ယောကျ်ား၊ ဘုန်းကြီးကျောင်းသား၊ နွားကျောင်းသားပါမကျန် ပါးစပ်ဖျားမှာ ယနေ့အထိ ပေါ်လွင်ထင်ရှားကျန်ရစ်နေခဲ့ပါတယ်။ အဲဒါက ကရင်လိုဆိုထားပေမယ့် အဓိပ္ပာယ်လေးကတော့ ကျွန်တော်တင်ပြထားတဲ့အချက်တွေပေါ်မှာပဲ ခြုံငုံသုံးသပ်တဲ့ သဘောတော့ ပါပါတယ်။ အဲဒီစာရေး ဆရာက နောက်ဆုံး သူနဲ့သိတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ဒီမူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ ဖြစ်ပျက်တဲ့ အနေအထားအမှန် သူတွေ့လိုက်ရတာက ပွဲတော်တစ်ခုမှာ ပွဲဖြစ်နေတဲ့အချိန်၊ အဲဒီ ကောင်မလေး ကလည်း ထိုင်းက ပြန်လာတာလား။ ဒီကပဲလား မသိဘူး။ ငယ်ငယ်ရွယ်ရွယ်နဲ့ သူနဲ့ခင်တဲ့ ကောင်မလေးတစ်ယောက်က အဲဒီဟိုယောကျ်ားလေးတွေနဲ့ကို စားသောက်ဝိုင်း၊ အရက်ဝိုင်းမှာ ဘီယာတွေသောက်၊ ဘာတွေသောက် သူ့တွေ့ရတာ ဝတ်ထားတာကလည်း မလုံမလဲ။ အဲဒါလေးကို သူ ကရင်လို ဆိုသွားပါတယ်။

ကရင်စကားလေးနဲ့ အဲဒါကိုပြောပြရင်း၊ ပြောပြရင်းနဲ့ နောက်တော့တစ်ခါ ပွဲတော်ဖြစ်လာတာနဲ့ လောင်းကစားဝိုင်းမှာသွား၊ နောက်သူ လောင်းကစားရှုံး၊ ရှုံးတဲ့အခါကျတော့ အဲဒီယောက်ျားလေးတစ်ယောက်၊ နှစ်ယောက်နဲ့ ခေါ်ပြီးတော့သွားတာကို သူက လိုက်ကြည့်တယ်။ ဒါ သူကရင်လိုဆိုသွားတာ။ အဲဒီအကြောင်းလေးကို ဇာတ်လမ်းလေးသဘောတစ်ခုလို ဆိုသွားတဲ့အပိုင်း၊ လိုက်ကြည့်ပြီးတော့ ဟိုမှာကြည့်တဲ့အခါကျတော့ နောက် အဲဒီမြင်းဆေးတွေ သောက်နေကြတယ်။ ကောင်မလေးနဲ့ ယောက်ျားလေး၊ မြင်းဆေး သောက်တာကိုတွေ့တော့ သူစစချင်း နောက်ဆုံး မြင်းဆေး သောက်လာတော့ သူမူးလာတယ်။ ဒီစိတ်ကြွဆေး ဖြစ်လာတယ်။ ကျန်တာမဖြစ်သင့်တာတွေ အမျိုးစုံဖြစ်သွားတာပေါ့။ အဲဒီတော့ နောက်နေ့မှာ သူကတွေ့တဲ့အခါကျ ကလေးမလေး နင်ဘာလုပ်တာလဲ။ ဒီကိစ္စကို မလုပ်ပါနဲ့၊ ဒီကိစ္စဟာ မိဘဆွေမျိုးသားချင်း မောင်နှမတို့ရဲ့၊ တစ်မျိုးသားလုံးရဲ့ ဂုဏ်သိက္ခာ၊ ကိုယ့်ရဲ့အကျင့်စာရိတ္တပျက်ပြားပါတယ်။ ဘာတယ်၊ ညာတယ်ဆိုတဲ့သီချင်းလေးကို ကရင် ဆိုပြီးတာနဲ့ ကောင်မလေးက သူဘာပြန်ပြောသလဲဆိုရင် နောက်ဆုံးအပိတ်ကလေးမှာ ဗမာစာသား တစ်ကြောင်းလေးနဲ့ ပိတ်သွားပါတယ်။ အဲဒါလေးကို နည်းနည်းလောက် အဲဒီတစ်ကြောင်းလေးကို ဆိုခွင့်ပြုပါ။ ကောင်မလေးပြန်ပြီး ပြောလိုက်ပါတယ်တဲ့၊ နင်ဘာသိလို့လဲ အကိုရယ် ဆိုပြီးတော့ ဗမာစာလုံးလေးက ပျော်လည်းပျော်၊ ပိုက်ဆံလည်းရ၊ ကျန်းမာရေးကောင်းတယ်ဆိုတဲ့ အဲဒီ ကောင်မလေးက သူ့ကို အဲဒီလို ပြန်ပြောပါတယ်ဆိုတာနဲ့ ကွန်တော် ပြန်ပြီးတော့ ဖြည့်စွက် တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ်ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၄း၀၄)နာရီတွင် ရပ်နားပြီး (၁၄း၁၉)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၄း၁၉။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည် စတင် တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၄း၂၃။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၂၃။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ ချစ်ခင်လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကော်မတီအဖွဲ့ဝင်များနှင့်

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ ဖြစ်လာသော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထု ပါဝင်၍ ဆန့်ကျင်တိုက်ဖျက်ရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆိုရှင်ဟာနိုင်ငံတော်အတွင်း နေရာအနှံ့အပြားမှာ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ဆိုးကျိုး ပေးနေတဲ့ ဒီမူးယစ်ဆေးဝါး အန္တရာယ်ဟာ တစ်စတစ်စ ကြီးထွားလာနေတဲ့အတွက် ပြည်သူလူထုနဲ့ အတူ ဥပဒေပြုမဏ္ဍိုင်ကြီးဖြစ်တဲ့ ကျွန်မတို့ လွှတ်တော်အနေနဲ့ကလည်း ပါဝင်ဆန့်ကျင် တိုက်ဖျက် သွားမှာ ဖြစ်ကြောင်းဖြင့် ဒီအဆိုကို တင်သွင်းခဲ့တယ်လို့ ကျွန်မအနေနဲ့ ယူဆပါတယ်။

အဆိုရှင်ကိုလည်း တိုင်းပြည်နဲ့ လူမျိုးအတွက် များစွာဂုဏ်ယူပါကြောင်း ဦးစွာပြောကြား လိုပါတယ်ရှင်။ အဆိုရှင် အဆိုတင်သွင်းစဉ်ကလည်း မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးအန္တရာယ်ကို ကိုယ်တွေ့ နဲ့ ယှဉ်ပြီးတော့ တင်ပြခဲ့သလို မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် နိုင်ငံတော်မှ စီမံကိန်းချ ဆောင်ရွက်နေမှုတွေကိုလည်း ပြည့်ပြည့်စုံစုံ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး အန္တရာယ်ကြောင့် နောက်ဆက်တွဲ လူမှုဒုက္ခတွေနဲ့ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးဆိုင်ရာ ကျင့်ဝတ် တွေ၊ စွမ်းဆောင်ရည်တွေ ပျက်သုန်းပြီးတော့ အသိဉာဏ်တွေ ဖောက်ထွင်းယိုယွင်း သွားတဲ့အထိ အဆုံးအစမရှိတော့တဲ့ အနိဋ္ဌာရုံများကို တွေ့ကြုံခဲ့ရပါတယ်။ ကျွန်မတို့ မိခင်တစ်ယောက်အနေနဲ့ လည်း မူးယစ်ဆေးဝါးကြောင့် ကိုယ်ရဲ့သားသမီးအနာဂတ်အတွက်လည်း အင်မတန် ရင်လေး စိုးရိမ်မိ ပါတယ်။ သားသမီးတစ်ဦးဦးက မူးယစ်ဆေးဝါးရဲ့ သားကောင်ဖြစ်သွားပြီဆိုရင် မိသားစု အားလုံး စိတ်ဒုက္ခခံစားရမယ်။ မိသားစုရဲ့ စီးပွားရေး အားလုံးလည်း ဆုံးရှုံးနစ်နာသွားရပါမယ်။ ဒါကြောင့် မိခင်တစ်ယောက်အနေနဲ့ရော၊ မိခင်အားလုံးရဲ့ကိုယ်စား ခံစားတင်ပြခြင်း ဖြစ်ပါတယ်။

ယနေ့ တစ်ကမ္ဘာလုံး လူသားအားလုံး ကြုံတွေ့နေကြရတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို အန္တရာယ်ပြုဖျက်စီးနေတဲ့နေရာမှာ အစွမ်းထက်သလို၊ တွန်းလှန်ဖယ်ရှားဖို့အတွက်လည်း သိမ်မွေ့နက်နဲ ခက်လဲလှပါတယ်။ ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံကို ကိုလိုနီနယ်ချဲ့တွေက ရေရှည်အုပ်ချုပ်နိုင်ရေးကို မျှော်ကိုးပြီးတော့ တရုတ်လူမျိုးအားလုံး ဘိန်းစားများဖြစ်အောင် ဘိန်းတွေ တင်သွင်း သုံးစွဲပြီးတော့ နိုင်ငံရဲ့အကျိုးစီးပွားတွေကို အမြတ်ထုတ်ခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း သတိပြုရမှာက ဘိန်းစိုက်ပျိုးထုတ်လုပ်မှု၊ သုံးစွဲရောင်းဝယ်ဖောက်ကားမှုဟာ ဒီထက် ပိုမိုများပြားလာ မယ်ဆိုရင် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကိုပါ ထိပါးလာနိုင်တဲ့အထိ ဒုက္ခပေးလာနိုင်တဲ့အတွက် ကာကွယ်တွန်းလှန်သွားဖို့ လိုအပ်ပါတယ်။ ဒါကို ဘယ်လိုတွန်းလှန်ကြမယ်ဆိုပြီးတော့ နည်းအမျိုးမျိုးနဲ့ ပြည်တွင်းရော၊ ပြည်ပနိုင်ငံ၊ ဒေသတွင်းနိုင်ငံများနှင့်ရော ပူးပေါင်းပြီး မူးယစ်ဆေးဝါးအန္တရာယ် တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်နည်းစဉ်တွေကို မဟာဗျူဟာ၊ နည်းဗျူဟာတွေ ချမှတ်ပြီး လုပ်ဆောင်နေကြပါတယ်။

မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပပျောက်ရေး သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ကမ္ဘာတစ်လွှားက မူးယစ်ဆေးဝါးအန္တရာယ်ကို အထိတ်တလန့် သတိပြုမိခြင်း မရှိသေးသည့် အချိန်

ကတည်းက တားဆီးနှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၉၈ ခုနှစ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် ကာကွယ်တားဆီးရေးဗဟိုအဖွဲ့ကနေပြီးတော့ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးလုံးဝချုပ်ငြိမ်း ပပျောက်စေရန်အတွက် ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ (၁၅)နှစ် စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့ရာကနေ နောက်ထပ် (၅)နှစ်တိုးပြီး ၂၀၁၉ ခုနှစ်အထိ စီမံကိန်းထပ်မံ တိုးချဲ့ခဲ့ကြောင်း သိရပါတယ်။ မြန်မာတပ်မတော်ဘက်ကလည်း ဘိန်းစိုက်ခင်းတွေကို မိုးဟိန်း စစ်ဆင်ရေး၊ ငရဲပန်း စစ်ဆင်ရေး၊ တောင်ယံရှင်းစစ်ဆင်ရေးတွေနဲ့ နှိမ်နင်းခဲ့ကြပါတယ်။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကြီးကလည်းပဲ ပညာပေးဟောပြောပွဲတွေ အရှိန်မြှင့် လှုံ့ဆော် စည်းရုံးဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဌာန၊ အာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်ကလည်း ပူးပေါင်းပြီး နှစ်စဉ် ဖမ်းဆီးနှိမ်နင်းပြီး ကြိုးစားဖော်ထုတ် နိုင်ခဲ့ကြပါတယ်။

ဒီလိုလုပ်ဆောင်နေပါလျက်နဲ့ ၂၀၁၃ ခုနှစ်၊ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုဟာ ၂၀၁၂ ခုနှစ်ထက် စိုက်ပျိုးမှုမှာ (၁၃)ရာခိုင်နှုန်း နဲ့ ထုတ်လုပ်မှုမှာ (၂၆)ရာခိုင်နှုန်းတိုးတက်လာတာကို တွေ့ရှိရပါတယ်။ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး UNODC ကလည်း (၁၁)ကြိမ်မြောက် AIPA မူးယစ်ဆေးဝါးအန္တရာယ် တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်ရှာဖွေရေးဆိုင်ရာ ကော်မတီ အစည်းအဝေးမှာ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာကြောင်းကိုလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။ အမေရိကန်နိုင်ငံမှာတော့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး သမ္မတရော်နယ်ရေဂင် အစိုးရလက်ထက်မှာ အထက်လွှတ်တော်အမတ် ဂျိုးဇက်အာဗီတင် က အမျိုးသားမူးယစ်ဆေးဝါး ဦးဆောင်မှုဆိုင်ရာ ဥပဒေမူကြမ်းတစ်ရပ်ကို တာဝန်ခံ တင်သွင်းခဲ့ပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ခေါင်းဆောင်ဖို့ ဝန်ကြီးအဆင့်ရာထူး တစ်နေရာထားရှိဖို့ တောင်းဆိုခဲ့ပါတယ်။ လွှတ်တော်အမတ်က ဗဟိုရဲ့ညှိနှိုင်းထားတဲ့ ယန္တရားစနစ်မပါဘဲနဲ့ နိုင်ငံရေးအရ လုပ်ပိုင်ခွင့်တွေကို အေဂျင်စီများကသာ အသုံးပြုကြမယ်ဆိုရင် ထိရောက်မှု အနည်းငယ်သာ ရလိမ့်မယ်လို့ တင်ပြခဲ့ပါတယ်။

ဒါပေမယ့် သမ္မတက သူ့ရဲ့တင်ပြချက်ကို ပယ်ချခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်၊ သမ္မတဂျော့ဘုတ တက်လာတဲ့အခါမှာ သမ္မတက ဒါကို စိတ်ဝင်စားတဲ့အတွက် အထက်လွှတ်တော်နဲ့ အောက်လွှတ်တော် အမတ်များက အမျိုးသား မူးယစ်ဆေးဝါးဦးဆောင်မှုဆိုင်ရာ ဥပဒေမူကြမ်းကို အလျှင်အမြန် ရေးဆွဲခဲ့ပြီး တင်ပြခဲ့ပါတယ်။ နောက်ဆုံးမှာ အမျိုးသား မူးယစ်ဆေးဝါး ဦးဆောင်မှုဆိုင်ရာ ဥပဒေမူကြမ်းကို လွှတ်တော်က အတည်ပြုလိုက်ပါတယ်။ ဥပဒေအတည်ပြုပြီးတာနဲ့ ယခင်ပညာရေး ဝန်ကြီးဟောင်း ဝီလီယန် ဂျေဘန်းနက် ကို အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေး ဆိုင်ရာမူဝါဒရုံးရဲ့ အကြီးအကဲ အဖြစ် အတည်ပြုခန့်အပ်ထားလိုက်ပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ဆင်နွှဲဖို့ဆိုရင် အာဏာလည်း ရှိရမယ်။ ရန်ပုံငွေလည်း ရှိရယ်လို့ သူက ဆိုပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်ကို အမေရိကန်ဥပဒေပြုအဖွဲ့ဖြစ်တဲ့ လွှတ်တော်ကနေပြီးတော့ ဥပဒေပြုဌာန်း ပေးပြီး တင်းတင်းကြပ်ကြပ် ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

ဒါကြောင့် ကျွန်မတို့မြန်မာနိုင်ငံရဲ့ ဥပဒေပြုမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်အနေနဲ့ကလည်း ယခုရှိနေတဲ့ မူးယစ်ဆေးဝါးဥပဒေထက် တင်းကြပ်ပြီး ကဏ္ဍပေါင်းစုံပါဝင်တဲ့ သာလွန်ကောင်းမွန်ပြည့်စုံထိရောက်မယ့် ဥပဒေမျိုး ပြဋ္ဌာန်းပေးပြီးတော့ ဟာကွက်တွေကို ထောက်ပြပေးနိုင်ခဲ့မယ်ဆိုရင် မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးသုံးစွဲတာရော၊ ရောင်းဝယ်ဖောက်ကားတာရော၊ စိုက်ပျိုးတာရော အားလုံးသော မူးယစ်အန္တရာယ်ကို ထိရောက်စွာ လုပ်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်တဲ့အတွက် ဒီအဆိုကို ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ဒီလိုသာ လွှတ်တော်ကတင်းကျပ်တဲ့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဦးဆောင်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းပေးနိုင်ခဲ့မယ်ဆိုရင် မြန်မာနိုင်ငံတော်အစိုးရနဲ့ နိုင်ငံသားအားလုံးနဲ့ အတူ ကျွန်မတို့လွှတ်တော်ကလည်း လူသားအားလုံးကို ခြိမ်းခြောက်နေတဲ့ အကြီးမားဆုံး ရန်သူဖြစ်တဲ့ မူးယစ်ဆေးဝါးများအန္တရာယ်ကို ဥပဒေအတိုင်း မိမိတို့စွမ်းအားရှိသလောက် အသက်၊ သွေး၊ ချွေးတို့ကို အရင်းပြုပြီး မူးယစ်ဆေးဝါးဆိုတဲ့ ဝေါဟာရ နိုင်ငံအတွင်းမှာ အပြီးတိုင်ကွယ်ပျောက်သွားစေဖို့အတွက် သန္နိဋ္ဌာန်ချ ကြိုးပမ်းအားထုတ်သင့်ကြောင်း အကြံပြုရင်းနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်မြေ အမှတ်(၁)မှ ဦးခက်ထိန်နန် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ် ရှင်။

**အချိန်၊ ၁၄း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၂။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာတဲ့ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်ပညာရှင်များနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခက်ထိန်နန် အဆို တင်သွင်းတဲ့ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ ဖြစ်လာသော မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထုပါဝင်၍ ဆန့်ကျင်တိုက်ဖျက်ရေး အဆိုကို အလေးအနက် ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံကို ဒီမူးယစ်ဆေးဝါးတွေဟာ ၁၉၅၀ ခုနှစ် ပတ်ဝန်းကျင်လောက်မှာ တရုတ်ဖြူ ကူမင်တန် တပ်ဖွဲ့တွေ ဝင်ရောက်လာခြင်းနဲ့ အတူရောက်ရှိ လာတယ်လို့ ကျွန်တော့်အနေနဲ့ လေ့လာသိရှိရပါတယ်။ ၁၉၆၁ ခုနှစ်မှာ တရုတ်ဖြူ ကူမင်တန်တွေကို တွန်းလှန်တိုက်ခိုက် မောင်းထုတ်နိုင်ခဲ့ပေမယ့်လည်း ဒီမူးယစ်ဆေးဝါးကတော့ မြန်မာနိုင်ငံမှာ ကျန်ရစ်ခဲ့တယ်လို့ သိရှိရပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့လည်း ကျွန်တော် ငယ်စဉ်တာဝန်ထမ်းဆောင်စဉ်က ၁၉၈၁ ခုနှစ်လောက်မှာ ကျွန်တော့် တပ်စုနဲ့ မန္တလေးက တက်လာတဲ့ လုံထိန်းတပ်ခွဲ (၂) ခွဲကိုဦးဆောင်ပြီးတော့ တန့်ယန်းဒေသမှာ ကျွန်တော် ဘိန်းခင်းတွေ ဖျက်ဆီးတဲ့ တာဝန်ကို ဦးဆောင်ပြီးတော့ ယူခဲ့ရဖူးပါတယ်။

အဲဒီ ကာလရဲ့ အနေအထားလေးကို တင်ပြရမယ်ဆိုရင် အဲဒီတော့ ကျွန်တော်တို့ ဘိန်းဖျက်တဲ့ အဖွဲ့တွေဟာ ဘိန်းခင်းတွေရှိရာကို ချီတက်သွားကြရပါတယ်။ အဲဒီတော့ ချီတက်သွားတဲ့အခါမှာ ဘိန်းခင်းတွေဖျက်မယ်ဆိုတဲ့ သတင်းကိုကြားတဲ့အတွက်ကြောင့်မို့ အဲဒီမှာ ဒေသခံရှိတဲ့ ရွာသား

တွေကလည်း အဲဒီရွာရဲ့ သူတို့ရဲ့သူကြီးတွေ သူတို့အကြီးအကဲတွေ ကနေပြီးတော့ ကျွန်တော်တို့ လာတဲ့ စစ်ကြောင်းကနေ သူတို့ရွာကိုအဝင် ဘိန်းခင်းတွေကိုဝင်တဲ့အခါမှာ သူတို့ ဝက်ကလေးတွေ၊ ကြက်ကလေးတွေ ပိုက်ပြီးတော့ ကျွန်တော်တို့ကို ရှစ်ခိုးမတတ် သူတို့ တောင်းပန်ပြီးတော့ ကြိုဆိုနေကြတာကို တွေ့ရပါတယ်။

အဲဒီတော့ ကျွန်တော်တို့က နေ့လယ်၊ နေ့ခင်းကျတော့ သူတို့ရဲ့ ဘိန်းခင်းတွေကိုဖျက် ညကျလို့ရှိရင် သူတို့ရွာတွေမှာ စခန်းချ ဒီလိုပဲ နေခဲ့ရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီဘိန်းခင်းတွေဆိုတာဟာလည်း သူတို့က သူတို့ရဲ့ မိသားစုဟာ ဒီဘိန်းခင်းလေး ဖြစ်ပေါ်လာဖို့အတွက် ပထမ ခုတ်ထွင်ရှင်းလင်းရတယ်။ ပြီးရင် ဒီပေါင်းမြက်ကလည်း တစ်လ တစ်ကြိမ်လောက်ကို သူတို့က ပေါက်တူးအသေးလေးတွေနဲ့ တစ်ခုချင်းကို ပေါင်းတွေကို ဖယ်ထုတ်ရတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီမိသားစုတွေဟာ သူတို့ရဲ့ စားဝတ်နေရေးဟာ ဘိန်းခင်းပဲ ဖြစ်ပါတယ်။ ဒီဘိန်းခင်းအပြင် ဒီပြင် စိုက်ပျိုးတာလည်း မရှိပါဘူး။

အဲဒီတော့ ဒီဘိန်းခင်းကို ဖျက်စီးလိုက်လို့ရှိရင် သူတို့ရဲ့ စားဝတ်နေရေးဟာ တစ်နှစ်စာ ဒုက္ခရောက်မှာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ကလည်း သိတဲ့အတွက်ကြောင့်မို့ ဒီဘိန်းခင်းတွေကို ဖျက်တဲ့အခါမှာ ကျွန်တော်တို့လည်း တော်တော်ကို စိတ်မကောင်း ဖြစ်ရပါတယ်။ အဲဒီတော့ ညကျရင် သူတို့ အိမ်တွေမှာ အိပ်တယ်။ နောက်နေ့ကျတော့ သူတို့ဘိန်းခင်းတွေကိုသွားဖျက်တယ်။ အဲဒီလို အနေအထားမျိုးပါ။ အဲဒီလို ဆိုတဲ့အခါကျတော့ ကျွန်တော်လည်း စိတ်မကောင်းဘူး။ သို့သော်လည်းပဲ ဒါတာဝန်အရ ဆိုပြီးတော့ ကျွန်တော်တို့ အဖွဲ့တွေကလည်း အဲဒီဘိန်းစိုက်ပျိုးတဲ့ နေရာတစ်လျှောက် ဘိန်းဆိုတာကလည်း ကုန်းမြေအမြင့်မှာ စိုက်ပျိုးတာထက် တောင်ကြိုတောင်ကြား အဲဒီမှာ စိုက်တဲ့ ဘိန်းတွေက ပိုပြီးတော့ ရှင်သန် ကြီးထွားပါတယ်။

အဲဒီလို အနေအထားရှိပါတယ်။ သူက မြေက မြေဩဇာ ကောင်းတာမျိုးကို မဟုတ်ဘဲနဲ့ တကယ့် ကျောက်ကြို၊ ကျောက်ကြားတွေမှာ စိုက်တာက ပိုပြီးတော့ အောင်မြင်တဲ့ အနေအထားရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့တွေကလည်း ဒီကျောက်ကြို၊ ကျောက်ကြား တောင်ပေါ်တွေအထိ သွားပြီးတော့ ဒီဘိန်းခင်းတွေကို တစ်လနီးပါးကြာ ကျွန်တော်တို့ ဖျက်ဆီးခဲ့ဖူးပါတယ်။ အဲဒီတော့ ဘိန်းဖျက်ခံရတဲ့ ပြည်သူတွေအနေနဲ့လည်း သူတို့ရဲ့အသိက ဘာလဲ ဆိုတဲ့အခါကျတော့ သူတို့က ဘိန်းစိုက်ပျိုးတယ်ဆိုတာက ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးလာတဲ့ လုပ်ရိုးလုပ်စဉ် လုပ်ငန်း ဖြစ်တယ်။ အဲဒီတော့ မိရိုးဖလာ လုပ်ရိုးလုပ်စဉ် လုပ်ငန်းဖြစ်တယ်။ ဒါကို ကျွန်တော်တို့က လာဖျက်တဲ့အခါကျတော့ ကျွန်တော်တို့က သူတို့အပေါ်မှာ လာပြီးတော့ အနိုင်ကျင့် စော်ကားတယ်ဆိုတဲ့ ပုံစံမျိုး သူတို့မှာ ရှိနေပါတယ်။

ဒါကြောင့်မို့ ဒါကဒေသခံတွေရဲ့ အနေအထားလေး ကို ကျွန်တော်တို့ စဉ်းစားနိုင်အောင်လို့ တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ Mind Set ပေါ့။ ဒါကို ကျွန်တော်တို့က ပြုပြင်ပြောင်းလဲဖို့ လိုအပ်တယ်ဆိုတာလေးကို ကျွန်တော်က တင်ပြတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ အခုမူးယစ်ဆေးဝါးတွေရဲ့ စိုက်ပျိုးမှုအနေအထားပေါ့။ ဒီဟာက ဒါအဆိုရှင် တင်ပြခဲ့တဲ့အတိုင်းပဲ အာဖဂန်နစ္စတန်နိုင်ငံပြီးလို့ရှိရင် ကျွန်တော်တို့က ဒါ ကမ္ဘာပေါ်မှာ ဒုတိယအများဆုံး ဘိန်းစိုက်တဲ့နိုင်ငံ ဖြစ်နေပါတယ်။ အဲဒီတော့ ဒါဟာ ဘာလို့ဒီလိုများရတာလဲလို့ ပြန်ပြီးတော့ ဆန်းစစ်ကြည့်လိုက်တဲ့အခါမှာလည်း အာဖဂန်နစ္စတန်နိုင်ငံ ဆိုတာက ကျွန်တော်တို့ နိုင်ငံလိုပဲ သူ့နိုင်ငံရဲ့ တောတောင် ရေမြေအနေအထားဟာ

ကျွန်တော်တို့နိုင်ငံနဲ့ တူပါတယ်။ သွားရေး၊ လာရေး အင်မတန် ခက်ခဲပါတယ်။ တောတွေကို တော်တော် နက်ပါတယ်။

သူက သမိုင်းတလျှောက်လုံး ဒါ စစ်ဖြစ်နေတဲ့ နိုင်ငံ ဖြစ်ပါတယ်။ ဒါ အာဖဂန်နစ္စတန်နိုင်ငံ နဲ့ တာလီဘန်တွေနဲ့ အမြဲတမ်းလိုလို စစ်ဆင်ရေးဖြစ်နေတဲ့ တိုင်းပြည်ဖြစ်ပါတယ်။ အခုလည်း ဒါ စစ်ဖြစ်နေတုန်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့နိုင်ငံမှာလည်း အလားတူပဲ သွားရေး၊ လာရေး အင်မတန်ခက်ခဲတဲ့ တောင်ပေါ်ဒေသ တွေရှိတယ်။ နယ်စပ်ဒေသတွေ ရှိတယ်။ အဲဒီမှာ ကျွန်တော်တို့ လက်နက်ကိုင် အဖွဲ့အစည်းတွေရှိတယ်။ မငြိမ်းချမ်းဘူး အဲဒီတော့ ကျွန်တော်တို့ရဲ့ တရားဥပဒေစိုးမိုးမှု မရနိုင်ဘူး။ မရနိုင်တဲ့အတွက်ကြောင့်မို့ အဲဒီလို ဒေသတွေမှာ အဲဒီလိုနိုင်ငံတွေမှာ ဘိန်းစိုက်ပျိုးမှု၊ စားသုံးမှု၊ ရောင်းဝယ်ဖောက်ကားမှုဟာ ကြီးထွားလာရတာဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်ဆိုလိုတာကလည်း အဲဒီတော့ ကျွန်တော်တို့ ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှု ဒီဟာတွေပပျောက်အောင်ဆိုတဲ့ဟာက ဒါ ငြိမ်းချမ်းရေးရဖို့ရာ အင်မတန် အရေးကြီးတယ်။ ဒီငြိမ်းချမ်းရေး မရဘူးဆိုရင် ကျွန်တော်တို့ စီမံကိန်းတွေဟာလည်း ဘယ်လောက်ပဲ ကြိုးစားကြိုးစား ဒါ အတိုင်းအတာ တစ်ခုထိပဲ အောင်မြင် နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်ရရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံမှာ ဒါမူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ၁၉၇၆ ခုနှစ်ကစပြီးတော့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးတော့ ၁၉၉၉ ခုနှစ်ကနေ ပြီးတော့ ၂၀၁၄ ခုနှစ်အထိ (၁၅)နှစ် စီမံကိန်း ဒါဆောင်ရွက်ခဲ့တာ ရှိပါတယ်။

နောက် ဒီ (၁၅) နှစ်စီမံကိန်းမှာ ကျွန်တော်တို့ အောင်မြင်မှုများအနေနဲ့ ၂၀၀၃ ခုနှစ်မှာ ကိုးကန့်ဒေသ အထူး (၁)ကို ဘိန်းကင်းစင်တဲ့ ဒေသအဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ဝဒေသ အထူး (၂) ကို ဘိန်းကင်းစင်တဲ့ ဒေသအဖြစ်လည်းကောင်း ကျွန်တော်တို့ ကြေငြာနိုင်ခဲ့ပါတယ်။ အဲဒီတော့ ၂၀၀၆ ခုနှစ်အထိ ဘိန်းပပျောက်ရေး တားဆီးကာကွယ်မှုတွေဟာ အရှိန်အဟုန်နဲ့ အထိုက်အလျောက် အောင်မြင်လာခဲ့တာကိုလည်း ကျွန်တော် လေ့လာသိရှိရပါတယ်။ သို့သော်လည်းပဲ ၂၀၀၆ ခုနှစ် နောက်ပိုင်းမှာ အောင်မြင်မှုမရှိတာကို တွေ့ရပါတယ်။ ဥပမာဆိုလို့ရှိရင် ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ် (၂) ခု ကို ဒါ UNODC နဲ့ မူးယစ်ဗဟိုတို့ ပူးပေါင်းပြီးတော့ ဘိန်းစိုက်ပျိုးမှုတိုင်းတာချက် စာရင်းအရ ဆိုရင် အဲဒီတော့ ၂၀၁၂ ခုနှစ်ထက် ဘိန်းစိုက်ပျိုးမှုဟာ ၂၀၁၃ ခုနှစ်မှာ (၁၃)ရာခိုင်နှုန်းတိုးမြင့်ခဲ့တာ တွေ့ရတယ်။

နောက် ဘိန်းခင်း ဖျက်ဆီးတဲ့အခါမှာလည်း ၂၀၁၂ ခုနှစ်မှာ စိုက်ပျိုးတဲ့ပမာဏထက် (၄၆) ရာခိုင်နှုန်းကို ဖျက်ဆီး နိုင်ခဲ့ပြီးတော့ ၂၀၁၃ ကျတော့ (၁၁) ရာခိုင်နှုန်းပဲ ဖျက်ဆီးနိုင်တာ တွေ့ရပါတယ်။ အဲဒီတော့ ဒီ ထုတ်လုပ်မှု အပိုင်းမှာလည်း ၂၀၁၂ ခုနှစ်ထက်ကို ၂၀၁၃ ခုနှစ်က (၂၆) ရာခိုင်နှုန်း တိုးမြင့်ထုတ်လုပ်နိုင်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီတော့ ဖမ်းဆီးမှုအနေနဲ့ ကြည့်လို့ရှိရင် အဲဒီ (၂) နှစ်ကို နှိုင်းယှဉ်ကြည့်မယ်ဆိုလို့ရှိရင် ဘိန်းနဲ့ ကဖိန်းသာ ပိုမိုဖမ်းဆီးနိုင်ခဲ့ပြီးတော့ ဘိန်းဖြူနဲ့စိတ်ကြွ ရူးသွပ်ဆေးပြားကျတော့ ယခင်နှစ်ထက်ကို ပိုမိုလျော့ပြီးတော့ ဖမ်းဆီးနိုင်တာကိုတွေ့ရပါတယ်။ အဲဒီတော့ ဆိုလိုတာက ကျွန်တော်တို့ရဲ့ စီမံကိန်းဟာ ၂၀၀၆ ခုနှစ်လောက်အထိပဲ အတိုင်းအတာ တစ်ခုအထိ အောင်မြင်ခဲ့ပြီးတော့ နောက်ပိုင်းကျရင် အောင်မြင်မှုမရှိဘူးဆိုတာကို ကျွန်တော့်အနေနဲ့ တင်ပြလိုတာပါ။

ဒါ အောင်မြင်မှုမရှိဘူးဆိုတာလည်း အကြောင်းအချက်တွေ အများကြီး ရှိပါတယ်။ အဲဒီတော့ ဒါနဲ့ပတ်သတ်ပြီးတော့ ခု ဒါ ၂၀၁၄ ခုနှစ်ကနေပြီးတော့ ၂၀၁၈ ခုနှစ်အထိ (၅) နှစ်စီမံကိန်း ပြန်ပြီးတော့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အဲဒီတော့ (၅) နှစ်စီမံကိန်း ဆောင်ရွက်တဲ့အခါမှာ ဒီမှာ မဟာဗျူဟာ (၂) ရပ်၊ နည်းဗျူဟာ (၃) ရပ်နဲ့ နည်းနာနိဿယ (၃) ရပ်ဆိုပြီးတော့ ဒါလည်း ပြဋ္ဌာန်းထားတာ ရှိပါတယ်။ အဲဒီက ခုနတုန်းကလည်း လွှတ်တော်ကိုယ်စားလှယ်တွေ နည်းဗျူဟာ (၃) ရပ်နဲ့ ဒါ နည်းနာနိဿရ (၃) ရပ်ဆိုပြီးတော့ ဒါလည်း ပြဋ္ဌာန်းထားတာရှိပါတယ်။ အဲဒီဟာ ခုနတုန်းကလည်း လွှတ်တော်ကိုယ်စားလှယ်တွေ တစ်ခုချင်းကို တင်ပြသွားပြီး ဖြစ်ပါတယ်။ အဲဒီ မဟာဗျူဟာ ၊ နည်းဗျူဟာ၊ နည်းနာနိဿရတွေဟာ အင်မတန်ကောင်းမွန်ပါတယ်။ ဒါကိုဖတ်ကြည့်ရင် အတော့်ကို ကောင်းမွန်တယ်။ ပြည့်စုံတယ်။ ဒီတိုင်းပဲ လုပ်ရမှာ ဖြစ်ပါတယ်။

အဲဒီဟာအပြင် ဆက်ပြီးတော့ ဘာတွေပြုပြင်ပြောင်းလဲမှု လုပ်သလဲ ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ ၂၀၁၁ ခုနှစ် မေလ (၁၇) ရက်နေ့မှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများ တားဆီးကာကွယ်ရေးအဖွဲ့ကိုလည်း ပြန်လည် ပြင်ဆင်ပြီးတော့ ဖွဲ့စည်း၍ ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ အဲဒီရဲ့ အဖွဲ့အောက်မှာလည်း အဖွဲ့ (၁၀)ဖွဲ့ကို ထပ်ပြီးတော့ ဖွဲ့စည်းထားပါတယ်။ နောက်တစ်ခါ ခရိုင် မြို့နယ်ကျေးရွာ အုပ်စုအထိ ကျွန်တော်တို့ တားဆီးကာကွယ်ရေးအဖွဲ့တွေ ဆင့်ကဲ ဆင့်ကဲ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေတာတွေ ရှိပါတယ်။ အဲဒီတော့ ဒီရဲတပ်ဖွဲ့ကိုလည်း အထူးတပ်ဖွဲ့ကနေပြီးတော့ ရဲအထူး တပ်ဖွဲ့ (၂၆)ဖွဲ့ကနေပြီးတော့ တပ်ဖွဲ့စု (၅၀) အထိ တိုးချဲ့ပြီးတော့ စုဖွဲ့ထားတာကိုလည်း ကျွန်တော့် အနေနဲ့ တွေ့ရှိရပါတယ်။

အဲဒီမှာ ကျွန်တော် အကြံပြုတင်ပြချင်တာက ဘာလဲ ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ ဒီစီမံ ကိန်းဟာ ရိုးရိုးတန်းတန်းလေး လုပ်နေလို့ကတော့ ကျွန်တော်ထင်တယ်။ ယခင်ကအတိုင်းပဲ ဖြစ်သွား နိုင်တယ်လို့ ဘယ်လောက်ပဲ ကြိုးစား ကြိုးစား ဒီတိုင်းပဲ ဖြစ်သွားနိုင်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့်မို့ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော့်အနေနဲ့ အကြံပြုချက်လေး တချို့ကို တင်ပြလိုပါတယ်။ ပထမဆုံးအကြံပြုချက်က ဘာလဲဆိုလို့ရှိရင် ကျွန်တော်တို့ မူးယစ်တားဆီးရေး ဗဟိုအဖွဲ့မှာ ဥက္ကဋ္ဌသည် ပြည်ထဲရေးဝန်ကြီးဖြစ်ပါတယ်။ ဒုဥက္ကဋ္ဌ (၂)ယောက်က နယ်စပ်ရေးရာ ဝန်ကြီးနဲ့ နိုင်ငံခြားရေး ဝန်ကြီး ဖြစ်ပါတယ်။ အားလုံး (၁၉) ဦးဖွဲ့ထားပါတယ်။

အဲဒီတော့ အဲဒီအောက်က အဖွဲ့တွေ (၁၀) ဖွဲ့ ထပ်ဖွဲ့ထားတယ် အဲဒီအောက်ကနေပြီးတော့ အဲဒီ (၁၀) ဖွဲ့ရဲ့ ဥက္ကဋ္ဌတွေက သက်ဆိုင်ရာ ပညာရေးဒုဝန်ကြီးတွေက ဥက္ကဋ္ဌတွေ ဖြစ်ပါတယ်။ အဲဒီလိုဆိုတဲ့အခါကျတော့ ဒီအဖွဲ့တွေကို ကြီးကြပ်ကွပ်ကဲတဲ့ အခါမှာ ဥက္ကဋ္ဌကလည်း ပြည်ထောင်စု ဒုဝန်ကြီး၊ ဒုဥက္ကဋ္ဌကလည်းပြည်ထောင်စုဝန်ကြီး ဟိုမှာ တစ်ဘက် ကွပ်ကဲမှု (၁၀) ဖွဲ့ကလည်း သက်ဆိုင်ရာဒုဝန်ကြီးတွေ ဖြစ်တဲ့အတွက်ကြောင့်မို့ ပြည်ထောင်စုဝန်ကြီး အဆင့်ထက်ကို အဆင့်မြှင့်တဲ့ ဖွဲ့စည်းမှု ဖွဲ့စည်းပေးမယ်။ ဥပမာ-အဲဒီမူးယစ်ဗဟိုအဖွဲ့ကို ဒုသမ္မတတစ်ဦးက ဦးစီးစေမယ်ဆိုရင် ပိုပြီးများ ထိရောက်သွားနိုင်မလား။ ဒါလေး ကျွန်တော် အကြံပြုတင်ပြလိုပါတယ်။

နောက်တစ်ခုက သူတို့တိုင်းဒေသကြီးပြည်နယ်မှာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ ဥက္ကဋ္ဌက တိုင်းဒေသကြီးပြည်နယ် အုပ်ချုပ်ရေးမှူး ဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ် အုပ်ချုပ်ရေးမှူးမှာ သူ့မှာ လက်နက်မရှိပါဘူး။ သူ့မှာတပ်မရှိပါဘူး။ လက်နက်မရှိဘူး။ အဲ ဆိုတဲ့အခါ

ကျတော့ တိုင်းဒေသကြီးပြည်နယ်ရဲ့ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ကိစ္စကို သူလုပ်ဖို့ဆိုတာ ကျွန်တော်ထင်တယ်။ အင်အား မရှိပါဘူး။ ဒါကြောင့်မို့ အဲဒီအစားနေရာမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်တွေကို တာဝန်ပေးမယ်ဆိုလို့ရှိရင် ပိုပြီးတော့ ထိရောက်သွား နိုင်တယ်လို့ ကျွန်တော့်အနေနဲ့ ဒီလို ယူဆပါတယ်။ နောက်တစ်ချက်ကဘာလဲဆိုရင် အဲဒီတော့ ဒီမူးယစ်ဆေးဝါး တွေဟာ နယ်စပ်တွေမှာပဲ စိုက်ပျိုးထုတ်လုပ်တာ ဖြစ်ပါတယ်။

အဲဒီတော့ ဘယ်နေရာ စိုက်ပျိုးထုတ်လုပ်တယ်ဆိုတာက ဖမ်းဆီးရမှု သတင်း အရဆိုလို့ရှိရင် ကျွန်တော်တို့က သိပြီးသားပါ ဆိုတဲ့အခါကျတော့ အဲဒီနေရာတွေကို နယ်စပ်တွေကို မထုတ်လုပ် နိုင်အောင်၊ ထုတ်လုပ်ပြီး မစိုက်ပျိုးနိုင်အောင် ၊ စိုက်ပျိုးထုတ်လုပ်ပြီးတဲ့ဟာကိုလည်း သယ်ယူခြင်းကို မပြုနိုင်အောင် ဒီနယ်စပ်တွေကို ထိန်းနိုင်ဖို့ အင်မတန်အရေးကြီးပါတယ်။ ဒါလေး တစ်ခု ကျွန်တော် တင်ပြလိုပါတယ်။ နောက်တစ်ခုက မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးတွေကို လုပ်ဖို့အတွက် ဘဏ္ဍာငွေ အမြောက်အမြား လိုပါတယ်။ သူ့ရဲ့ ပြန်လည် ထူထောင်ရေးတွေ၊ အစားထိုးသီးနှံစိုက်ပျိုးမှုတွေ ဒီဟာတွေ အများကြီး ဘဏ္ဍာငွေ သုံးစွဲနိုင်ဖို့လိုပါတယ်။

အဲဒီတော့ ဒီဘဏ္ဍာငွေသုံးစွဲတဲ့အခါမှာလည်း မူးယစ်ဆေးဝါး ဖမ်းဆီးလို့ရတဲ့ မူးယစ်ဆေးဝါး ဆက်စပ်ပစ္စည်းတွေကို နိုင်ငံတော်ကို အဲဒီတော့ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းနဲ့အညီ အဲဒီ တားဆီးကာကွယ်ရေး အဖွဲ့က သုံးစွဲနိုင်အောင် အဲဒီလို လုပ်ပေးမယ် ဆိုလို့ရှိရင် ဘဏ္ဍာငွေသုံးစွဲနိုင်တဲ့ အတွက်ကြောင့် ပိုပြီးတော့ အောင်မြင်နိုင်တယ်လို့ ယူဆပါတယ်။ နောက်တစ်ချက်က ဆုပေးဒဏ်ပေး စနစ်ပါ။ ဆုပေးဒဏ်ပေးကလည်းအခုလည်းရဲချုပ်ရဲ့ ဆု ဆိုပြီးတော့ ဒီလို ပေးထားတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ဆိုလိုတာက သတင်းပေးတဲ့အဖွဲ့တွေ နောက် ဝန်ထမ်းထဲကနေပြီးတော့ ထူးထူးချွန်ချွန် ဆောင်ရွက်နိုင်တဲ့သူတွေကို ဒီထက်မက ထိုက်ထိုက်တန်တန် ဆုတွေကိုလည်း ကျွန်တော် ပေး ပေးဖို့ ကျွန်တော် အကြံပြုလိုပါတယ်။

နောက်တစ်ခုက မူးယစ်ဗဟိုရဲ့အောက်မှာ ခုနတုန်းက ကျွန်တော် ပြောတဲ့ အဖွဲ့ (၁၀)ဖွဲ့ ရှိတယ်။ အဲဒီ (၁၀) ဖွဲ့ရဲ့ ဆောင်ရွက်မှုတွေ အဲဒီ ဆောင်ရွက်မှုတွေကိုလည်း လုပ်ငန်းအစီရင်ခံစာ တွေလည်းရှိပါတယ်။ အဲဒါတွေကိုလည်း ဖတ်ကြည့်ပါတယ်။ ဖတ်ကြည့်တဲ့အခါမှာ အဲဒါတွေကလည်း တကယ်တမ်းကျတဲ့ အခါကျတော့ အောက်ခြေမှာ ထူးထူးခြားခြား ဆောင်ရွက်နိုင်တဲ့ အနေအထားမှာ မရှိဘူး။ အဲဒီတော့ အဲဒီအဖွဲ့တွေကလည်း သူ့ရဲ့ လုပ်ငန်းတာဝန်တွေ အများကြီးရှိပါတယ်။ လုပ်ငန်း တာဝန်တွေကို တကယ်ထိထိရောက်ရောက် ထမ်းဆောင်နိုင်တဲ့ အနေအထားမှာ မရှိဘူး။ အောင်မြင်အောင် ဆောင်ရွက်နိုင်တဲ့ အနေအထားမှာမရှိဘူးဆိုတာ တွေ့ရပါတယ်။

ဒါကြောင့်မို့ဒီအဖွဲ့ (၁၀) ဖွဲ့ကိုလည်း သေသေချာချာကို သူ့တာဝန်ကို ထမ်းဆောင်နိုင်အောင် မူးယစ်ဗဟိုကနေ သေသေချာချာ ကြပ်ကြပ်မတ်မတ်ကို ဆောင်ရွက်နိုင်ဖို့ လိုပါတယ်လို့ ကျွန်တော့် အနေနဲ့တင်ပြလိုပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ မူးယစ်ဆေးဝါး ပပျောက်လိုတဲ့ ဆန္ဒ ပေါ့။ ဒီဆန္ဒဟာ အင်မတန် ပြင်းထန်ဖို့လိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံတော် အကြီးအကဲတွေ ကရော မူးယစ်ဗဟိုအဖွဲ့ရဲ့ ဥက္ကဋ္ဌကရော ကျွန်တော်တို့ ပြည်သူတွေကရော ဒီမူးယစ်ဆေးဝါးတွေကို ပပျောက်အောင် လုပ်မှ ဖြစ်မယ်။ စီမံကိန်းအတိုင်း ကျွန်တော်တို့ ဝင်အောင် လုပ်မှ ရမယ်။ မရလို့ရှိရင် ကျွန်တော်တို့ လူမျိုးတွေအတွက် အန္တရာယ်ရှိတယ် ဆိုတဲ့ဟာမျိုး သူ့ရဲ့ ဆန္ဒပေါ့။

ဒါတွေကိုလည်း အမြဲတမ်းအောင်မြင်အောင် ဆောင်ရွက်လိုတဲ့ ဆန္ဒစိတ်ကြီးမားအောင် ဆောင်ရွက်နိုင်ဖို့လိုတယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ နောက်တစ်ခုက ဒီမူးယစ်ဆေးဝါးကို သွားပြီးတော့ ဖျက်စီးဖို့ ရှာဖွေဖို့ သတင်းယူဖို့ ဘာညာ ဆိုတဲ့ဟာတွေဟာ တချို့ဒေသတွေဟာဆိုရင် သွားဖို့လာဖို့ အဆင်မပြေဘူး။ ခက်ခဲတယ်။ အဲဒါကြောင့်လုံခြုံရေးအရ လိုအပ်တယ် ဆိုတဲ့အခါကျတော့ အဲဒီဒေသတွေမှာ တပ်တွေကလည်း ပူးပေါင်းပါဝင်ပြီးတော့ ဆောင်ရွက်ကြမယ်ဆိုလို့ရှိရင် ပိုပြီးတော့ အောင်မြင်နိုင်တယ်လို့ယူဆပါတယ်။ နောက်ဆုံးတစ်ချက်အနေနဲ့ကတော့ ပြည်သူလူထု ပူးပေါင်းပါဝင်မှု ရှိမှရမှာပါ။ ပြည်သူလူထု ပူးပေါင်းပါဝင်မှု မရှိဘူးဆိုလို့ရှိရင်တော့ ဘယ်လောက်ပဲ စီမံကိန်းတွေ ကောင်းကောင်း ဒါအောင်မြင်နိုင်စရာအကြောင်းမရှိဘူး။

ဒါကြောင့်မို့လို့ ပြည်သူလူထုသည် အရေးကြီးတယ်။ ဒါကြောင့်မို့ ကျွန်ုပ်အဆိုရှင် တင်ပြခဲ့တဲ့အတိုင်း မြန်မာနိုင်ငံမှာ ကင်ဆာရောဂါကဲ့သို့ ဖြစ်လာတဲ့ မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ စိုက်ပျိုးခြင်းတို့ကို ဒေသခံ ပြည်သူလူထုကိုယ်စား ရပ်ကျေးမြို့နယ်ခရိုင်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထောက်အကူပြုအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းပြီး ဒေသခံပြည်သူလူထု ပါဝင်၍ မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေး ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၄၈။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၈။**

**ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တန်းဝင်အမှတ် ကြည်း-၂၄၉၂၇ ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး ဖြစ်ပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၏ အဆို အပေါ် ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးဆိုသည်မှာ မူးယစ်ဆေးဝါး အမျိုးမျိုးနဲ့ စိတ်ပြောင်းဆေးဝါး အမျိုးမျိုး ပါဝင်ပါတယ်။ မူးယစ်ဆေးဝါးကြောင့် ကမ္ဘာ့လူဦးရေ၏ (၀.၂) သန်းခန့်သည် နှစ်စဉ် သေဆုံးနေကြရပြီး ကမ္ဘာ့ရဲ့ပြဿနာ ၊ လူသားအားလုံးရဲ့ ပြဿနာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနမှ မူးယစ်ဆေးဝါး (၁၂၆) မျိုး၊ စိတ်ပြောင်းဆေးဝါး (၁၁၆)မျိုးတို့ကို အမိန့်ကြော်ငြာစာများဖြင့် ထုတ်ပြန်ကြော်ငြာထားပြီး တားဆီး ဆောင်ရွက်လျက်ရှိပါတယ်။ ဘိန်းဆိုသည့် ဝေါဟာရသည် မိမိတိုင်းရင်းသားများ၏ဝေါဟာရမဟုတ်ဘဲ ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်တို့က မြန်မာနိုင်ငံတစ်နိုင်ငံလုံးအား သိမ်းပိုက်ပြီးချိန်မှာ ၎င်းတို့နဲ့အတူ ပါရှိလာသော နယ်ချဲ့ရဲ့ အမွေဆိုးတစ်ခု ဖြစ်ပါတယ်။

UNODC ၏ စစ်တမ်းများအရ အရှေ့တောင်အာရှနိုင်ငံများတွင် လာအို၊ မြန်မာ နှင့် ထိုင်းနိုင်ငံတို့သည် တရားမဝင်ဘိန်းစိုက်ပျိုးကြပြီး မိမိတို့နိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု

(၅၁၀၀၀) ဟက်တာရှိပြီး အာဖဂန်နစ္စတန်နိုင်ငံ သည် ဘိန်းစိုက်ပျိုးမှု (၂၀၆၇၀၃) ဟက်တာရှိသည်ဟု ဖော်ပြထားကြောင်း လေ့လာသိရှိရပါတယ်။ မိမိတို့နိုင်ငံထက် (၄)ဆခန့် ပိုမိုစိုက်ပျိုးခဲ့သည်ဟု သုံးသပ်ထားကြောင်း လေ့လာသိရှိရပါတယ်။ မိမိတို့ နေထိုင်ကြသည့် ကမ္ဘာကြီးသည် ခေတ်မီတိုးတက်လာသည်နှင့်အမျှ မူးယစ်ဆေးဝါးကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ထုတ်လုပ်သုံးစွဲ လာကြပါတယ်။

နည်းလမ်းအမျိုးမျိုးဖြင့် ကမ္ဘာ့အနှံ့ သယ်ဆောင်ရောင်းဝယ်လာကြသဖြင့် ဘိန်းဈေးနှုန်းများ အဆမတန် မြင့်တက်လာခြင်းကြောင့် ကမ္ဘာနှင့်တစ်ဝှမ်း ဘိန်းကို ပိုမိုစိုက်ပျိုးလာကြကြောင်း သုံးသပ်ထားတာကို လေ့လာတွေ့ရှိရပါတယ်။ UNODC ၏ စစ်တမ်းများအရ မိမိတို့နိုင်ငံသည် ၂၀၀၂ ခုနှစ်တွင် ဘိန်းစိမ်း (၁) ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ ဒေါ်လာသာရှိပြီး ၂၀၁၂ ခုနှစ် (၁၁) နှစ်ကာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၅၂၀ ဖြစ်လာပြီး (၄.၅)ဆထိ မြင့်တက်လာကြောင်း ဖော်ပြထားတာကိုတွေ့ရှိရပါတယ်။ ယခင်က ဘိန်းကို စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာနဲ့ ဒီဇင်ဘာလများမှာ စိုက်ပျိုးကြပြီး ယခုအခါမှာ ဘိန်းစိုက်သည့် နည်းစနစ်များ ခေတ်မီလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရမှ ဘိန်းဖျက်သည့်ကာလကို ရှောင်လွှဲ၍ စိုက်ပျိုးကြကြောင်း လေ့လာသိရှိရပါတယ်။

ဘိန်း (၁) ဟက်တာ စိုက်ပျိုးပါက ဘိန်းစိမ်း (၁၃.၅) ကီလိုဂရမ်ခန့် ရရှိပြီး လက်တလော အခြေအနေတွင် ဘိန်း (၁) ဟက်တာ စိုက်ပျိုးလျှင် မြန်မာငွေကျပ်သိန်း (၁၀၀) ကျော်ခန့် ဝင်ငွေရှိတာကြောင့် ဘိန်းတရားမဝင် စိုက်ပျိုးမှုကြောင့် တားမြစ်နေသည့်ကြားမှ စွန့်စားပြီး ပိုမိုစိုက်ပျိုးလာတယ်လို့ ထင်မြင်ယူဆပါတယ်။ မိမိနိုင်ငံတွင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နဲ့ ကရင်ပြည်နယ်များမှာ ဘိန်းများကိုစိုက်ပျိုးကြကြောင်း လေ့လာသိရှိရပါတယ်။ ဘိန်းခင်းများသည် တောတောင် ထူထပ်သည့်ဒေသများ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ဒေသများ တရားဥပဒေ လက်လှမ်းမမီနိုင်သည့်ဒေသများနှင့် ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများမှာ ပိုမိုစိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါတယ်။

UNODC ၏ ၂၀၁၂ ခုနှစ်၊ ဘိန်းစိုက်ပျိုးမှု စစ်တမ်းများအရ ရှမ်းပြည်နယ်သည် ဘိန်းစိုက်ပျိုးမှု (၄၆၀၀၀) ဟက်တာရှိပြီး မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၏ (၈၉) ရာခိုင်နှုန်း၊ ကချင်ပြည်နယ်သည် (၅၁၀၀) ဟက်တာရှိပြီး မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၏ (၁၀) ရာခိုင်နှုန်း အခြားပြည်နယ်များသည် (၃၇၉)ဟက်တာရှိပြီး တစ်နိုင်ငံလုံး၏ (၁) ရာခိုင်နှုန်းရှိကြောင်း လေ့လာသိရှိရပါတယ်။ ဘိန်းစိုက်ပျိုးမှု မှတ်တမ်းများအရ ၂၀၀၆ ခုနှစ်တွင် (၂၁၆၀၀) ဟက်တာရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် (၅၇၈၀၀) ဟက်တာ ရှိလာတဲ့အတွက် (၃၆၂၀၀) ဟက်တာ တိုးတက်လာကြောင်း လေ့လာတွေ့ရှိရပါတယ်။ ၎င်းတို့၏ စစ်တမ်းများအရ ရှမ်းပြည်နယ်ရှိ မိုင်းမြင်း၊ မိုင်းဆတ်၊ ကွမ်ဟိန်း၊ ပင်လောင်း နဲ့ တန့်ယန်းမြို့ စတဲ့ (၅) မြို့ဘိန်းစိုက်ပျိုးမှုပေါင်း (၁၈၁၅၅.၀၆) ဟက်တာသည် ရှမ်းပြည်နယ် တစ်ခုလုံး၏ ဘိန်းစိုက်ပျိုးမှု (၃၉.၄၆) ရာခိုင်နှုန်းရှိပြီး ကချင်ပြည်နယ်တွင် UNODC ၏ စစ်တမ်းအရ အထူးဒေသ (၁)၊ အထူးဒေသ(၂)ဒေသများတွင် ဘိန်းစိုက်ပျိုးမှု(၅၀၇၄၃.၃)ဟက်တာရှိသည့်အတွက် ကချင်ပြည်နယ် တစ်ခုလုံး ဘိန်းစိုက်ပျိုးမှုပမာဏ၏ (၈၅)ရာခိုင်နှုန်းရှိကြောင်း လေ့လာသိရှိရပါတယ်။အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများတွင် တာဝန်ရှိအဖွဲ့အစည်းများ ရောက်ရှိနိုင်မှု မရှိခြင်းအပေါ် ဘိန်းစိုက်ပျိုးသူများက အခွင့်ကောင်းယူကာ ပိုမိုစိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရ ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိမိတို့နိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ကုလသမဂ္ဂ၏ ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာကွန်ဗင်းရှင်းနဲ့ ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းတို့မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ၁၉၇၆ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ (၁၅)နှစ်စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပြီး စီမံကိန်းအစမှာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ UNFDAC က အမေရိကန်ဒေါ်လာ(၂၂.၃)သန်းနဲ့ အမေရိကန်နိုင်ငံမှ အမေရိကန်ဒေါ်လာ (၈၆.၆)သန်း တန်ဖိုးရှိ ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ပြီး လေယာဉ်၊ ရဟတ်ယာဉ်နဲ့ ဆေးဖျန်းလေယာဉ် အချို့ပါ ပါရှိကြောင်း သိရှိရပါတယ်။ နောင်တွင် အစိုးရအဆက်ဆက်သည် တိုင်းပြည်၏ရန်ပုံငွေအဖြစ်သာ မူးယစ်ဆေးဝါး ပပျောက်ရေးဆောင်ရွက်ခဲ့ပါတယ်။ ဘိန်းစိုက်ရာသီတွင် ဘိန်းခင်းများကို ဖျက်ဆီးခဲ့ရာ ၁၉၇၄ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ မဲလုံး၊ နှင်းပန်း၊ ပေါက်ပန်း၊ တောင်ထိပ်ပန်း၊ ဟေမန်ဦး စစ်ဆင်ရေးများဖြင့်လည်းကောင်း၊ ၁၉၇၉ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ငရဲပန်း၊ တောင်ရန်ရှင်း၊ မိုးဟိန်း စစ်ဆင်ရေးများဖြင့် ဆောင်ရွက်ခဲ့ကြပါတယ်။ အဆိုပါစစ်ဆင်ရေးများတွင် ဘိန်းခင်းများ၊ ဘိန်းချက်စခန်းများ၊ ဘိန်းကီလိုပေါင်းများစွာကို ဖျက်ဆီးနိုင်ခဲ့ပြီး ၎င်းစစ်ဆင်ရေးများတွင် တပ်မတော်သား (၁၀၉)ဦး နိုင်ငံ့အတွက် အသက်ပေးလှူခဲ့ပြီး၊ (၅၇၂)ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးသဖြင့် ၁၉၉၆ ခုနှစ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၂၆)ဖွဲ့သည် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသဖြင့် တိုင်းပြည်တည်ငြိမ်မှုရှိလာပြီး တရားဥပဒေအကျိုးသက်ရောက်မှုရှိလာခဲ့ပါတယ်။ ၁၉၉၆ ခုနှစ် ဘိန်းစိုက်ပျိုးမှုဧကပေါင်း (၁၆၀၀၀၀)ဟက်တာကျော်ရှိရာမှ ၂၀၀၆ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု(၂၁၆၀၀) ဟက်တာအထိ ကျဆင်းသွားသဖြင့် ဘိန်း(၁၃၈၄၀၀)ဟက်တာ လျော့နည်းကျဆင်းသွားကြောင်း လေ့လာသိရှိရပါတယ်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ကျဆင်းသွားသော်လည်း ၁၉၉၆ ခုနှစ်တွင် နိုင်ငံတကာမှာ စိတ်ကြွဆေးပြားများ ပေါ်ပေါက်ခဲ့ပါတယ်။ စိတ်ကြွဆေးပြားသည် ဓာတုဗေဒပစ္စည်းတို့မှ ထုတ်လုပ်သည်ဟု သိရှိရပါတယ်။ အဆိုပါ ဓာတုဗေဒပစ္စည်းများသည် မိမိတို့နိုင်ငံမှ ထုတ်လုပ်ခြင်းမရှိဘဲ အိမ်နီးချင်းနိုင်ငံများမှ ဝယ်ယူရရှိသည်ဟု သိရှိရပါတယ်။ စိတ်ကြွဆေးပြား ထုတ်လုပ်မှုအရေအတွက်သည် နှစ်စဉ်ဖမ်းဆီးရမိသည့် အရေအတွက်များကို လေ့လာကြည့်ပါက ၂၀၀၇ ခုနှစ်မှစ၍ တိုးမြင့်လာကြောင်း လေ့လာတွေ့ရှိရပါတယ်။

၂၀၀၆ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု တိုးတက်လာရခြင်း၏ အကြောင်းရင်းများကို လေ့လာရာတွင် ဒီမိုကရေစီ အစိုးရသစ်ဖော်ဆောင်ရာ၌ အမျိုးမျိုးသောပဋိပက္ခများကို တည်ငြိမ်အောင် ဖြေရှင်းနေရသည့် အချိန်ကာလများဖြစ်ပါတယ်။ ပဋိပက္ခများကို ဖြေရှင်းဆောင်ရွက်နေရသည့် အခွင့်ကောင်းကို ရယူကာ တရားမဝင်ဘိန်းစိုက်ပျိုးသူများအနေဖြင့် ဘိန်းစိုက်ပျိုးမှုကို တိုးချဲ့စိုက်ပျိုးလာကြောင်း ထင်မြင်ယူဆပါတယ်။ အာဆီယံနိုင်ငံ ပါလီမန်များ၏ မူးယစ်ဆေးဝါးအန္တရာယ် တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်များ ရှာဖွေရေးကော်မတီ AIPA အစည်းအဝေးတွင် ဘိန်းစိုက်ပျိုးမှု မြင့်တက်လာရခြင်း အဓိကအကြောင်းရင်း(၃)ရပ်မှာ ဘိန်းအစားထိုးစိုက်ပျိုးရေး စီမံကိန်းများ အောင်မြင်မှုမရှိ၍ စားဝတ်နေရေး လိုအပ်ချက်များအရ ဘိန်းစိုက်ပျိုးမှု မြင့်တက်

လာကြောင်း ဖော်ပြထားပါတယ်။ မိမိတို့နိုင်ငံသည် UNDCP မှ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ရှမ်းပြည်နယ်(၂၉)မြို့နယ်မှာ ဘိန်းအစားထိုး သီးနှံများ နှစ်တို၊ နှစ်ရှည်စီမံကိန်းများဖြင့် ဆောင်ရွက်ခဲ့ကြပါတယ်။ ထိုသို့ ဆောင်ရွက်ခဲ့သော်လည်း ဈေးကွက်ရှာဖွေပေးနိုင်မှုမရှိခြင်း၊ သယ်ယူရောင်းချမှု ခက်ခဲခြင်း၊ အကျိုးအမြတ်နည်းပါးခြင်း၊ နှစ်စဉ် ဆောင်ရွက်ပေးနိုင်မှုမရှိခြင်းနဲ့ ဒေသတစ်ခုလုံး လွှမ်းခြုံပေးနိုင်ခြင်း မရှိခြင်းတို့ကြောင့် အောင်မြင်မှု နည်းပါးခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ဘိန်းတရားမဝင် စိုက်ပျိုးသူများသည် စားဝတ်နေရေး လိုအပ်ချက်အရ စိုက်ပျိုးကြပြီး ဘိန်းခင်း လာရောက်ဖျက်ဆီးသည့် အဖွဲ့အစည်းများကိုလည်း နည်းလမ်းမျိုးစုံသုံးပြီး တားဆီးခဲ့ကြရာမှ ဒေသအတွင်း ပဋိပက္ခများကို ပိုမိုရှည်ကြာစေခဲ့ပါတယ်။

လက်ရှိ နိုင်ငံတော်အစိုးရသည် မိမိနိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး LDC အဆင့်(၁၂)မှ လျော့ကျအောင် ကြိုးပမ်းဆောင်ရွက်နေရပြီး ကျေးလက်နေပြည်သူများကို ဆင်းရဲမှုလျော့ကျရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေးအတွက် လိုအပ်သည့် မြေနေရာများ ဖော်ထုတ်ပေးခြင်း၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံများဖြင့် အစားထိုးစိုက်ပျိုးရာတွင် အောင်မြင်စွာ စိုက်ပျိုး နိုင်ရေးအတွက် သင်တန်းများပေးခြင်း၊ လိုအပ်သည့် အပင်၊ မျိုး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ လယ်ယာသုံးစက်ကိရိယာများနဲ့ အခြားအကူအညီများ ပေါင်းစပ်ညှိနှိုင်းပေးခြင်း စသည့် စဉ်ဆက်မပြတ် အမှန်တကယ် ထိထိရောက်ရောက်ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှသာ ဘိန်း စိုက်ပျိုးမှု အလိုအလျှောက် လျော့နည်းကျဆင်းလာပြီး တဖြည်းဖြည်းချုပ်ငြိမ်းသွားမှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူများသည် ဆင်ခြင်တုံတရား ကင်းမဲ့စွာ အမှုများကို ကျူးလွန်လေ့ရှိပါတယ်။ ကမ္ဘာပေါ်မှာ အုပ်စုဖွဲ့ပြီး ကျူးလွန်ကြတဲ့ ပြစ်မှုများကို လေ့လာကြည့်ရင် အမေရိကန် ဒေါ်လာ (၃၁.၃)ဘီလီယံတန်ဖိုးရှိတဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုကရရှိတဲ့ အမြတ်များဖြစ်ကြောင်း လေ့လာ သိရှိရပါတယ်။ မိမိတို့နိုင်ငံသည် ၂၀၀၇ ခုနှစ်မှစ၍ မူးယစ်ဆေးဝါးကြောင့် အမှုအခင်းများ ပိုမို ဖြစ်ပွားလာခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဦးတည်ချက်နဲ့ ပတ်သက်ပြီး ချမှတ်ထားသည့်ဆောင်ပုဒ်မှာ မူးယစ်မျှော်လင့်ချက်တို့ထားနိုင်ရန် သတင်းစကားလေး တစ်ခုပါ။ မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာလို့ ဆိုထားပါတယ်။ မူးယစ်ဆေးဝါးကင်းစင်ပပျောက်နိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ဒေသတွင်းရှိနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းတို့၏ အကူအညီကိုရယူကာ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ NGO, INGO လူမှုရေးအဖွဲ့ အစည်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ လုပ်သားပြည်သူ အားလုံး အမျိုးသားရေးစိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်ကြမှသာ မူးယစ်ဆေးဝါးကို ဘုံရန်သူအဖြစ် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရမယ်လို့ ထင်မြင်မိပါတယ်။ ဘိန်းစိုက်ပျိုး ရောင်းဝယ်ဖောက်ကားခြင်းသည် လူ့အဖွဲ့အစည်း၊ ပတ်ဝန်းကျင်နှင့် ဆောင်ရွက်ရတာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးရောင်းဝယ် သုံးစွဲမှု ဖြစ်စဉ်တွေမှာ ပြည်သူတို့၏ပူးပေါင်းဆောင်ရွက်မှု စွမ်းအားနဲ့ သတင်းများ အချိန်မီရရှိကာ နှိမ်နင်း အရေးယူနိုင်မှာဖြစ်ပါတယ်။

လက်ရှိကမ္ဘာကြီးသည် IT နည်းပညာများထွန်းကားလာပြီး သတင်းခေတ်ပင် ပြောဆိုနေကြတဲ့ခေတ် ဖြစ်ပါတယ်။ ယခုခေတ်သည် နေရာအနှံ့အပြားမှ အချိန်မရွေး သတင်းပေးသူကို ခြေရာခံ၍မရနိုင်ဘဲ သတင်းပေးနိုင်ပြီဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရမှလည်း ပြည်သူများသိရှိစေရန် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအတွက် Hot Line တယ်လီဖုန်းများ၊ အင်တာနက်၊ ဝက်ဘ်ဆိုက်များ၊ သတင်းပေးဌာနများကို တိုးချဲ့၍ ပြည်သူများသိရှိအောင် အသိပညာ ပေးသင့်ပါတယ်။ အစိုးရမဟုတ်သော မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေး အသင်းအဖွဲ့များကိုလည်း ပိုမိုပေါ်ပေါက်လာစေရန် အားပေးကူညီသင့်တယ်လို့ ထင်မြင်ယူဆပါတယ်။

လက်ရှိနိုင်ငံတော် အကြီးအကဲများနဲ့ တပ်မတော်အကြီးအကဲများသည် ကုလသမဂ္ဂအဖွဲ့အစည်းမှ တာဝန်ရှိ သူများ၊ နိုင်ငံတကာမှ နိုင်ငံတော်အဆင့် အကြီးအကဲများနှင့် တွေ့ဆုံစဉ်များတွင် မိမိတို့နိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရပါတယ်။ ၎င်းအပြင် တိုင်းရင်းသား လက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးတွေ့ဆုံ ဆွေးနွေးပွဲများ တွင်လည်း မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြပါရန် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ မူးယစ်ဗဟိုအဖွဲ့ကို ၁၉၅၇ ခုနှစ်မှာ အဖွဲ့ဝင်(၁၀)ဦးနဲ့ စတင်ဖွဲ့စည်းခဲ့တယ်လို့ သိရှိရပါတယ်။ ခေတ်အဆက်ဆက် မူးယစ်ဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့တဲ့အခါမှာ ၂၀၁၁ ခုနှစ်၊ မေလ ၂ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်(၁၉)ဦးပါ အဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ ၎င်းဖွဲ့စည်းထားတဲ့ မူးယစ်အဖွဲ့မှ ဒုတိယဝန်ကြီးများဦးစီးပြီး အဖွဲ့(၁၀)ဖွဲ့ကို ထပ်မံဖွဲ့စည်းခဲ့ကြောင်း သိရှိရပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဘိန်းထုတ်လုပ်မှု ပပျောက်ရေးအတွက် နယ်မြေခံတပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသခံပြည်သူများနဲ့ ပူးပေါင်းပြီး နှစ်စဉ်ဘိန်းခင်းများကို ရှာဖွေဖျက်ဆီးခဲ့ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှ ဇွန်လ ၂၆ ရက်နေ့မှာ ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင် ရောင်ဝယ်မှုတိုက်ဖျက်ရေးနေ့မှာ ရန်ကုန်မြို့မှ မူးယစ်ဆေးဝါး စုစုပေါင်း(၁၅)မျိုး၊ ကာလတန်ဖိုး မြန်မာငွေကျပ်(၉.၂၇၁၈)ဘီလီယံ၊ အမေရိကန်ဒေါ်လာ(၉.၅)သန်းကျော်ဖိုးကို မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှ ယနေ့အချိန်အထိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ရာ ရန်ကုန်မြို့မှာ(၂၄)ကြိမ်၊ ကျပ်သန်းပေါင်း (၁၃၁၇)ဘီလီယံကျော်နဲ့ နယ်စပ်ဒေသများမှာ (၆၁)ကြိမ်၊ ကျပ်သန်းပေါင်း (၉၇၄)ဘီလီယံကျော် တန်ဖိုးရှိတဲ့ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မူးယစ်ဆေးဝါးကုသရေးလုပ်ငန်းများကို မူးယစ်ဆေးစွဲကုဌာနကြီး (၁၆)ခု၊ ဌာနငယ်(၄၂)ခု၊ လူငယ်ပြုစုပျိုးထောင်ရေးဌာန(၂)ခု စုစုပေါင်း(၇၅)ခုဖြင့် ကုသပေးခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ မူးယစ်ဆေးစွဲသူများသည် ဆေးကုသမှုမခံကြတဲ့အတွက် အချိန်စောစွာ သေဆုံးခဲ့ကြရပါတယ်။ ဆေးရုံမှာတက်ရောက်ပြီး ဆေးကုသသူများသည် (၉၀)ရာခိုင်နှုန်းခန့်သည် မိမိဒေသကို ပြန်လည်ရောက်ရှိတဲ့အခါမှာ ဘိန်းကိုပြန်လည်သုံးစွဲကြကြောင်း သိရှိရပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲသူများအား ဥပဒေနဲ့အညီ မှတ်ပုံတင်ခြင်း၊ ဆေးဝါးသုံးစွဲသူ ကုသရေးဌာနများကို ဆေးကုသမှုလာရောက်ရေးအတွက် စည်းရုံးလှုံ့ဆော်ရေး

လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဆေးကုသမှုခံယူသူများအား သင့်လျော်သော ကူညီထောက်ပံ့မှုများ ပေးခြင်း၊ ဆေးကုသမှုခံယူသူများအား ပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိရေးအတွက် လိုအပ်သော အသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်ကြားပေးခြင်း၊ ပြန်လည်နေရာချထားပေးခြင်းနှင့် ဆက်လက် စောင့်ရှောက်ခြင်းများကို ယခုထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် စဉ်ဆက်မပြတ်ပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး၊ UNODC၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ရုရှား၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်၊ ထိုင်း၊ အမေရိကန်နိုင်ငံတို့နဲ့ သဘောတူညီချက်များ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေး အတွက် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ (၁၅)နှစ်စီမံချက်မှာ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်တို့မှ မြို့နယ်(၅၁)မြို့နယ်တို့ကို ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ (၅)နှစ်စီမံကိန်းမှာ ရှမ်းပြည်နယ်(၄၁)မြို့နယ်၊ ကချင်ပြည်နယ်မှ(၆)မြို့နယ်၊ ကယားပြည်နယ်မှ(၃) မြို့နယ်နဲ့ ချင်းပြည်နယ်မှာ (၂)မြို့နယ် စုစုပေါင်း(၅၂)မြို့နယ်မှာ မူးယစ်ဆေးဝါး ပပျောက်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူများထံမှ အာဏာဆင်းသက်လာခြင်း ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်၏ အနှစ်သာရသည် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းပဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူလူထုသည် အစိုးရနှင့် ပူးပေါင်းပြီး ဆောင်ရွက်မှသာ မိမိတို့နိုင်ငံသည် မူးယစ်ဆေးဝါးကို လျှင်မြန်စွာပပျောက်နိုင်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည်လည်းပဲ ဒေသတွင်းမှာရှိတဲ့ နိုင်ငံများ၏ ဥပဒေများကိုလေ့လာကာ မူးယစ်ဆေးဝါးပပျောက်နိုင်မည့် လိုအပ်သည့် ဥပဒေများကို ပြင်ဆင်ရေးဆွဲခြင်းနှင့် မူးယစ်ကင်းစင်သော အာဆီယံအသိုက်အဝန်းတည်ထောင်နိုင်ရန် လွှတ်တော်အချင်ချင်း ဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ မူးယစ်ဆေးဝါးပပျောက်နိုင်ရန် ဒေသအတွင်းတည်ငြိမ်ရေးသည် အဓိကအရေးကြီးပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအတွင်း ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားလက်နက်ကိုင် (၁၆)ဖွဲ့ အနက်(၁၄)ဖွဲ့နဲ့ သဘောတူညီမှုရရှိပြီး ကျန်ရှိသော(၂)ဖွဲ့ဖြင့် ငြိမ်းချမ်းရေးရရှိရန် ဆက်လက်ဆောင်ရွက် လျက်ရှိပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိပါက တိုင်းပြည်တည်ငြိမ်မှုရှိလာပြီး တရားဥပဒေ အကျိုးသက်ရောက်မှု ရရှိလာမှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေးကို ယခုထက်ပိုပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဆိုရှင်၏ အဆိုပါ မြို့နယ်အဆင့်၊ ကျေးရွာအဆင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အထောက်အကူပြုအဖွဲ့များနှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းကာ မူးယစ်ဆေးဝါး ပြဿနာကို တားဆီးနှိမ်နင်းရေးရှုထောင့်၊ ပြည်သူ့ကျန်းမာရေးရှုထောင့်၊ လူမှုစီးပွားရေး ရှုထောင့်များမှနေပြီး ဘက်ပေါင်းစုံအမြင်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်း မူးယစ်ဆေးဝါး လျှင်မြန်စွာပပျောက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာမှာဖြစ်ပြီး ထိုသို့မူးယစ်ဆေးဝါး ကင်းစင်ပပျောက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဆိုပါက ကမ္ဘာ့အလယ်နဲ့ အာဆီယံ အသိုက်အဝန်းတွင် မျက်နှာပွင့်လန်းလာပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ပြည်တွင်းရော၊ ပြည်ပနိုင်ငံများ

ကပါ အထောက်အကူ ပြုလာမည်ဖြစ်ပါကြောင်း လေးစားစွာ ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတိုးမင်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၀၆။**

**ဗိုလ်မှူးတိုးမင်းထွန်း (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ကော်မတီ၊ ကော်မရှင်အဖွဲ့ဝင်ပညာရှင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်(ကြည်း) ၂၅၃၀၉ ဗိုလ်မှူးတိုးမင်းထွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point အနည်းငယ်နဲ့ အင်္ဂလိပ်စကား အသုံးအနှုန်းအနည်းငယ် သုံးစွဲခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ၁၉ ရာစု အစောပိုင်းကာလတွေမှာ တရုတ်နိုင်ငံအတွင်းမှာ ဘိန်းမှောင်ခိုလုပ်ငန်းတွေ အမြတ်အစွန်းများစွာ ရရှိခဲ့တဲ့ အင်္ဂလိပ်ကုန်သည်တွေနဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို ပိတ်ပင်တားဆီးခဲ့တဲ့ တရုတ်အာဏာပိုင်တွေအကြား အငြင်းပွားမှုကနေ ပထမဘိန်းစစ်လို့ ထင်ရှားတဲ့ ပထမ အင်္ဂလိပ်-တရုတ်စစ်ပွဲဟာ ၁၈၃၉ ခုနှစ်ကနေ ၁၈၄၂ ခုနှစ်အထိ ဖြစ်ပွားခဲ့ပါတယ်။ အဲဒီစစ်ပွဲမှာ တရုတ်တို့ စစ်ရှုံးပြီးတော့မှ ဟောင်ကောင်ကို အင်္ဂလိပ်ရဲ့လက်ကို ပေးအပ်ခဲ့ရပါတယ်။ အဓိကတင်ပြလိုတဲ့ အချက်ကတော့ ယဉ်ကျေးမှုမြင့်မားပြီးတော့မှ အင်အားများပြားတဲ့ တရုတ်တို့ဟာ ဘိန်းကြောင့် အင်အားချည့်နဲ့ပြီးတော့ အင်္ဂလိပ်ကို စစ်ရှုံးခဲ့ရတယ်ဆိုတဲ့အချက်ကို တင်ပြလိုတာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ စိတ်ကို ပြောင်းလဲ စေတတ်တဲ့ ဆေးဝါးများအတွင်းမှ မူးယစ်ဆေးဝါးရဲ့ အစဖြစ်တဲ့ ဘိန်းကို အဓိကထားပြီးတော့မှ ကျွန်တော်တို့ တင်ပြသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဘိန်းခလေ့ဟာ ၁၈၈၅ ခုနှစ် မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ လုံးဝသိမ်းပိုက်ပြီးတဲ့အချိန်ကျမှ စတင်ခဲ့တာဖြစ်ပါတယ်။ အင်္ဂလိပ်တို့ဟာ ရှမ်းပြည်နယ်၊ ကချင်တောင်တန်းတို့မှာ ဘိန်းကို တရားဝင်စိုက်ပျိုးခွင့် ပြုခဲ့ပါတယ်။ တကယ်တော့ ဘိန်းစိုက်ပျိုးလို့ကောင်းတဲ့ ရေမြေသဘာဝရှိတဲ့နေရာအားလုံးကို စိုက်ခိုင်းခဲ့တာဖြစ်ပါတယ်။ ဘိန်းခန်းဖွင့်ခြင်း၊ ဘိန်းရှုခြင်းကို မှတ်ပုံတင်နဲ့ ခွင့်ပြုခဲ့ပါတယ်။ အဲဒါအပြင် သံလွင်မြစ်အရှေ့ပိုင်းမှာ ဘိန်းကိုတရားဝင် စိုက်ပျိုးခွင့်ပြုပြီးတော့မှ အင်္ဂလိပ်တို့ကိုယ်တိုင်၊ ဗြိတိသျှအစိုးရတို့ကိုယ်တိုင် ဘိန်းသယ်ယူရောင်းချခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ ဘိန်းဆိုင်ပေါင်း(၂၁၆)ဆိုင် ဖွင့်လှစ်ခဲ့ပါတယ်။ မှတ်ပုံတင်နဲ့ ဘိန်းကိုရောင်းချခဲ့ပါတယ်။ မှတ်ပုံတင်ပြီးတော့ ဗြိတိသျှတို့ မြန်မာနိုင်ငံကနေပြီးတော့ ပြန်လည်ထွက်ခွာသွားတဲ့အချိန်မှာ တရားဝင်မှတ်ပုံတင်ပြီးတော့ ဘိန်းစားတဲ့ လူဦးရေဟာဆိုလို့ရှိရင် (၄၈၂၁၁)ဦး ရှိကြောင်း သိရှိရပါတယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် မှတ်တမ်းမတင်ခဲ့တဲ့ သူတွေဟာဆိုလို့ရှိရင် ဒီထက်ဦးရေဟာ ပိုပြီးတော့ များမယ်လို့ ယူဆရပါတယ်။ ဘိန်းခလေ့ဟာ ကျွန်တော်တို့ ကိုလိုနီခေတ်ရဲ့ အမွေဆိုးပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးတဲ့နောက်မှာ ဘိန်းခလေ့ကိုအမြစ်ဖြုတ်အောင် ကြိုးစားခဲ့ပါတယ်။ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့်လို့ မူးယစ်ဆေးဝါးပြဿနာတော့ ခုထက်ထိတိုင် ရှိနေတုန်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ထင်ရှားတဲ့ ဘိန်းစိုက်ခင်းဖျက်ဆီးတဲ့ စစ်ဆင်ရေးကတော့ ၁၉၇၄ ခုနှစ်ကနေ ၁၉၇၉ ခုနှစ်အတွင်း မဲလုံး၊ နှင်းပန်း၊ ပေါက်ပန်း၊ တောင်ထိပ်ပန်းနဲ့ ဟေမန်ဦး စစ်ဆင်ရေးများဖြစ်ပြီးတော့ ၁၉၇၉-၁၉၈၀ မှာဆိုလို့ရှိရင် ငရဲပန်းစစ်ဆင်ရေး၊ ၁၉၈၁ ကနေပြီးတော့ ၁၉၈၈ ခုနှစ်အထိ ငရဲပန်းစစ်ဆင်ရေး အဆင့်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈) အထိ လူအင်အားနဲ့ ဘိန်းခင်းများကို ဖျက်ဆီးခဲ့ပါတယ်။ ၁၉၈၅ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အတွင်းမှာဆိုလို့ရှိရင် တောင်ရန်ရှင်းစစ်ဆင်ရေးနဲ့ လေယာဉ်ကနေပြီးတော့မှ ဆေးများဖျန်းပြီးတော့မှ ကျွန်တော်တို့ ဖျက်ဆီးခဲ့တာ တွေ့ရှိရပါတယ်။ နောက်ပြီးတော့ ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိအောင် မိုးဟိန်းအဆင့် (၁)ကနေပြီးတော့ (၁၂) အထိအောင် ဆင်နွှဲခဲ့ပါတယ်။

အဲဒီမှာဆိုလို့ရှိရင် ကျွန်တော်တို့ ဘိန်းဖြူ ဘိန်းညို ကီလိုပေါင်းများစွာနဲ့ ဘိန်းချက်စခန်းများစွာကို ကျွန်တော်တို့ ဖျက်ဆီးနိုင်ခဲ့ပါတယ်။ အဲဒီမိုးဟိန်းစစ်ဆင်ရေးမှာဆိုလို့ရှိရင် စစ်သည်(၁၀၉) ဦး အသက်ပေးလှူခဲ့ရပြီးတော့မှ (၅၇၂)ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်၊ မေလ ၁၁ ရက်နေ့ကနေ ဇွန်လ ၂၄ ရက်နေ့အထိ မုံးကျွတ်ဒေသမှာဆိုလို့ရှိရင် လွယ်မော်အဖွဲ့နဲ့ တိုက်ပွဲပေါင်း (၁၁၁) ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ (၂၅၀)ဦးအသေဖမ်းဆီးရမိခဲ့ပြီးတော့မှ တပ်မတော်မှ တပ်မတော်သား (၁၉၆) ဦး ကျဆုံးခဲ့ရပါတယ်။ (၃၅၇)ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ၁၉၅၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ကနေပြီးတော့ မေလ ၄ ရက်နေ့အထိအောင် ရှမ်းပြည်နယ် ဘာဂျန်ဒေသမှာ တိုက်ပွဲပေါင်း(၅၅)ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ (၂၁၈)ဦး အသေဖမ်းဆီးမိခဲ့ပါတယ်။ တပ်မတော်မှ စစ်သည်(၇၆)ဦး ကျဆုံးခဲ့ရပြီးတော့မှ (၁၇၅)ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရာမှာဆိုလို့ရှိရင် နိုင်ငံတော်အနေနဲ့ အသက်၊ သွေး၊ ချွေး များစွာရင်းနှီးထားပြီးဖြစ်ကြောင်းကို တင်ပြအပ်ပါတယ်။

မူးယစ်ဆေးဝါးပြဿနာဟာ မြန်မာနိုင်ငံတစ်ခုတည်းမှာသာ ဖြစ်ပွားတာမဟုတ်ပါဘူး ခင်ဗျာ။ ကမ္ဘာတစ်ဝှမ်းလုံးမှာရင်ဆိုင်နေရတဲ့ ပြဿနာဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ အရွယ်ရောက်တဲ့ သူ သန်း (၂၃၀)ကျော်မှာ မူးယစ်ဆေးဝါးကို တစ်ကြိမ်သုံးစွဲခဲ့ဖူးတဲ့သူတွေဖြစ်ပြီး တော့မှ (၂၇)သန်းခန့်ဟာ မူးယစ်ဆေးဝါးစွဲနေကြောင်း သိရပါတယ်။ နှစ်စဉ်(၀.၂)သန်းဟာဆိုလို့ရှိရင် မူးယစ်ဆေးကြောင့် အသက်ဆုံးရှုံးနေရကြောင်းကို ကျွန်တော်တို့ မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာများမှာ ဖော်ပြထားပါတယ်။ ကမ္ဘာ့မူးယစ်ဆေးဝါး ပြဿနာကိုဖြေရှင်းဖို့အတွက် ၁၉၆၁ ခုနှစ်၊ ၁၉၇၁ ခုနှစ်၊ ၁၉၈၈ ခုနှစ်မှာဆိုလို့ရှိရင် ကွန်ဗင်းရှင်းများ ဆောင်ရွက်ခဲ့ပြီးတော့ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးပါဝင်ဆောင်ရွက်လျက် ရှိပါတယ်။ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေကို ကုလသမဂ္ဂ ကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များနဲ့အညီ ၁၉၉၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို မဟာဗျူဟာ (၂)ရပ်၊ နည်းဗျူဟာ(၃)ရပ်နဲ့ ချမှတ်ပြီးတော့မှဆောင်ရွက်ခဲ့ကြောင်းသိရှိရပါတယ်။ မဟာဗျူဟာ (၂)ရပ်အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်း

စုံမှ တိုက်ဖျက်ရေး၊ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးနဲ့ ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးတို့ကို ဦးတည်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါတယ်။ နည်းဗျူဟာ (၃)ရပ်အနေနဲ့ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနဲ့ တားဆီးနှိမ်နင်းရေးတို့ပဲ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ်စီမံကိန်းကို ၂၀၀၀ ခုနှစ်ကနေပြီးတော့မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ စီမံချက်ရေးဆွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီ (၁၅)နှစ်စီမံကိန်းကို ထိရောက်အောင်မြင်စွာ ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၄ -၂၀၁၅ ခုနှစ်ကနေ ၂၀၁၈-၂၀၁၉ ခုနှစ်ထိ နောက်ထပ် (၅)နှစ် သက်တမ်းတိုးမြင့် ဆောင်ရွက်ပြီး ဆောင်ရွက်ဖို့အတွက် (၅)နှစ်စီမံကိန်းကို ရေးဆွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။ တင်ပြပါ ပုံထဲမှာ ဆိုလို့ရှိရင် ရှမ်းပြည်နယ်မှာဆိုရင် (၄၁)မြို့နယ်၊ ကချင်ပြည်နယ်မှာ (၆)မြို့နယ်၊ ကယားပြည်နယ် (၃)မြို့နယ်၊ ချင်းပြည်နယ်မှာ (၂)မြို့နယ် စုစုပေါင်း (၅၂)မြို့နယ် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ စီမံကိန်း လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် မူးယစ်ဗဟို အဖွဲ့အောက်မှာ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည် ဖော်ရေးအဖွဲ့၊ သီးနှံအစားထိုး စိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည် ထူထောင်ရေးအဖွဲ့၊ ကျောင်းသား လူငယ်များ အသိပညာပေးရေးအဖွဲ့ ပြည်သူများအား ပညာပေး လှုံ့ဆော်ရေးအဖွဲ့ နိုင်ငံတကာ ဆက်ဆံရေးအဖွဲ့နဲ့ ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေး အဖွဲ့တို့ တူညီတဲ့ကဏ္ဍအလိုက် ပေါင်းစပ်ဖွဲ့စည်းပြီး လုပ်ငန်းအဖွဲ့(၁၈)ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိကြောင်း တွေ့ရှိရပါတယ်။

မူးယစ်ဗဟိုအဖွဲ့နဲ့ ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးများဆိုင်ရာမှုခင်းရုံး United Nation Office On Drugs and Crime / China Narcotics Control Commssion အဖွဲ့နဲ့ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင်တို့ ပူးပေါင်းပြီးတော့မှ ဘိန်းစိုက်ပျိုးတဲ့ ဒေသတွေမှာ တရားမဝင် ဘိန်းစိုက်ပျိုးမှု တိုင်းထွာခြင်း လူမှုစီးပွား စစ်တမ်းကောက်ယူခြင်း၊ ကွင်းဆင်းစစ်ဆေး ရှာဖွေဖျက်ဆီးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး အစီရင်ခံစာများ ထုတ်ပြန်ပေးကြောင်းလည်း သိရှိရပါတယ်။ အသေးစိတ် အချက်အလက်များကိုတော့ ကျွန်တော်တို့ ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး က နေပြီး တင်ပြသွားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘိန်းစိုက်ပျိုးမှုကို ကြည့်မယ်ဆိုလို့ရှိရင် ၂၀၀၂ ခုနှစ်ကနေ ၂၀၀၆ ခုနှစ် ဆိုလို့ရှိရင် ဘိန်းစိုက်ပျိုးမှုက ကျဆင်းသွားတာကို တင်ပြပါ Graph မှာ တွေ့ရပါတယ်။ အဲဒီ Graph ကတော့ UNODC ရဲ့ အချက်အလက်များ ရရှိတာ ဖြစ်ပါတယ်။

နောက် ၂၀၀၆ ခုနှစ် ဒီဘက်ပိုင်းမှာဆိုရင်တော့ ၂၀၀၆ ခုနှစ်ကနေ ၂၀၁၃ ထိအောင် ပြန်လည် တိုးတက်သွားတာ တွေ့ရှိရပါတယ်။ ဘိန်းစိုက်ပျိုးမှု ဘာကြောင့်ကျသွားလဲဆိုလို့ရှိရင် ကျွန်တော်တို့က နိုင်ငံတော်အနေနဲ့ မငြိမ်းချမ်းတဲ့ ဒေသတွေမှာ Political Support ကို ပေးနိုင်ခဲ့တဲ့ အတွက်ကြောင့် မို့လို့ ၁၉၉၇ ခုနှစ်မှာ မိုင်းလား အထူးဒေသ (၄)၊ ၂၀၀၃ ခုနှစ်မှာ ကိုးကန့် အထူးဒေသ (၁)နဲ့ ၂၀၀၅ ခုနှစ်မှာ ဝ အထူးဒေသ (၂)တို့ကို ဘိန်းကင်းမဲ့ဇုန်များ အဖြစ် ကြေညာခဲ့လို့ ဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ် နောက်ပိုင်းမှာ ပြန်လည်တိုးတက်လာတာကတော့ စီးပွားရေး ပိတ်ဆို့မှု တွေကြောင့် ဖြစ်ပေါ်လာတဲ့ ဆင်းရဲမွဲတေမှုကြောင့် ဖြစ်ပါတယ်။ စီးပွားရေး ပိတ်ဆို့လာတဲ့ အမှုကြောင့် ဖြစ်လာတဲ့ အကြပ်အတည်းက မြို့ပြမှာ သိသာမှု နည်းပါးပေမယ်လို့ ကျေးလက်ဒေသတွေမှာ

ပိုမိုသိသာစွာ သက်ရောက်ပါတယ်။ အဲဒီအချိန်မှာ တောင်သူများဟာ ငွေ ရလွယ်တဲ့ ဘိန်းစိုက်ပျိုးမှု အတွက်ကို ပြန်လည်ယိမ်းယိုင်သွားကြတာ ဖြစ်ပါတယ်။

တင်ပြပါပုံမှာ ဘိန်းစိုက်ပျိုးထားတဲ့ နေရာများကို ဖော်ပြတာ ဖြစ်ပါတယ်။ အညိုရောင် ရင့်လာတာနဲ့အမျှ သူက ဘိန်းစိုက်ပျိုးတာ ထူထပ်သွားပါတယ်။ နုတဲ့နေရာတွေကတော့ နည်းနည်း ကျဲပါးတာ တွေ့ရှိရပါတယ်။ နောက်တစ်ချက်အနေနဲ့ကတော့ နိုင်ငံရေး မတည်ငြိမ်မှုတွေကြောင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာတဲ့အတွက် ဖြစ်ပါတယ်။ အဲဒါကို အခွင့်ကောင်းယူပြီးမှ မူးယစ်ဆေးဝါး ရောင်းဝယ်သူတွေက မြန်မာနိုင်ငံကို မူးယစ်ဆေးဝါးထုတ်လုပ်မှု Play Ground အဖြစ် အသုံးချ လာခြင်းပဲ ဖြစ်ပါတယ်။ ဘိန်းစိုက်ပျိုးမှု ပြန်လည်တိုးတက်လာရခြင်းဟာ အစာရေစာနဲ့ လိုအပ်ချက် များ ဖြည့်ဆည်းပေးရခြင်း ဘိန်းဈေးကွက် မြင့်တက်လာခြင်း ဘိန်းအစားထိုး စိုက်ပျိုးသီးနှံ Project များ မအောင်မြင်ခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘိန်းအစားထိုး အခြားသီးနှံများ စိုက်ပျိုးမှု အောင်မြင်ရေးအတွက် မြေယာများ ဖော်ထုတ်ခြင်း အစရှိတဲ့ အချက်အလက်များကိုတော့ ဗိုလ်မှူးကြီး ရဲနိုင်ဦးက တင်ပြသွားပြီး ဖြစ်ပါတယ်ခင်ဗျား။

နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါး သုံးစွဲမှုပြဿနာကို ကျန်းမာရေး၊ လူမှုရေး ရှုထောင့် ကနေပြီးတော့ လူမှုစီးပွားပြဿနာတစ်ခုအဖြစ် သတ်မှတ်ပြီးတော့ ပြည်သူ့ကျန်းမာရေး ကိုလည်း အခြေခံလျက် ချဉ်းကပ်မှုနဲ့ တိုက်ဖျက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ မူးယစ်ဆေးဝါး သုံးစွဲမှု လျော့ချနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်တဲ့ WHO UNTIDS တို့နဲ့ ပူးပေါင်းပြီးတော့မှ မူးယစ်ဆေးဝါးကုသမှု AIDS အပါအဝင် နောက်ဆက်တွဲ ဆိုးကျိုးများကို လျော့ချဖို့ တရားမဝင် ဘိန်းစိုက်ပျိုးမှု တိုင်းတာဖို့ ကွင်းဆင်းဖို့ ရှာဖွေဖျက်ဆီး ပြီးတော့မှ လူမှုစီးပွားစစ်တမ်းများ ကောက်ယူခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါး ကုသရေးလုပ်ငန်းများကို မူးယစ်ဆေးရုံ အခြေပြု မူးယစ်ဆေးစွဲ ကုသရေးဌာန အခြေပြုနဲ့ ပြည်သူလူထုအခြေပြု မူးယစ်ဆေးစွဲ ကုသရေး စနစ် ဆိုပြီး (၃)မျိုး စီမံဆောင်ရွက်လျက် ရှိပါတယ်။ မူးယစ်ဆေးဝါး ကုသဖို့ ဌာနကြီး (၂၆)ခု ဌာနငယ် (၄၇)ခု လူငယ်ပြုစုပျိုးထောင်ရေးဌာန (၂)ခု စုစုပေါင်း (၇၅)ခုကို မြန်မာနိုင်ငံအနှံ့မှာ ဖွင့်လှစ်ထားရှိပြီးတော့မှ ဆေးကုသဌာနများအဖြစ် လက်လှမ်းမမီတဲ့ ဒေသများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပြီးတော့ ပြည်သူလူထု အခြေပြု မူးယစ်ဆေးဝါးကုသရေး စခန်းများ ဖွင့်လှစ်ကုသပေး နေကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့ ကျန်းမာရေး၊ တရားစီရင်ရေး၊ တားဆီးနှိမ်နင်းရေးကဏ္ဍများအကြားမှာ ပေါင်းစပ်ဆောင်ရွက်မှု တိုးမြင့်ပြီးတော့မှ မူးယစ်ဆေးဝါးစွဲ ရောဂါများ ခံစားနေကြရတဲ့သူများကို တန်းတူအခွင့်အရေး ရရှိရေး ခွဲခြားဆက်ဆံမှု မခံရရေး ဆေးသုံးစွဲမှု လျော့ချရေးအတွက် ဝန်ဆောင်မှုအပြည့်အဝ ပေးနိုင်ရေး ကိုလည်း မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

မူးယစ်ဆေးဝါးနဲ့ စိတ်ကို ပြောင်းလဲစေတတ်တဲ့ ဆေးဝါးများ သုံးစွဲသူများကို ဥပဒေနဲ့အညီ မှတ်ပုံတင်ခြင်း ဆေးဝါးသုံးစွဲသူ ကုသရေးဌာနနဲ့ ကုသရေးဌာနများကို ဆေးကုသရန် လာရောက်ရေး အတွက် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း ကုသမှုခံယူနေသူများနဲ့ ၎င်းတို့ကို မှီခိုနေတဲ့မိသားစုများကို သင့်တော်တဲ့ ကူညီထောက်ပံ့မှုများ ပေးခြင်း ဆေးကုသမှုကို ခံယူပြီး

သူများကိုလည်း ပုံမှန်ဘဝမှာ ပြန်လည် ရောက်ရှိရေးအတွက် လိုအပ်တဲ့ အသက်မွေးဝမ်းကြောင်းများ သင်ကြားပေးခြင်း၊ ပြန်လည်နေရာချ ထားပေးခြင်းနှင့် ဆက်လက်စောင့်ရှောက်ခြင်း ဆေးဝါးသုံးစွဲသူများကို ဆေးဝါးကုသရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများမှာ စေတနာ့ဝန်ထမ်းအဖြစ် ကူညီဆောင်ရွက်မယ့် အဖွဲ့အစည်းများ ဖွဲ့စည်းပြီး ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် လုပ်ငန်းများ ယခုထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသင့်ပါတယ် ခင်ဗျား။

မူးယစ်ဆေးဝါးရောင်းဝယ်မှုမှာ ရရှိတဲ့ ငွေကြေးတွေကို ထိန်းချုပ်နိုင်ဖို့အတွက် တရားမဝင်နည်းလမ်းများနဲ့ရရှိတဲ့ ငွေကြေးများနဲ့ ပစ္စည်းများဆိုင်ရာ ဥပဒေတွေကို ၂၀၁၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး တည်ဆဲဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းများကို ဆောင်ရွက် နေတာကိုလည်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ တကယ်တမ်း မူးယစ်ဆေးဝါးကို ကြီးကြီးကျယ်ကျယ် လုပ်တဲ့လူတွေဟာ မူးယစ်ဆေးဝါး လက်ထဲမှာမရှိဘဲနဲ့ ငွေကြေးများသာ လက်ထဲမှာကိုင်ထားပြီးတော့ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့်မို့လို့ အရေးယူဖို့လည်း ခက်ခဲတာကို ခက်ခဲတယ်လို့ ကြားသိရပါတယ်။ နောက် မူးယစ်ဆေးဝါး ချက်လုပ်ရာမှာ အသုံးပြုတဲ့ ဓာတုဗေဒပစ္စည်းများကို ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းပြီးတော့ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုများကို နိုင်ငံတကာ နဲ့ပူးပေါင်းထိန်းချုပ်နိုင်ဖို့ မြန်မာနိုင်ငံဟာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ရုရှား၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်၊ ထိုင်း အမေရိကန်နိုင်ငံများနဲ့ သဘောတူညီ လက်မှတ်ရေးထိုးခဲ့ပြီးတော့ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ သတင်းများ ဖလှယ်ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးများကို ဖမ်းဆီး ဖျက်ဆီးနေပေမယ်လို့ မူးယစ်ဆေးဝါးကို အမြစ်ဖြတ် သုတ်သင်နိုင်ဖို့အတွက် လိုက်လံဖမ်းဆီးရန် ကိုလည်း မလုံလောက်ဘဲ ထုတ်လုပ်မှုကိုပါ ဖြတ်တောက်နိုင်ရပါမယ်။ အဲဒီလို ဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာဌာနများနဲ့တင် မလုံလောက်ဘဲနဲ့ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုဟာ အလွန်ရေးကြီးကြောင်းကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ သတင်းပေးတိုင်ကြားမှု ဖြစ်စဉ်တွေမှာ ပြည်သူတို့ရဲ့ ပါဝင်မှုစွမ်းအားဖြင့်သာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းစဉ်ဟာ အောင်မြင်လာမှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဟာ ပြည်သူတစ်ရပ်လုံးရဲ့ ရန်သူဖြစ်လို့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်မှာ ပြည်သူတစ်ရပ်လုံး အလွှာပေါင်းစုံ လူတန်းစားပေါင်းစုံမှ နက်နက်ရှိုင်းရှိုင်း ပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး တိုက်ဖျက်မှု လုပ်ငန်းစဉ်မှာ အလွှာပေါင်းစုံမှ ပြည်သူများ အမျိုးသားရေး အသိစိတ်နဲ့ ပူးပေါင်းပါဝင်ဖို့ဟာ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ All Inclusive ဖြစ်ဖို့ အလွန်အရေးကြီးကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို အရှိန်အဟုန်နဲ့ မူးယစ်ဆေးဝါးပြဿနာ လျော့နည်းကျဆင်း ပပျောက်လာရေးအတွက် ဆောင်ရွက်ရာမှာ နိုင်ငံသားတိုင်းတစ်ဦးချင်းအနေနဲ့ မူးယစ်ဆေးဝါး ပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး တစ်ဦးချင်းမှသည် မိသားစု တစ်မိသားစုမှသည် ရပ်ကွက်၊ ကျေးရွာရပ်ကွက် ကျေးရွာမှသည် မြို့နယ်ခရိုင် တိုင်းပြည်နယ်အဆင့် နိုင်ငံတော်အဆင့်ထိ ပြည်သူလူထုရဲ့ ခံယူချက် ယုံကြည်ချက်များ ပြောင်းလဲစေရေးအတွက် အသိပညာပေးခြင်း လုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် လူတန်းစားအသီးသီးမှာ အသိပညာများ တိုးပွားလာပြီး သက်ဆိုင်ရာတာဝန်ရှိသူများအပြင် ပြည်သူမှလည်း နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိတဲ့

လုပ်ငန်းစဥ်များမှာ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းအားဖြင့် မူးယစ်ဆေးဝါး ပြဿနာများ လျော့နည်းကျဆင်းသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အောင်မြင်ရန်အတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အဓိကဖြစ်ပါသဖြင့် ပြည်သူတစ်ရပ်လုံး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၅း၂၂။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၅း၂၂)နာရီတွင် ရပ်နားပြီး (၁၅း၃၇)နာရီအချိန်တွင် ပြန်လည်ကျင်းပ ပါသည်။]

**အချိန်၊ ၁၅း၃၇။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီအစီအစဉ်ကို ဒီနေ့ပြီးမြောက်အောင် ဆောင်ရွက်မှာဖြစ်တဲ့အတွက် ညနေ (၄) နာရီကျော်ပြီးထိ ဆောင်ရွက်ခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၅း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၄၂။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာလို့ အားလုံးကို လေးစားစွာ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား အင်္ဂလိပ်ဝေါဟာရ အနည်းအကျဉ်း ထည့်သွင်းဆွေးနွေးခွင့်ပြုပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဦးခက်ထိန်နန် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လွန်ခဲ့တဲ့ ၁၉၈၈ အစောပိုင်းမှာဆိုရင် ကျွန်တော်တို့ ပူတာအိုခရိုင်မှာ ဘိန်း ဘိန်းစား ဘိန်းခင်းဆိုတာ မရှိခဲ့ပါဘူး။ ကြားလည်း မကြားဘူး၊ မြင်လည်း မမြင်ခဲ့ဘူးပါဘူး။ ဒါကြောင့် ကျွန်တော်တို့ မူးယစ်ဆေးဝါးကင်းစင်တဲ့ နယ်မြေ ငြိမ်းချမ်းတဲ့ နယ်မြေ ဆိုပြီးမှ အဖြူရောင် နယ်မြေ သတ်မှတ်ခြင်း ခံခဲ့ရပါတယ်။ တစ်နည်းပြောမယ်ဆိုရင်

ဆွစ်ဇာလန်လို့တောင်မှ တင်စားခံရပါတယ်။ ပူတာအိုဟာ အခုတော့ ဘိန်းစားတွေ မူးယစ်ဆေးဝါးတွေ ဘိန်းခင်းတွေ ဘိန်းဖြူ ဘိန်းမဲ ဘိန်းဆီ WY ပါတဲ့ ရာမ အိုင်းစ်၊ ဟင်းချိုမှုန့်၊ ဖန်စီဒိုင်း၊ အက်ဖီတမင်း တို့လို ဖော်မြူလာတို့ မကြားစဖူး ကြားနေမြင်နေရပါတယ်။ လူငယ်တွေ တချို့ဆို လူကြီးတွေပါ မူးယစ်ဆေးဝါး စွဲနေကြပြီး ဝက်အူရစ်လို၊ စကူ ဒရိုင်ဘာလို တစ်နိမ့်ချင်း တစ်ရစ်ချင်း သွေးထဲချဉ်ဆီထဲ Drugs စွဲညိပြီး ဘိန်းစားများ ဖြစ်ကြလို့ မူးယစ်ဆေးဝါး ကျေးကျွန်ဘဝမှ ဘယ်လိုမှ ရုန်းထွက်မရနိုင်ကြတော့ပါ။ ဘာကြောင့်လဲဆိုတော့ ရိုးရိုးကွမ်းတို့ ဆေးလိပ်တို့ အရက်တို့ လောင်းကစားတွေ စွဲလန်းတာကိုတောင် ဖြတ်လို့မရကြဘူး မဟုတ်လား၊ ဒီလိုနဲ့ ရင်းထတယ်၊ ကွပ်တယ်လို့ ပြောရမှာပေါ့။ Craven ဖြစ်လာပြီဆိုရင် မူးယစ်ဆေးဝါး သောက်ချင်လာပြီဆိုရင် တအား ပြင်းပြလာပြီ မိဘညီအစ်ကိုဆိုတာ နားမလည်တော့ဘူး။ သတ်ဖြတ် လုယက် ဓားပြတိုက်ကြနဲ့ ရာဇဝတ်မှု ကျူးလွန် ဆင်းရဲဒုက္ခနဲ့ ခါးစီးခံနေကြရပါတယ်။

ကချင်ပြည်နယ်မှာဆိုရင် တက္ကသိုလ်နှစ်ခု ရှိပါတယ်။ မြစ်ကြီးနား၊ မိုးညှင်းတက္ကသိုလ် ပေါ့လေ။ ဆေးကျောင်းနဲ့ မွေးကျောင်းဆိုပြီး ကျော်ဇောသတင်းထွက်နေပါတယ်။ ကျောင်းသားတွေက ဆေးစလင်းတွေ ကိုယ်တိုင် လက်ကြောသွေးကြောတွေမှာထိုး လောဘတကြီးနဲ့ထိုးသွင်း တချို့ ကျတော့လည်း အတုတွေ ထိုးသွင်းပြီးတော့ Shake ဖြစ်ပြီးသေကြ၊ ကျောင်းသူတွေကလည်း မူးယစ်ဆေးဝါးသုံးစွဲပြီး ဗိုက်ကြီးသည်တွေဖြစ်၊ ဆေးနဲ့မွှန်း ဆိုပြီးမှ နာမည်ကြီးတော့ မိဘတွေ ဘယ်လိုမှ မခံစားဘူး။ ရင်ကျိုးကြရပါတယ်။ မြစ်ကြီးနားမှာဆို မူလတန်းအရွယ်၊ အလယ်တန်း အရွယ်တွေ ကိုယ်တိုင်တောင်မှ မူးယစ်ဆေးဝါးလာရောက် ရောင်းချတယ်လို့ ဆရာမကြီးတို့ကိုယ်တိုင် တိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်ရဲ့ အမှုသည်တွေကို ကြည့်လိုက်ရင် (၉၀)ရာခိုင်နှုန်းလောက်ကတော့ မူးယစ်ဆေးဝါးနဲ့ ဆက်နွှယ်တဲ့ ပြစ်မှုတွေပဲ ဖြစ်နေကြတယ်ဆိုတာကို တွေ့ရပါတယ်။ အဆိုရှင် ပြောသလို ပြည်သူတွေတောင် မကတော့ဘူး။ ဝန်ထမ်းတွေ အထူးသဖြင့် အကျင့်ပျက်ဝန်ထမ်းကြီးတွေဆိုရင် ဘိန်းတစ်ပိဿာဆိုရင် သွင်းစေ လမ်းဘေးက ဘိန်းခင်းကြီးတွေကိုတော့ လူကြီးတွေဥစ္စာ ဟုတ်တယ်။ လူကြီးတွေမက ဖမ်းတော့မယ်ကြုံတော့ မဖျက်နဲ့၊ မလုပ်နဲ့ မဖမ်းနဲ့ဆိုပြီး ပိတ်ပင်တားဆီးခံရတာတွေလည်း ရှိပါတယ်။ အစောက အကျင့်ပျက် ဝန်ထမ်းတွေကပဲ ရောင်းဝယ်ဖောက်ကား နေကြတာတွေလည်း ရှိပါတယ်။ ယုန်ထောင် ကြောင်မိဆိုသလို ဘိန်းစစ်ဆေးရှာဖွေတော့ ပုလင်းတွေ၊ ကျောက်စိမ်းကျောက်မျက်တွေ၊ ရတနာ မှောင်ခိုပစ္စည်းတွေကိုလည်း ရှာဖွေတွေ့ရှိပါတယ်။ နိုင်ငံတော်ဘဏ္ဍာ ဝင်သလား၊ မဝင် သလားတော့ မသိဘူး၊ တချို့ကိုတော့ တစ်ဖက်နိုင်ငံကို သွားရောက်ပြီးမှ ကိုယ်တိုင်ကိုယ်ကျ ရောင်းချတဲ့ အကျင့်ပျက်ဝန်ထမ်းတွေ အများကြီး ရှိတယ်ဆိုတာလည်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ခုန အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် နဲ့ ဗိုလ်မှူး တိုးမင်းထွန်း တို့ ဆွေးနွေးသွားသလိုပဲ ၁၈၃၉ ခု ၁၈၆၀ ခု ၁၈၉၈ ခုမှာ ပထမ၊ ဒုတိယ၊ တတိယ၊ Opium World အင်္ဂလိပ်ကို စစ်ရှုံးလို့ တရုတ်၊ ဟောင်ကောင်၊ မကာအိုနဲ့ ပြည်မ တချို့ကွမ်းတုံးနဲ့ ဂျန်းရှင်းဒေသတွေကို ဗြိတိသျှ ကိုလိုနီလက်ထဲ ပေးအပ်လိုက်ရပါတယ်။ နောက်ပိုင်းတော့ အစိုးရက

ဥပဒေနဲ့ ပြင်းထန်စွာ အရေးယူ ပြည်သူတစ်ရပ်လုံးကော နိုးကြားထကြွ ပါဝင်လာတော့ ဒီနေ့ တရုတ်ပြည်မှာ မူးယစ်ဆေးဝါးအန္တရာယ် တော်တော်လေး လျော့ပါးသွားတာကို တွေ့ရပါတယ်။

၁၉၄၉ (Patient Revolution) တောင်သူလယ်သမား တော်လှန်ရေး ဆင်နွဲကြတော့ ထွက်ပြေးတိမ်းရှောင်လာတဲ့ ကွန်မင်တံ တရုတ်ဖြူနဲ့ ၎င်းတို့ရဲ့ ဩဇာခံများက ဘိန်းစေ့တွေ ယူဆောင်လာပြီး မြန်မာနိုင်ငံ နယ်စပ်တွေမှာ ရောင်းဝယ်ဖောက်ကား အခုတော့ တစ်နိုင်ငံလုံးနီးပါး စိုက်နှင့် ပြည်တွင်းဘိန်းစစ် (Internal Opium World) မှာ ကျရှုံးတော့မယ့်ဆဲဆဲအချိန် ကျရောက်နေပါပြီ။ ဒီမူးယစ်ဆေးဝါးက တစ်မျိုးသားလုံးကို ခြိမ်းခြောက်နေတဲ့ အန္တရာယ်ကြီး ဖြစ်နေပါပြီ။ ဒီကိုလိုနီရဲ့ ဂြိုလ်ဆိုးဂြိုလ်မွှေကြီးကို ဆန့်ကျင် တိုက်ဖျက်ကြဖို့က အမျိုးသားရေးတာဝန်တစ်ရပ် အနေနဲ့ ခံယူကာ ဝိုင်းဝန်းနှိမ်နင်းကြရမှာ ဖြစ်ပါတယ်။ (ရက်ရစ်လယ်ပယ်)အခြေခံဖြစ်တဲ့ ပြည်သူတစ်ရပ်လုံး တစ်မျိုးသားလုံး နိုးကြားလာဖို့ Awareness Program နိုးဆော်ချက် ကာကွယ်တားဆီးဖို့ တစ်မျိုးသားလုံး ဘာသာ သာသနာ အားလုံး မဏ္ဍိုင်ကြီး အားလုံး အစိုးရ ပြည်သူ တစ်မျိုးသားလုံး ညီညီညွတ်ညွတ် တွန်းလန်မှသာလျှင် အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒေသတွင်း အာဆီယံနိုင်ငံများမှာဆို (ဒတ်ပနသီ ဒရပ်ဒရပ်ဖီကယ်လို့) မူးယစ်ဆေးဝါး ရောင်းဝယ်သူသည် သေဒဏ် ချမှတ်ခံရမည်ဟု နေရာတကာမှာ ဆော်ဩရေးထားတာကို တွေ့ရပါတယ်။ ဘိန်းစွဲသွားပြီ ဖြစ်သော ရင်းသွေးငယ်များ၊ သားသမီးငယ်များကိုလည်း ပြန်လည်ပြုစုပျိုးထောင်ရေး ကျောင်းများနဲ့ ဘိန်းလည်းဖျက် (High School ဟားလစ်ချစ် )တွေလည်း လုပ်ပြီး ကယ်တင်နေကြတာကို တွေ့ရပါတယ်။ AA ဆိုတဲ့ (Alcholic အနောနီးမက်စ်) အရက်ဂျိုးများ အရက်ကို စွန့်လွှတ်ကြတဲ့ ကွန်မြူနတီတောင် အများကြီးတောင်ရှိလို့ ပြုလုပ်နေကြပါပြီ။ အနုပညာ တေးဂီတ ရုပ်ရှင် ဗွီဒီယို ဒီဗွီတီ အသံလွှင့်အစီအစဥ် မီဒီယာ စာစောင်များ အင်တာနက် Online များ ဖြင့်သော် လည်းကောင်း၊ အသိပေး နှိုးဆော်တဲ့ လုပ်ကြရတော့မှာ ဖြစ်ပါတယ်။ ပညာရေး ကျောင်းမှာလည်း မူးယစ်ဆေးဝါး ကြိုတင်ကာကွယ်နှိုးဆော်မှုတွေ များများဆက်လုပ်ကြရတော့မှာ ဖြစ်ပါတယ်။ ပညာရေးကျောင်းမှာလည်း မူးယစ်ဆေးဝါး ကြိုတင်ကာကွယ်မှုတွေ ဆက်လုပ် ကြရတော့မှာ ဖြစ်ပါတယ်။ ပြုစုပျိုးထောင် လေ့ကျင့်ရေးစခန်းများ (ရဟာဗလီရှင်း၊ ဖောင်ဒေးရှင်းနဲ့ စင်တာတွေ) အစိုးရရော ပြည်သူတွေ အစိုးရနဲ့ ပုဂ္ဂလိက အဆင့်ထိ ခွင့်ပြုပြီး တစ်တပ်တအား ဝိုင်းဝန်းတိုက်ဖျက်ကြရမှာ ဖြစ်ပါတယ်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဥ်ပါတီခေတ်မှာတောင်မှ ဘိန်းဖျက် ဆေးရုံ တော်တော်များများ တွေ့ခဲ့ရပါတယ်။ အခု အများပိုင်း ပျောက်ဆုံးသွားပြီး နဂိုရှိခဲ့တာတွေလည်း ပြန်ဖွင့် မရှိတဲ့ နေရာ လိုအပ်တဲ့နေရာတွေမှာလည်း ထပ်ဖွင့် ရင်သွေးငယ် အနာဂတ်ခေါင်းဆောင် များကို ကာကွယ် ကယ်တင်ကြရမှာ ဖြစ်ပါတယ်။ UNWHO UNODC OSOD အိုက်ဖိုကွန်းစတဲ့ နိုင်ငံတကာ အကူအညီ များလည်း ရယူကြရမှာ ဖြစ်ပါတယ်။ မိသားစုမှာ တစ်ယောက်က ဘိန်းစွဲပြီဆို မရတော့ပါဘူး။ မိုက်ရိုင်းတယ်ဆိုပြီး အမွေဖြတ် သေခန်းဖြတ် ကြေညာခြင်းတို့သည်လည်း မိဘတို့ရဲ့ စစ်မှန်သော မေတ္တာကို မထင်ဟပ်စေပါဘူး။ အနာသိ ဆေးရှိဆိုသလို ရှက်နေလို့လည်း မဖြစ်တော့ ပါဘူး။ ဆေးစွဲသွားပြီဖြစ်တဲ့ သားသမီးတွေကလည်း ပြောင်းလဲချင်ပါတယ်။ Open ness ပွင့်လင်းမှသာလျှင် သူတို့ကို နားလည်ပေးနိုင်မှာ ဖြစ်ပါတယ်။ acceptance ဆိုတဲ့လက်ခံခံယူတတ်မှု၊ strength ဆိုတဲ့ မိဘ ညီအစ်ကိုတွေကို အားကိုးယုံကြည်မှု၊ Humbly ဆိုတဲ့ နှိမ့်ချတတ်မှု၊ အန်တော်နဆင့် ဆိုတဲ့

လူကောင်းဖြစ်လိုတဲ့ စိတ်ဆန္ဒတွေ ပြင်းထန်နေမှု၊ ရက်စပီယန့် ဆိုတဲ့ လွတ်လပ်တဲ့ လုံ့လဝီရိယတွေ ရှိရမှာ ဖြစ်ပါတယ်။

မိဘဖြစ်သူတွေကလည်း ပြောင်းလဲလိုတဲ့ ကလေးတွေကို အားပေးကူညီ ဖေးမပြီးမှ ပြောင်းလဲလိုစိတ်ရှိအောင်လည်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်တွေလည်း ဖန်တီးပေးရမယ်။ ဆေးခန်းပြရမယ်။ ဆွေးနွေးခန်းများ ပြုလုပ်ပေးရမယ်။ အချိန်ပေးရမယ်။ စိတ်ရှည်ရမှာ ဖြစ်ပါတယ်။ price and quality ဆိုတဲ့ သန့်ရှင်းသပ်ရပ်တဲ့အင်္ကျီလေးတွေ ဝတ်ဆင်ပေးပြီးမှ သူတို့ရဲ့စိတ်ဓာတ်တွေကို မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။ relax ပြန်လည်သုံးစွဲတတ်သွားခြင်း၊ ပြန်လည် ဖြစ်တာတောင်မှ ပြန်ကြိုးစားဖို့၊ အားတင်းဖို့၊ အားပေးကူညီရမှာ ဖြစ်ပါတယ်။

ဘိန်းစားတွေလူစဥ်မမှီတော့ဘူးဆိုပြီး ဘိန်းစားဘဝမှာ သူများနည်းတူတန်းတူမဖြစ် နိုင်တော့ဘူးဆိုပြီးမှ စိတ်ဓာတ်အကြီးအကျယ်ကျဆင်းတဲ့သူများ ဖြစ်ပါတယ်။ စိတ်အင်မတန် ထိခိုက် လွယ်တဲ့သူများလည်း ဖြစ်ပါတယ်။ စိတ်တအားတိုတဲ့သူတွေလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း လဲနေသူထူပေးပါ။ အားငယ်သူအားပေးပါဆိုသလို ကောင်းလာတဲ့အထိ ကူညီကြရမှာ ဖြစ်ပါတယ်။ အားကစား၊ အနုပညာ၊ စာပေ၊ စက်မှုနည်းပညာတွေကို အားပေးတာဟာလည်း ဘိန်းစစ်ကို တွန်းလှန်ခြင်းတစ်မျိုးပါပဲ။ အခမဲ့ပညာရေးစနစ် အခုအလယ်တန်း၊ အထိပေါ့နော်၊ အထက်တန်း ကောလိပ်တက္ကသိုလ်အထိ တစ်ခုအထိ လုပ်ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ ဘိန်းစစ်ကိုလည်း တစ်နည်းတစ်ဖုံနဲ့ ကျွန်တော်တို့က ကာကွယ်ပြီးသား၊ တွန်းလှန်တိုက်ခိုက်ပြီးသား ဖြစ်ပါတယ်။ ကလေးများကျန်းမာရေး၊ ပညာရေးအတွက် ဆိုပြီးမှ လုပ်ကြသူတွေလည်းရှိပါတယ်။ အခုတော့ တော်တော်လေး အောင်မြင်နေတာ ဖြစ်ပါတယ်။ တရားစွဲတဲ့အဖွဲ့အစည်း၊ နှိမ်နှင်းတဲ့အဖွဲ့အစည်းများ၊ အထူးသဖြင့် အကျင့်ပျက်ဝန်ထမ်း ကျော်ဇောတဲ့သူတွေကို ရှောင်တခင်စိစစ်ပြီး ကာကွယ်တားဆီး ရေးတွေ လုပ်ရမှာဖြစ်ပါတယ်။

အထူးသဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အစိုးရ၊ မန္တလေးတိုင်းအစိုးရတွေက အထူး ကြပ်မတ်ကြရတော့မှာ ဖြစ်ပါတယ်။ အဆိုရှင်ဆိုထားသလို မြို့နယ် ရပ်ကျေးပြည်သူတစ်ရပ်လုံး၊ တစ်မျိုးသားလုံး နိုးကြားတက်ကြွစွာ ပါဝင်သော All inclusive active participate အဖွဲ့များဖွဲ့ အထောက်အကူ ကော်မတီများဖြင့် တိုက်ဖျက်သွားကြပါစို့လို့ ဆွေးနွေးရင်း ထောက်ခံနိုင်ဂုံးချုပ် အပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၅:၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅:၅၂။**

**ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်

အမှတ် (၁၀) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့အဆိုရှင် ဦးခက်ထိန်နန်ရဲ့ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ဖြစ်လာသော မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနဲ့ ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထု ပါဝင်ပြီး တိုက်ဖျက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုအရ ကျွန်တော့်အနေနဲ့ အပိုင်း(၃)ပိုင်းပိုင်းပြီးတော့မှ အပြုသဘောနဲ့ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုင်း(၁)အနေနဲ့ကတော့ မူးယစ်ဆေးဝါးသုံးစွဲခြင်းအပိုင်းကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်တင်ပြသွားသလို ကင်ဆာရောဂါကဲ့သို့ တစ်ဖြည်းဖြည်းနဲ့စိုးရိမ်ရေအမှတ်ကို ရောက်ရှိလာနေတာကို တွေ့မြင်နေရပါတယ်။ မူးယစ်ဆေးဝါးကို ယခင်က ဘိန်းမည်းကိုသာ သုံးစွဲတာများပြီး ယခု နောက်ပိုင်းဘိန်းဖြူ အပါအဝင် ဆေးပြား၊ ဆေးရည် မျိုးစုံသုံးစွဲလာကြတာကို တွေ့မြင်ရပါတယ်။ နောက်ပြီး ယခင်က မူးယစ်ဆေးဝါးကို ငွေကြေးချမ်းသာသူများကသာ စည်းစိမ် ခံယူ သုံးစွဲကြတာဖြစ်ပြီး ယခုနောက်ပိုင်းမှာ မရှိဆင်းရဲသား၊ လက်လုပ်လက်စားသမားများကပါ ပိုမို သုံးစွဲများပြားလာတာကို တွေ့မြင်ရပါတယ်။

အဆိုရှင် တင်ပြသွားသလို အရပ်သားများသာမက နိုင်ငံ့ဝန်ထမ်းများကို ကျွန်တော် ကိုယ်တိုင်လည်း တွေ့မြင်ကြားသိ နေရပါတယ်။ အထူးသဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နှင်းရေးကို အဓိက တာဝန်ယူနေရတဲ့ ပြည်သူ့ရဲများပါဝင်ပတ်သက်နေတာကို တွေ့မြင်ကြရလို့ အထူးပဲ စိတ်မကောင်းဖြစ်မိပါတယ်။ ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံးပုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဂုဏ်သိက္ခာပါမက နိုင်ငံ့ဂုဏ်သိက္ခာကိုပါ ထိခိုက်ညှိုးနွမ်းစေပါတယ်။ မကောင်းမှုဒုစရိုက်တွေမှာ တစ်နည်းမဟုတ်တစ်နည်း အခုနက လွှတ်တော် ကိုယ်စားလှယ်ဦးဂျေယောဝူ တင်ပြသွားသလိုပါပဲ ပါဝင်ပတ်သက်နေတဲ့ဝန်ထမ်းတွေကို ထိထိရောက် ရောက် အရေးယူဖို့ လိုအပ်ပါတယ်လို့ ဦးစွာပထမ တင်ပြလိုပါတယ်။ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး အထူးစီမံချက်တစ်ရပ်အနေနဲ့ အားလုံး မဟုတ်သည့်တိုင် မသင်္ကာတဲ့သူတွေကို စစ်ဆေးကြည့်ရင် သိနိုင်ပါလိမ့်မယ်။ လုပ်လည်းလုပ်သင့်ပါတယ်။ လုပ်ဖို့လိုအပ် နေပြီလို့လည်း တိုက်တွန်းချင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ တာဝန်ရှိတဲ့သူကိုယ်တိုင်က ကျူးလွန်နေရင် ဒီမူးယစ်ဆေးဝါး ကင်းစင်ဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှမဖြစ်နိုင်ပါဘူး။ ဆန်ရင်းနာနာဖွတ်ဆိုသလို ပထမဦးဆုံးစံပြအနေနဲ့ တာဝန်ရှိတဲ့သူတွေ ကျူးလွန်နေတာကို အရင်ဆုံးရှင်းလင်းသင့်ပါတယ်။ ပြီးရင်သုံးစွဲတဲ့ပြည်သူတွေ၊ ရောင်းဝယ်တဲ့သူတွေကို ပြန်ပြီးဖော်ထုတ်အရေးယူပါလိမ့်မယ်။ သုံးစွဲသူနဲ့ရောင်းတဲ့သူတွေက ဒွန်တွဲ နေပါတယ်။ သုံးတဲ့သူမရှိရင် ရောင်းတဲ့သူရှိမှာမဟုတ်ပါဘူး။ ထိုနည်းတူပဲ ရောင်းတဲ့သူမရှိရင် သုံးတဲ့သူလည်း လျော့နည်းပပျောက်သွားမှာ ဖြစ်ပါတယ်။ အဆိုရှင် တင်ပြသွားတဲ့ စိုက်ပျိုးထုတ်လုပ်မှု ပမာဏ ဘယ်ရွေ့ဘယ်မျှရှိတယ် ဆိုတာကို တိတိကျကျရှိချင်မှရှိနိုင်ပါမယ်။ ကျွန်တော့်အနေနဲ့တော့ ဒေသမှာတွေ့မြင်နေရတဲ့အတိုင်း တင်ပြပါ့မယ်။ အဆိုရှင်ဆိုရင်နယ်မြေဒေသလုံခြုံရေးကို အကြောင်း ပြုပြီးတော့မှ တောမီးလောင်တောကြောင်လက်ခမောင်းခတ် ဆိုသလို လုံခြုံရေးလည်း လက်လှန်း

မမီတဲ့နေရာအတွင်း နှစ်ဦးနှစ်ဘက်ကြားမှာ လွတ်လပ်နေတဲ့ ရောင်းဝယ်သုံးစွဲနေတာကို တွေ့ရှိရပါတယ်။ ဈေးထဲမှာ ဗန်းနဲ့ချမရောင်းတာတမယ်ပဲ ရှိပါတော့တယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး မြို့နယ်ဌာနဆိုင်ရာတွေ့ဆုံပွဲ၊ အစည်းအဝေးပွဲတွေမှာ ကျွန်တော် မကြာခဏ ပြောဆိုပါတယ်။ မကြာခဏပြောတာများတော့ ဘာသံထွက်လာသလဲဆိုတော့ ကိုယ့်ငွေနဲ့ ကိုယ် ဝယ်စားတာ ဘာဖြစ်သလဲဆိုပြီးမှ အသံထွက်လာပါတယ်။ ပြီးတော့ကျတော့ ကျွန်တော် အံ့ဩတယ်။ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးပွဲမှာ ဌာနဆိုင်ရာတွေမှာ ကျွန်တော်တို့ လူကြီးလူကောင်းတွေနဲ့ တွေ့ဆုံဆွေးနွေးတာ ဖြစ်ပါတယ်။ ကျွန်တော်ပြောဆိုတဲ့အသံဟာ ဘိန်းစားတွေရဲ့နားထဲ ရောက်သွားတာ ကျွန်တော်အံ့ဩလို့မဆုံးပါဘူး။ မကြာခဏဆိုသလိုပဲ ကျွန်တော်တင်ပြတိုင်း၊ ပြောတိုင်းလည်း လုပ်ပါတယ်။ ပြောရင်ပြောသလို ခဏခဏလည်း ဖမ်းဆီးပါတယ်။ သို့ပေမယ့်လည်း လုပ်စဉ်ခဏမှာတော့ ငြိမ်ကျသွားပါတယ်။ နည်းနည်းကျဲသွားတာလောက်ပဲ ရှိပါတယ်။ ပုန်းလျှိုးကွယ်လျှိုးတောင် မဟုတ်ပါဘူး။ ပြောင်ပြောင်တင်းတင်းနဲ့ လုပ်နေတာကို တွေ့မြင်နေရပါတယ်။ လွယ်ဂျယ်မြို့နယ်ခွဲမှာ လည်း ထိုနည်းလည်းကောင်းပါပဲ။ မြို့နံဘေး မှာပဲ ပွဲဈေးတန်းလို ဘေးမှာ ရွက်ဖျင်တဲ ထိုးပြီးတော့မှ ရောင်းနေတာကိုတွေ့ရပါတယ်။ ကျွန်တော် အစည်းအဝေးတစ်ခုမှာ တင်ပြပြီးတော့ တင်ပြပြီးတာနဲ့ နောက်တစ်ရက် အဲဒီမှာ ဌာနဆိုင်ရာတွေနဲ့သွားပြီးမှ ရှင်းလင်းတယ်လို့ သိရပါတယ်။ အဲဒီမှာ ဘယ်လိုတွေ့ကြုံရသလဲဆိုတော့ ရောင်းတဲ့သူတွေဟာ ကိုယ်စီဓားတွေ၊ လက်နက်တွေ ကိုင်ဆောင်ပြီးမှ ရောင်းတာလို့ကြားသိရတယ်။ တွေ့လည်းတွေ့မြင်ရပါတယ်။

သွားလာလုပ်ရှားတဲ့သူတွေဟာ အမြဲတမ်းဓားတွေလွယ်ပြီးတော့မှ သွားလာနေတာကို ကျွန်တော့်အိမ်ရှေ့မှာ ဖြတ်သွားလာနေတာကို တွေ့ရပါတယ်။ အဲဒီလိုဖြစ်နေတဲ့ကြားကို ကျွန်တော် တာဝန်ရှိ ရဲအင်အားတွေက သုံးစွဲနေတဲ့သူ၊ ရောင်းဝယ်နေတဲ့သူက အင်အားက ရဲအင်အားတွေထက် ပိုလို့များနေတော့ ရဲတွေက တော်ရုံတန်ရုံအနားကို မချဉ်းကပ်ရဲပါဘူး။ သူကဘယ်လိုလုပ်ရလဲဆိုတော့ တုတ်တစ်ချောင်းစီ ကိုင်ပြီးတော့မှ သိုးမောင်းသလိုလိုက်မောင်းရတယ်။ မောင်းပြီးတဲ့တွေကို မီးရှို့လိုက်တယ်။ မနက်ခင်းရှို့ပြီး ညနေခင်းကျတော့ နဂိုအတိုင်းပြန်ပြီးရှိနေပါတယ်လို့ ကြားသိရပါတယ်။ နေရာနည်းနည်းအထဲကို ရွှေ့လိုက်တာပဲရှိပါတယ်။ လမ်းမကြီးကနေတောင်မှ လှမ်းမြင်နေရတာကို တွေ့ရပါတယ်။ အဲဒီလိုဆိုးဆိုးဝါးဝါးဖြစ်နေတော့ သားရှင်၊ သမီးရှင်များ၊ ဇနီးသည်များ လင်ဆိုးမယား တဖားဖား၊ သားဆိုးမအေ တပေပေ ဆိုသလို လင်ယောကျ်ားသုံးရင် ဇနီးသည်က နောက်က တစ်ကောက်ကောက်လိုက်ထိန်း၊ မိဘများကလည်း တခြားဝမ်းစာရေးအတွက် လုပ်ရကိုင်ရမှာထက် ဂရုမစိုက်အားတော့ဘဲ သားနောက်ကိုသာ တစ်ကောက်ကောက် လိုက်ပြီးတော့မှ လိုက်ထိန်းကျောင်းနေရပါတယ်။

ကျွန်တော့်ရဲ့မိသားစု၊ ဆွေမျိုးသားချင်းထဲကလည်း မကြာခင်ကပဲ အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ပါတယ်။ မဖြစ်သေးတဲ့သားရှင်၊ သမီးရှင်များကလည်း ဖြစ်လာမှာစိုးလို့ စိုးရိမ်ပူပန်နေကြရပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်းပဲ ကျွန်တော့်မှာလည်း သား(၃)ယောက်ရှိပါတယ်။ (၂)ယောက်ကတော့ တက္ကသိုလ်တက်နေတာ အင်မတန်မှ စိုးရိမ်ရပါတယ်။ သူ့မိခင်ကလည်း အချိန်ပြည့်အဲဒီအကြောင်းပဲပြောနေ၊ ပူပန်နေရပါတယ်။ စိတ်ဆိုးရင်ပူပန်လွန်းလို့ အမြဲတမ်း အဲဒီအကြောင်းပဲ တွေးနေလို့ အိပ်နေရင်းယောင်ပြီးတော့ ညသန်းခေါင်မှာ ထပြီးငိုတယ်။ ရှိုက်ကြီးတငင်နဲ့ငိုနေတာ

ကြုံခဲ့ရပါတယ်။ အဲဒီလိုပဲ ထိုနည်းတူပဲ တစ်မြို့နယ်လုံးက မိဘပြည်သူတွေကလည်း အဲဒီအတိုင်းပဲ ခံစားနေကြရလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဘယ်လိုလုပ်ပြုံးနိုင်သလဲဆိုတော့ ကျွန်တော်တို့ ဒေသမှာ ဘာသာရေးအသင်းအဖွဲ့ကနေပြီးတော့မှ စုရုံးပြီးတော့မှ တိုင်ပင်ပြီးတော့မှ ဖိုးသမားသေရင် သေတဲ့လူအိမ်ကိုမသွားကြရ ဆိုပြီးတော့ ဝိုင်းဝန်းပြီးမှ စုဝေးတိုင်ပင်ညှိနှိုင်းကြပါတယ်။ အဲဒီလို ဖြစ်နေကြပါတယ်။ နောက်ပြီးတော့ ကျွန်တော်ခုနက ပြောခဲ့တဲ့ ကျွန်တော့်သားနှစ်ယောက် တက္ကသိုလ် တက်နေတာ အင်မတန်မှစိုးရိမ်စရာကောင်းပါတယ်။

စောစောက လွှတ်တော်ကိုယ်စားလှယ်ဦးဂျေယောဝူတင်ပြသွားသလို တက္ကသိုလ်တွေ၊ ကျောင်းတွေမှာ အခုခေတ်က ကျောင်းသားတွေကလည်း အစိုးရရဲ့ အဆောင်မှာမနေရပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂ္ဂလိကအဆောင်မှာပဲ လွတ်လွတ်လပ်လပ် အုပ်ထိန်းသူမဲ့နေပါတယ်။ ဒါကြောင့် မို့လို့လည်း အင်မတန်စိုးရိမ်ရပါတယ်။ တက္ကသိုလ်ပရဝဏ်မှာလည်း ချုံတွေနဲ့ အဲဒီမှာလည်း မူးယစ် ဆေးဝါးရောင်းဝယ်တဲ့သူတွေ ခေါကိုယ်စီလွယ်ပြီးတော့မှ ချုံကိုမှီခိုပြီးတော့မှ အဲဒီ ပတ်ဝန်းကျင်မှာ ရောင်းဝယ်နေတာကို တွေ့ရပါတယ်လို့ ကြားသိရပါတယ်။ အဲဒါကြောင့်မို့ တော်တော်လေး စိုးရိမ် ရပါတယ်။ နောက်ပြီးတော့မှ ဒီကိစ္စဟာ အပေါင်းအသင်းကြောင့် ဖြစ်တာများပါတယ်။ သာဓကအနေနဲ့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ဆီမှာရှိတဲ့ ဆေးကျောင်းသားတစ်ယောက် ဆေးကျောင်းတက်နေရင်းနဲ့ မူးယစ်ဆေးစွဲနေလို့ ကျောင်းထွက်ခဲ့ရပါတယ်။ ကျောင်းတက်နေတဲ့အချိန်မှာ အမေကိုယ်တိုင်လည်း ကျောင်းလိုက်တက်နေရပါတယ်။ နောက်ဆုံးတော့ နိုင်ငံတော်ကပေးတဲ့ ဒေါက်တာဘွဲ့မရဘဲနဲ့ မိမိ ကိုယ်တိုင်ပေးတဲ့ ဒေါက်တာရမ်းကုဘွဲ့ကိုသာရရှိခဲ့ပါတယ်။ အခုအထိ မိခင်ဆီမှာ မနက်တိုင်းဈေးမှာ သွားပြီးတော့မှ တစ်ရက်(၅၀၀၀)၊ (၅၀၀၀) နေ့တိုင်းသွားတောင်းတယ်။ မိခင်ကလည်းပဲ သားကိုချစ်တဲ့ ဇောနဲ့ မငြိုမငြင် နေ့တိုင်းပေးနေရရှာပါတယ်။ ဒီလိုဖြစ်နေတာဟာ အင်မတန်မှ ဝမ်းနည်းကြေကွဲစရာ ကောင်းလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပျောက်သောသူရှာရင်တွေ့ သေသောသူကြာရင်မေ့ဆိုသလို မူးယစ်ဆေး သုံးပြီး တစ်ခါတည်းသေသွားရင် တစ်ခါပဲခံစားရပါမယ်။ ဒီလိုမဟုတ်ဘဲနဲ့ ရှင်လျက်နဲ့သေတာ အတူတူပဲဖြစ်ပါတယ်။ မိသားစုတစ်ခုမှာမူးယစ်ဆေးသုံးတဲ့သူ တစ်ဦးရှိရင် အဲဒီရှိတဲ့သူ မိသားစု တစ်စုရဲ့ လူမှုစီးပွားရေးဘဝ ပျက်ဆီးဆုံးရှုံးရပါတယ်။ မူးယစ်ဆေးရဲ့ဆိုးကျိုးဘယ်လောက်အထိ ရှိတယ်ဆိုတာ အကျယ်ချဲ့ပြီး တင်ပြမနေချင်တော့ပါဘူး။ အားလုံးသိပြီးသားကိစ္စပဲ ဖြစ်ပါတယ်။ လက်တွေ့ ခံစားမြင်တွေ့နေရတဲ့အဖြစ်အပျက်တချို့ကို တင်ပြရခြင်းသာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ (၂)အချက်အနေနဲ့ ရောင်းဝယ်ဖောက်ကားမှုအပိုင်းကို တင်ပြ ရမယ်ဆိုရင် ရောင်းတဲ့သူမူးယစ်ဆေးဝါးလည်း ပေါလာသလို ရောင်းတဲ့သူလည်း ပေါလာပါတယ်။ အရင်က ဈေးကြီးတော့ တော်ရုံတန်ရုံလူမဝယ်စားနိုင်ပါဘူး။ ရောင်းတဲ့သူသိပ်မရှိသလို စားတဲ့သူ သိပ်မရှိပါဘူး။ အခုနောက်ပိုင်း ဒီနှစ်အတွင်းမှာပဲ တစ်ခါသုံးစာ တစ်ဖုံး၊ တစ်ပိုက်။ တစ်ဖုံးဆိုတာ အနည်းငယ်ရှင်းပြချင်ပါတယ်။ ကျွန်တော်တို့ မူးယစ်ဆေးဝါးသုံးစွဲရောင်းဝယ်တဲ့ဟာ ပင်နီဆလင် ကိုသုံးပြီးတော့မှ ပင်နီဆလင်အဖုံးနဲ့ထည့်ပြီး ချိန်ပြီးတော့မှ တစ်ဖုံးလို့ခေါ်ပါတယ်။ ယခုတစ်ပိုက် ဆိုတာက ယခု တစ်ပိုက်ဆိုတာက အချိုရည်ဗူး စုပ်သောက်တဲ့ပိုက်ကို အသုံးပြုတာပါ။ လက်တစ်ဆစ်

လောက် ပိုက်ကလေးတွေနဲ့ မီးနဲ့တို့ပြီးတော့မှ အဲဒီလိုမျိုးတစ်ပိုက်၊ တစ်ပိုက်စီကို ထည့်ထားခြင်း ဖြစ်ပါတယ်။

တစ်ပိုက်(၅၀၀)၊ (၁၀၀၀) ဖိုးကို (၃) ပိုက်လောက် ရရှိနိုင်ပါတယ်။ ဒီနေ့အနေအထားကို ကြည့်ခြင်း အားဖြင့် စိုက်ပျိုးထုတ်လုပ်မှု ဘယ်လောက်များပြားလာတယ်ဆိုတာ ခန့်မှန်းလို့ရနိုင်ပါတယ်။ ဈေးပေါတဲ့အတွက်ကြောင့် သုံးစွဲတဲ့သူများပိုများလာခြင်းသည် အကြောင်းတစ်ခု ပါဝင်ပါတယ်။ ဒီလိုဖြစ်လာနေတာ တာဝန်ရှိသူများ ဘာမှမလုပ်ဘူးလား၊ လုပ်သလောက်လည်း လုပ်နေပါတယ်။ ထိရောက်မှု မရှိပါဘူး။ ထိရောက်မှုမရှိတဲ့အကြောင်းအရင်းက ဘာကြောင့်လဲ။ ပြန်လည်သုံးသပ် ကြည့်မယ်ဆိုရင် သုံးစွဲသူ၊ ရောင်းဝယ်သူကို ဖမ်းဆီးရေးကို အရေးယူနိုင်ဖို့က သက်သေခံပစ္စည်းတွေရမှ အရေးယူလုပ်ရမှာ ဖြစ်ပါတယ်။ ရမှန်း၊ စားမှန်းသိတယ်။ သက်သေခံပစ္စည်းတွေကို သိမ်းဆည်းဖို့ မလိုပါဘူး။ လုပ်တဲ့သူက အမြဲသတိဝီရိယနဲ့ လုပ်တယ်ဆိုတော့ ရှင်းပြရမှာဆိုရင် အကြောင်းရင်းတွေ အများကြီးရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချုံပြီးတင်ပြရမယ်ဆိုရင် မူးယစ်ဆေးဝါးစားသုံးသူ၊ ရောင်းဝယ်သူ ကင်းစင်ပပျောက်အောင် တကယ်လုပ်ဆောင်မယ်ဆိုရင် အထူးစီမံချက်တစ်ရပ်အနေနဲ့ လုပ်ဆောင်ရပါမယ်။ လုပ်လည်းလုပ်နေပါတယ်။ ဒါပေမဲ့ ထိရောက်မှုမရှိပါဘူး။ ထိရောက်မှုရှိအောင် ပထမဆုံး အနေနဲ့ ဖမ်းဆီးအရေးယူမယ့်သူများကို လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်သွားရပါမယ်။ မနေ့က ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ ဖွဲ့ထားပါတယ်။ ဒီအဖွဲ့တွေနဲ့ မူးယစ်တပ်ဖွဲ့တွေနဲ့ အုပ်ချုပ်ရေးအပိုင်းတွေက ပူးပေါင်းပြီးတော့မှ စားသုံးသူ၊ ရောင်းဝယ်သူကို ဖမ်းနေတာ (၄၃)ယောက် ဖမ်းရတယ်လို့ သိရပါတယ်။ (၂)ယောက်ကိုသာ သက်သေခံပစ္စည်း ရပြီးတော့မှ ကျန်တဲ့သူများကို ခံဝန်ချုပ်နဲ့ပြန်လွှတ်လိုက်ပါတယ်။ ဒီလိုလုပ်တာဟာ ရဲတွေကိုလည်း အကြောင်းမကြားဘူးလို့သိရပါတယ်။ မူးယစ်တပ်ဖွဲ့တွေအနေနဲ့ လိုက်လံလှုပ်ရှား ရှာဖွေဖမ်းဆီးပြီးတော့မှ ရဲလက်ထဲကို အပ်လိုက်ရင် သူ့ရဲ့တာဝန်ကပြီးသွားပါပြီ။ ရဲတွေက တာဝန် ဝတ္တရားတွေက အများကြီးရှိပါတယ်။ အခုနက တင်ပြခဲ့သလို လူပေါင်း (၄၀)ကျော်ကို ချုပ်ဖို့ အချုပ်စခန်း မရှိပါဘူး။ မိုးမောက်ရဲစခန်းက တရားဝင်တရားခံချုပ်နှောင်ဖို့က (၆)ဦးသာ ခွင့်ပြုမှု ရှိကြောင်းသိရပါတယ်။

နောက်ပြီးတရားခံဟာ ပြစ်မှုရှိ၊ မရှိ ဒါက မသိသေးပါဘူး။ တရားခံတစ်ယောက်ထွက်ပြေး လွတ်မြောက်သွားပါက တာဝန်ခံရဲမှာ တာဝန်ရှိပါတယ်။ နောက်ပြီး ကျွန်တော်တို့မိုးမောက်ရဲစခန်းမှာ တရားခံတရားရုံးထုတ်၊ ရုံးသွင်း ဒါကားမရှိပါဘူး။ လောလောဆယ်ဖမ်းဆီးရမိတဲ့ကားတွေနဲ့ပဲ အသုံးပြုလျက်ရှိနေပါတယ်ဆိုတာ တွေ့မြင်ရပါတယ်။ ဒါကြောင့် သက်ဆိုင်ရာမြို့နယ်အသီးသီးမှာ ရှိတဲ့ မဲဆန္ဒတွေမှာရှိတဲ့ လိုအပ်ချက်အခက်အခဲ ပြဿနာများကို စစ်ဆေးပြီး ရဲအင်အား၊ လက်နက်အင်အား၊ မော်တော်ယာဉ် အင်အား၊ လက်ထိပ်ကအစ မိမိကိုယ်တိုင်ဝယ်ယူသုံးစွဲနေရတယ်လို့ သိရှိရပါတယ်။ အဲဒီလို လိုအပ်သလို ဖြည့်တင်းပေးဖို့လည်းအကြံပြုတင်ပြလိုပါတယ်။ နောက်ပြီး မူးယစ်ဆေးဝါး သုံးစွဲသူတွေ သုံးနေမှန်းသိတယ်၊ ရောင်းနေမှန်းသိတယ်။ သက်သေခံပစ္စည်းမတွေ့တော့ အရေးယူလို့ မရဘူး။ ဒါကြောင့် အထူးစီမံချက်အနေနဲ့ သုံးစွဲသူများအားလုံးကို သက်ဆိုင်ရာအုပ်ချုပ်ရေးပိုင်း ရပ်ကျေးမှာ ဖွဲ့စည်းထားတဲ့ ကော်မတီများ၊ အဖွဲ့များ ပူးပေါင်းဖော်ထုတ်ပြီး စိစစ်ပြီးတော့ ပုဒ်မ

၁၇(က)၊ (ခ) နဲ့အရေးယူသွားမယ်ဆိုလို့ရှိရင် ဒီမူးယစ်ဆေးဝါးဟာ အချိန်တိုအတွင်းမှာ လျော့နည်း ပပျောက်သွားလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြဆွေးနွေးလိုတာကတော့ အဆိုရှင်ရဲ့နောက်ဆုံးအချက်ဖြစ်တဲ့ ဒေသခံပြည်သူလူထုပါဝင်၍ ဆန့်ကျင်တိုက်ဖျက်ရေး ဆိုတဲ့အချက် ကို အခြေခံပြီးတော့ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုတိုင်းမှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နှင်းရေးအဖွဲ့များ ဖွဲ့ပြီး သက်ဆိုင်မူးယစ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေး အဖွဲ့များ ပါဝင်သောအဖွဲ့များဖွဲ့ပြီး နေ့ညမရွေ့ဆိုင်းဘဲ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ထိထိရောက်ရောက် အကောင်အထည်ဖော် အရေးယူဆောင်ရွက်သင့်ပါကြောင်း အဆိုရှင်ရဲ့အဆိုကို ထောက်ခံရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၆း၀၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၆း၀၇။**

**ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးနဲ့ ကော်မရှင် အဖွဲ့ဝင်များ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ဒီနေရာကနေပြီးတော့ မင်္ဂလာပါ ဆိုပြီးတော့ ဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂမ်ဆိုင်းပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခုလို ထောက်ခံဆွေးနွေးရခြင်းဟာလည်း အမျိုးသားများကို အလွန် အကျွံ သေကြေပျက်စီးစေပြီးတော့မှ အလွန်ကြောက်စရာကောင်းသော ရန်သူမျိုး (၅)ပါးသဖွယ် အကြောက်တရားကို ဖန်တီးပေးသောအရာ ဖြစ်တဲ့အတွက် အမျိုးသားရေးအနေဖြင့် ထောက်ခံ ဆွေးနွေးရခြင်းလည်း ဖြစ်ပါတယ်ခင်ဗျား။

အဆိုရှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးကိုလည်းပဲ စေတနာကို လေးစားဂါရဝ ပြုပါတယ်။ အဆိုကို ခြုံပြီး ကြည့်လိုက်တဲ့အခါမှာ အပိုင်း (၂)ပိုင်းကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ပထမအပိုင်းကတော့ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်းနဲ့ ဒုတိယအချက်ကတော့ ဘိန်း စိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထု ပါဝင်ပြီးတော့မှ ဆန့်ကျင်တိုက်ဖျက်ရေးဆိုတဲ့ အဆိုကို သိရှိရ ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးဖြစ်သော ဘိန်းဖြူစိုက်ပျိုးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သုံးစွဲနေခြင်းဟာ လူအများအတွက် မကောင်းမှန်း သိသော်လည်း ဝင်ငွေ ကောင်းဝင်ပြီးတော့မှ ဥပဒေပြင်ပမှ တရားမဝင် အခွန်ပေးဆောင်ပြီးတော့ တရားဝင်သလိုလို ရောင်းဝယ်ဖောက်ကား စိုက်ပျိုးထုတ်လုပ် သုံးစွဲနေခြင်းကြောင့် မိဘပြည်သူများ အစိုးရအပေါ် အမြင်စောင်းနိုင်စရာနဲ့ အယုံကြည်လျော့ပါးနိုင်စရာအကြောင်းလည်း ဖြစ်စေပါတယ်။ ဤကဲ့သို့ ကင်ဆာရောဂါကဲ့သို့ ကုသ၍မရဘဲ မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် မိဘပြည်သူများ၊ သားသမီး မျိုးဆက်သစ်ကျောင်းသားလူငယ်များ၊ နိုင်ငံ့ဝန်ထမ်းများအပါ မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် အသက်

ပေါင်း မြောက်မြားစွာ ဆုံးရှုံးခဲ့ရတာ မျက်မြင်ကိုယ်တွေ့ပဲ ဖြစ်ပါတယ်။ အလွန်မှ နှမြောတမ်းတ စရာကြီးလို့လည်း ခံစားမိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ရဲ့ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ရဲ့ အနေအထားကို ပြန်ကြည့်မယ်ဆိုလည်းပဲ ကျွန်တော် မကြာခဏ ဘိန်းဆေး ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်း၊ မကြာမကြာ ပညာပေးသော်လည်းပဲ၊ အရေးယူဖမ်းချုပ်သော်လည်းပဲ သံဝေဂမရဘဲနဲ့ ဆက်လက် ပြီးတော့မှ အခုချိန်ထိ ကျွန်တော်တို့ အရေးယူ ဖမ်းဆီးချုပ်နှောင်ထားသော်လည်းပဲ ဆက်လက်ပြီးတော့မှ ဆောင်ရွက်နေတာလည်း သိရှိရပါတယ်။ တစ်ခါတလေကျရင်လည်း ကျွန်တော်တို့ သတင်းစာတွေမှာ သိရှိရတဲ့အတိုင်းပါပဲ ဘိန်းခင်းများဖမ်းဆီးရရှိတဲ့ ဓာတ်ပုံသတင်းများရရှိတဲ့အခါ ဘယ်ကလည်းဆိုရင် ကျွန်တော်တို့ ဝိုင်းမော်၊ ငွေဆောင် စသဖြင့် ကျွန်တော်တို့ ဝိုင်းမော်မြို့နယ်ရဲ့ လုပ်သားပြည်သူများကိုပဲ တွေ့ရှိရပါတယ်။ တစ်ဖက်က ပြန်ကြည့်ရင် ရှက်စရာလည်း ကောင်းပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နယ်စပ်မှာ ဖြစ်တဲ့အတွက်ကြောင့် ဘိန်းက အခုလည်းပဲ စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သုံးစွဲခြင်း ဖြစ်တဲ့အတွက် ကြောင့်မို့လို့ ခုလည်းပဲ ကျွန်တော်တို့ လက်တွေ့နယ်ပယ်မှာ ဘိန်းနဲ့မကင်းတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်လို့ပဲ ယူဆရပါတယ်။ အလားတူပဲ နိုင်ငံအဝန်း အချို့တိုင်းဒေသကြီးနဲ့ ပြည်နယ်များ ကိုလည်းပဲ အလားတူပဲ ဖြစ်ပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။ မူးယစ်ဆေးဝါးကြောင့် ကျွန်တော်တို့ ခံစားရတဲ့ ဆိုးကျိုးနဲ့ ပတ်သတ်ပြီးတော့မှ ကျွန်တော့်အရှေ့ပိုင်းမှာ ဆွေးနွေးထားတဲ့ ကိုယ်စားလှယ်များ ဆွေးနွေးထားပြီး ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ မဆွေးနွေးတော့ပါဘူး။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဘိန်းစိုက်ပျိုးခြင်းကိုဆန့်ကျင် တိုက်ဖျက်တဲ့နေရာမှာ ဌာနဆိုင်ရာ တစ်ခုတည်းနဲ့ပဲ ဘယ်နည်းနဲ့မှ တားဆီးဆန့်ကျင်နိုင်မှာ မဟုတ်ပါဘူး။ အမျိုးသားအရေး ဖြစ်တဲ့အတွက် ၎င်းဒေသမှာ ရှိတဲ့ ပြည်သူလူထု ပါဝင် လက်တွဲ ပြီးတော့မှ နည်းဗျူဟာ ချမှတ်ကာ အကွက်ကျ စီမံချက် ရေးဆွဲပြီးတော့မှ ဝိုင်းဝန်းတားဆီး ဆန့်ကျင်တိုက်ဖျက်မှပဲ တထစ်ချ အောင်မြင်မယ်လို့ပဲ ယုံကြည်ပါတယ်။

နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်အတိုင်းပါပဲ။ ကျွန်တော်တို့ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှု ဖြစ်လာဖို့ဆိုရင် ကျွန်တော်တို့ ပြည်ထောင်စု အစိုးရကနေ ဦးဆောင် ပြီးတော့ လက်တွေ့နယ်ပယ်မှာ ပြည်နယ်ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာရှိ ပြည်သူလူထု အထောက်အကူပြု အဖွဲ့များနဲ့ ပူးပေါင်းပြီးတော့မှ ပြည်သူနဲ့ လက်တွဲညီမှသာလျှင် ကျွန်တော်တို့ အောင်မြင်အထမြောက်ပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။ တစ်ဆက်တည်းမှာ ကျွန်တော်တို့ ဒီ Constitution အခြေခံဥပဒေမှာလည်း ဖော်ပြထားတာ တွေ့ရှိပါတယ်။ ကျွန်တော်တို့ပုဒ်မ ၁၁ (က) (ခ) မှာ နိုင်ငံတော်မှာ ကျွန်တော်တို့ အာဏာ (၃) ရပ်ရှိပါတယ်။ ကျွန်တော်တို့ ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာနဲ့ တရားစီရင်ရေးအာဏာ ဆိုတဲ့နေရာမှာ ဒီခက်မ (၃)ဖြာဆိုတဲ့ဟာကို ကျွန်တော်တို့ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် လုပ်ဖို့လိုပါလိမ့်မယ်လို့ ယူဆပါတယ်။ ဥပဒေလည်းပဲ ကျွန်တော်တို့လွှတ်တော်ကနေပြီးတော့ ဒီမူးယစ်ဆေးဝါးဥပဒေနဲ့ ပတ်သက်ပြီးတော့မှ ထိရောက် ပြင်းထန်တဲ့ အမှန်အကန် ကျွန်တော်တို့ လက်တွေ့နယ်ပယ်မှာမလိုအပ်တဲ့ တင်းကြပ်တဲ့ မူးယစ်ဆေးဝါး အန္တရာယ်ကို ကာကွယ်နိုင်လောက်တဲ့ ကျွန်တော်တို့ ဥပဒေကိုလည်းပြုဖို့ လိုပါလိမ့်မယ်လို့ ယူဆပါတယ်။

အလားတူလည်းပဲ ဒီဥပဒေကိုလည်းပဲ ကျွန်တော် ဆက်လက်ပြီးတော့မှ အကောင်အထည်ဖော်မယ့် အာဏာပိုင်အဖွဲ့အစည်းဖြစ်တဲ့ အုပ်ချုပ်မှုအစိတ်အပိုင်းမှာလည်းပဲ ဒီအာဏာကို ကျွန်တော်တို့ ထိထိရောက်ရောက် အရမ်းပြင်းတဲ့ အုပ်ချုပ်မှုမဟုတ်ဘဲနဲ့ မိမိမြို့ရွာ၊ ကျေးရွာ ခရိုင်တွေမှာ ကျွန်တော် ဥပဒေနဲ့အညီ အုပ်ချုပ်တဲ့နေရာမှာ အာဏာကို စနစ်တကျ သုံးစွဲပြီးတော့ အုပ်ချုပ်မယ်ဆိုလို့ရှိရင်လည်း ဒါကျွန်တော်တို့ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒီဟာကို ကျွန်တော်တို့ဥပဒေကို မလိုက်ဘဲနဲ့ အုပ်ချုပ်မှု ညံ့ဖျင်းတဲ့အခါကျရင် လိုက်နာမှုမရှိတဲ့ ပုဂ္ဂိုလ်များကိုလည်း နောက်ဆုံးအဆင့်ဖြစ်တဲ့ တရားစီရင်ရေးနဲ့ ကျွန်တော်တို့ အဆုံးအဖြတ်ပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီခက်မ (၃)ဖြာကလည်း သဟဇာတရှိရှိ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မူးယစ်ဆေးဝါးကို တစ်ဖက်ကလည်း နှိမ်နင်းသွားနိုင်ပါတယ်လို့ ယုံကြည်ပါတယ်။ ပြီးခဲ့တဲ့ကျွန်တော်တို့ လွှတ်တော်မှာလည်းပဲ မကြာမီကတည်းက အာဆီယံ အသိုင်းအဝိုင်းထဲမှာဖြစ်သော ကျွန်တော်တို့ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံနဲ့ ဗီယန်ကျင်းမြို့မှာပြုလုပ်ခဲ့တဲ့ (၁၁) ကြိမ်မြောက် AIPA မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ တိုက်ဖျက်မှု ကော်မတီ အစည်းအဝေးသို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးညွန့်တင် ခေါင်းဆောင်တဲ့ မြန်မာလွှတ်တော်အဖွဲ့ရဲ့ အစီရင်ခံစာ မြန်မာလွှတ်တော်တွင် ဖတ်ကြားတင်သွင်းသွားတာကို ကြားလိုက်ရပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ ကြားလိုက်ရတဲ့အခါမှာ ကျွန်တော်တို့ဝမ်းပန်းတသာနဲ့ ကျွန်တော်တို့ကြိုဆိုပါတယ်။ ဘာကြောင့်လဲ ဆိုရင် အာဆီယံ နိုင်ငံကနေလည်းပဲ ဒီမူးယစ်ဆေးဝါး အန္တရာယ်ကို အလေးထားပြီးတော့ စဉ်းစားပြီး ဆောင်ရွက်နေပါတယ် ဆိုတာလည်း ကြားသိရတဲ့ အတွက်ကြောင့်မို့ ဒါလည်းပဲ ကျွန်တော် ကြိုဆိုနှစ်ထောင်းအားရ ဖြစ်မိပါတယ်။ ဒီကြားထဲမှာလည်း တိုက်တိုက်ဆိုင်ဆိုင်ပဲ မနေ့က ကျွန်တော်တို့ မိသားစုအိမ်ကနေ ဖုန်းဆက်လာပါတယ်။ ဒါဟာဘာလဲ ဆိုလို့ရှိရင် ကျွန်တော်တို့ ဝိုင်းမော်မြို့နယ်၊ ငွေဆောင်ကျေးရွာနဲ့ ဝိုင်းမော်မြို့ပေါ်မှာ ကျွန်တော်တို့ ဘာသာရေးအဖွဲ့အစည်းကနေ ဦးဆောင်ပြီး တော့မှ မူးယစ်ဆေးဝါး ကာကွယ်တားဆီးတဲ့ဟာ မူးယစ်ဆေးဝါးသုံးစွဲခြင်း ရပ်ဆိုပြီးတော့ ရောင်းဝယ်လုပ်ခြင်း၊ ဖောက်ကားခြင်းများ လုံးဝမလုပ်ရဆိုတဲ့ ဟောပြောပွဲ ၊ လူထုလှုပ်ရှားမှု လုပ်တယ်ဆိုတာ ကြားသိလိုက်ရပါတယ်။ ဒီကြားထဲမှာ ဒီ စည်းဝေး သွားတဲ့အခါမှာလည်း တူညီဝတ်စုံတွေ ဝတ်ပြီးတော့မှ၊ လူထုစုစုစည်းစည်းနဲ့ ပါလာပြီးတော့မှ ဘာသာရေးအဖွဲ့အစည်း ဦးဆောင်တဲ့ အဖွဲ့အစည်းမှ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့၊ ပြီးတော့ ဟောပြောတဲ့ အခမ်းအနားကို ကျွန်တော်တို့ ဒီမိသားစုအလိုက် တက်ရောက်တယ်ဆိုတဲ့အကြောင်း ဖုန်းဆက်လာပါတယ်။ ကျွန်တော့်အနေနဲ့လည်း ကြိုဆိုပါတယ် ဆိုတဲ့အကြောင်း ပြန်ကြားပါတယ်။ ဆိုလိုချင်တာက အခုချိန်မှာ ပြည်သူများနဲ့ပါဝင်မှပဲ ဖြစ်ပါလိမ့်မယ်။ မိမိကိုယ်တိုင် အသိစိတ်ဓာတ်နဲ့ ဒီမူးယစ်ဆေးဝါး အန္တရာယ်ကြီးကို ကျွန်တော် ဘယ်နည်းဘယ်ဟန်နဲ့၊ ဘယ်လိုပုံစံနဲ့ ကာကွယ် စောင့်ရှောက်မယ်ဆိုတဲ့နေရာမှာ ပြည်သူတွေရဲ့ အသိစိတ်ဓာတ်ပါလာမှပဲ ဒါ ကောင်းမွန်တဲ့ အလားအလာ ဖြစ်ပါတယ်ဆိုပြီးတော့ ကျွန်တော့်အနေနဲ့လည်း ပြန်လည်ပြီးတော့မှ အားပေးစကား ပြောလိုက်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နိဂုံးချုပ်ပါမယ်။ မူးယစ်ဆေးဝါးရဲ့ သားကောင်အဖြစ်မခံနိုင်အောင်ဆိုရင် ကျွန်တော်တို့ မူးယစ်ဆေးဝါး အန္တရာယ် နိုင်ငံတော်မှလည်းပဲ

မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ချုပ်၊ နိုင်ငံတကာအဖွဲ့နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မူးယစ်ဗဟို ဗဟိုရုံးသို့ မူးယစ်ဆေးဝါး ပပျောက်ရေးဌာန မဟာဗျူဟာ၊ နည်းဗျူဟာ စစ်ဆင်ရေး စီမံကိန်းများ စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နေသော်လည်းပဲ ဘိန်းစိုက်ပျိုးသူ၊ ရောင်းဝယ်သူ၊ သုံးစွဲသူများဟာ ပြန်ကြည့်မယ်ဆိုရင် ပို၍ ပို၍သာ များလာတာ လေ့လာသိရှိ ရပါတယ်။

သို့သော်ကျွန်တော်တို့ ဒီနေရာမှာ ဒါကြောင့်မို့ ဒီမူးယစ်ဆေးဝါး အန္တရာယ်အများကြီးကို လွတ်မြောက် ချုပ်ငြိမ်းနိုင်ဖို့ရာ ဆိုလို့ရှိရင် ဒေသခံပြည်သူလူထုများနဲ့ လက်တွဲပြီးတော့မှ ဆန့်ကျင်တိုက်ဖျက်မှ သာလျှင် အောင်မြင်နိုင်မှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ပြန်ကြည့်တဲ့အခါမှာ ဒီကျွန်တော်တို့ ပြည်သူလူထုသာမက ပြည်ထောင်စုအစိုးရသာမက ကျွန်တော်တို့နယ်စပ်အစိုးရမှာ ချုံပြီး ကြည့်လိုက်မယ်ဆိုရင် ငြိမ်းချမ်းရေးယူထားတဲ့ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနဲ့လဲပဲ ညှိနှိုင်းဆောင်ရွက်မယ်ဆိုလို့ရှိရင်ပိုပြီးတော့ ထိရောက်အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ကျွန်တော်တို့ ဒီအဆိုရှင် တင်ပြဆွေးနွေးသွားတဲ့အတိုင်းပါပဲ။ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ ဖြစ်ပေါ်လာသော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထု ပါဝင်ဆန့်ကျင်ပြီးတော့မှ တိုက်ဖျက်သွားကာမှ ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကိုကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၆း၁၆။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၁၆။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ အဆိုနဲ့စပ်လျဉ်း၍ ကျွန်တော်က ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်တဲ့ လုပ်ငန်းများကို အမျိုးသားရေးတာဝန် အနေနဲ့ ဆောင်ရွက်နေတဲ့ ဆောင်ရွက်ချက်များအပေါ် ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အဆိုထဲမှာ ဖော်ပြချက်များရော တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များ (၁၃)ဦးက ဆွေးနွေးချက်များ မှာလည်း ပြည့်စုံပါဝင်ဆွေးနွေးပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများ အန္တရာယ် တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့အနေနဲ့ မူးယစ်ဆေးဝါး ပပျောက်ရေး လုပ်ငန်းကို အမျိုးသားရေးတာဝန် တစ်ရပ်အနေနဲ့ ဆောင်ရွက်လျက်ရှိရာမှာ မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅) နှစ်စီမံကိန်းကို ၁၉၉၉ ခု ၂၀၀၀ ခုနှစ်ကနေစပြီးတော့ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ (၅)နှစ်စီ အပိုင်း(၃)ပိုင်းခွဲပြီးတော့ ဆောင်ရွက်ခဲ့ ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ၁၉၉၉ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဘိန်းစိုက်ပျိုးမှုဟာ ကျွန်တော်တို့ (၈၀) ရာခိုင်နှုန်းအထိ လျော့ကျဆောင်ရွက်နိုင်ခဲ့သော်လည်း ၂၀၀၇ ခုနှစ်က စတင်ပြီးတော့ စိုက်ပျိုးမှု က တစ်စတစ်စ ပြန်လည်မြင့်တက်လာပြီးတော့ ကျွန်တော်တို့ ၂၀၁၃ ခုနှစ် ဘိန်းစိုက်ပျိုးမှု စစ်တမ်း အရတော့ (၅၅) ရာခိုင်နှုန်းသာ လျော့ကျဆောင်ရွက်နိုင်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ မူးယစ် ဆေးဝါးနဲ့ စိတ်ကို ပြောင်းလဲစေတဲ့ ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့အနေနဲ့ ဘိန်း စိုက်ပျိုးမှု ပြန်လည်မြင့်တက်လာခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာများဟာ လူငယ်ထုအတွင်း ပိုမို ပျံ့နှံ့လာခြင်းနဲ့ အခြားဆေးဝါး စိတ်ကြွဆေးဝါးများပေါ်ထွက်လာခြင်း စတဲ့အခြေအနေများကို ထိန်းချုပ်နိုင်ဖို့အတွက်ကို စီမံကိန်းကာလများကို ၂၀၁၄-၂၀၁၅ ခုနှစ် ကနေပြီးတော့ ၂၀၁၈-၂၀၁၉ ခုနှစ် အထိ နောက်ထပ်(၅)နှစ်သက်တမ်းကို ထပ်မံတိုးမြှင့်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

စီမံကိန်းမြို့နယ်များအဖြစ် ရှမ်းပြည်နယ်မှာ မြို့နယ် (၄၀) ၊ ကချင်ပြည်နယ်မှာ (၆) မြို့နယ်၊ ကယားပြည်နယ်မှာ (၃) မြို့နယ်နဲ့ ချင်းပြည်နယ်မှာ (၂) မြို့နယ် စုစုပေါင်း (၅၁) မြို့နယ်ကို သတ်မှတ်ပြီးတော့ ထုတ်လုပ်မှုပပျောက်ရေး ၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး ပြည်သူလူထုနဲ့ အခြားအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရေးနဲ့ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အောက်မှာရှိတဲ့ လုပ်ငန်းအဖွဲ့ (၁၀)ဖွဲ့ဖြင့် ဘက်ပေါင်းစုံ ချဉ်းကပ်မှုအသင့်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ အဆိုပြုချက်တွေမှာပါတဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများဟာ နိုင်ငံ့ဝန်ထမ်းများ ပါဝင်ပတ်သက်နေမှုနဲ့ စပ်လျဉ်း၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ပါဝင်ပတ်သက်တဲ့ ပြည်သူ့ဝန်ထမ်းများကို ၂၀၁၃ ခုနှစ် နိုင်ငံ့ဝန်ထမ်း ဥပဒေအရလည်းကောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြစ်လို့ရှိရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်း ထိန်းသိမ်းရေးဥပဒေဖြင့် လည်းကောင်း အရေးယူဆောင်ရွက်ခဲ့တဲ့အပြင် ပါဝင်ကျူးလွန်တဲ့ ပြစ်မှုအလိုက် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၇ ၊ ၁၈၊ ၂၂ တို့ဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး အနည်းဆုံးထောင်ဒဏ် (၅)နှစ်မှ ဥပဒေမှာပြဋ္ဌာန်းထားတဲ့ အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။

ပြည်သူလူထုမှ ပြည်သူ့ဝန်ထမ်းများ ပါဝင်ပတ်သက်မှု သတင်းများ၊ အထောက်အထားများ ရမယ်ဆိုရင်လည်း ပြည်ထဲရေးဝန်ကြီးဌာနကို စာနဲ့ဖြစ်စေ၊ ဖုန်းဖြင့် ဖြစ်စေ ရဲတပ်ဖွဲ့ Website , Hot Line များမှ ဖြစ်စေ တိုင်ကြားလာပါကလည်း ကျွန်တော် စုံစမ်းစစ်ဆေး အရေးယူတာကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်မှာ တပ်ဖွဲ့ခွဲ(၄) ဖွင့်လှစ်လို့မှုနဲ့ ပတ်သက်၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ရဲ့ ဖွဲ့စည်းပုံအရ တပ်ဖွဲ့ခွဲ (၃)ခုကို မန္တလေး၊ ရန်ကုန်နဲ့ တောင်ကြီးတွင်ထားရှိပြီး တပ်ဖွဲ့စု (၅၀) စုရဲ့တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်တပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့စုများ၏ တည်နေရာများကို မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု ၊ သယ်ဆောင်ရောင်းဝယ်မှု လမ်းကြောင်းနဲ့ သုံးစွဲမှုအတိုင်းအတာများကို မူတည်ပြီးတော့ သတ်မှတ်နေရာချသော်လည်းပဲ တပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့စုများ ၊ လှုပ်ရှားတပ်ဖွဲ့များအသွင်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါး အန္တရာယ်ဆိုးရွားလာပါက တပ်ဖွဲ့စုများကို စုစည်းပြီး အဆိုပါရွာများကိုစေလွှတ်၍ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိဖွဲ့စည်းပုံအရ ကချင်ပြည်နယ်မှာ ဗန်းမော်၊ မြစ်ကြီးနားနဲ့ မိုးညှင်းဒေသများမှာ တပ်ဖွဲ့စု (၃)စုဖြင့် ဆောင်ရွက်လျက်

ရှိသော်လည်း လိုအပ်ချက်များရှိလာလို့ရှိရင် အင်အားများစုဖွဲ့ပြီးတော့ စေလွှတ်တာဝန်ပေး ဆောင်ရွက်လျက်ရှိပါတယ်။

Hot Line တယ်လီဖုန်းများ တပ်ဆင်မှုနှင့်ပတ်သတ်၍ ပြည်သူလူထုထံမှ သတင်းများကို အချိန်နဲ့တစ်ပြေးညီ အရေးယူ ဆောင်ရွက်နိုင်ရန်အတွက် မူးယစ်တပ်ဖွဲ့စု (၅၀)မှာ Hot Line တယ်လီဖုန်း များတပ်ဆင်နိုင်ဖို့အတွက် ကျွန်တော်တို့ ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက် နည်းပညာဝန်ကြီး ဌာနနဲ့လည်း ညှိနှိုင်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ စိုက်ပျိုးမှု၊ ရောင်းဝယ်မှု၊ သုံးစွဲမှု အမှုအခင်းများပြားလာမှုနှင့်စပ်လျဉ်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်နိုင်မှုကြောင့် ဖမ်းဆီးရမိတဲ့မှုခင်း၊ မူးယစ်ဆေးဝါး နဲ့ တရားခံအရေအတွက် တိုးမြင့်လာခြင်းတို့အပေါ် အခြေခံသုံးသပ်ပြီးတော့ ရောင်းဝယ်မှု ၊ သုံးစွဲမှုနှင့် အမှုအခင်း များပြား လာသည်ဟု မှတ်ယူ၍ မရဘဲ ၊ မူးယစ်ဆေးဝါးပြဿနာသည် တားဆီးနှိမ်နှင်းရေး လုပ်ငန်းတစ်ခု တည်းဖြင့် ဆောင်ရွက်၍ မရကြောင်း၊ မူးယစ်ဆေးဝါးနှင့်တရားခံပေါင်းများစွာ ဖမ်းဆီးရမိခြင်းသည်လည်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးရဲ့ အောင်မြင်မှုမဟုတ်ကြောင်းကိုလည်း သိရှိနားလည် ထားရှိပြီး ဖြစ်ပါတယ်။ တားဆီးနှိမ်နှင်းရေးအပိုင်းမှာ မူးယစ်ဆေးဝါးနဲ့ ဆက်နွယ်တဲ့ မှုခင်းများ လျှော့ချရေး ၊ ကျန်းမာရေးနဲ့ ဆိုးကျိုးများ လျှော့ချရေးလုပ်ငန်းများမှာ ပံ့ပိုးကူညီရေးတို့ကို ဦးစားပေး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးသုံးစွဲသူများထက် အဓိကသယ်ဆောင် ရောင်းဝယ်သူများကို တားဆီး နှိမ်နှင်းရေးနှင့် နောက်ကွယ်မှာ ကြိုးကိုင်ဆောင်ရွက်နေသူများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေး လုပ်ငန်းများမှ တစ်ဆင့် အရေးယူဆောင်ရွက် သွားမှာလည်း ဖြစ်ပါတယ်။ သို့မှသာလူငယ်ထုအတွင်း မူးယစ်ဆေးဝါး ရောင်းဝယ်မှု လျော့နည်းစေမှာ ဖြစ်ပြီး မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ဖြစ်တတ်တဲ့ ဆက်စပ်မှုခင်းများကိုလည်း တစ်ပါတည်း လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးနဲ့ မူးယစ်ဆေးဝါးအစားထိုး အိမ်သုံးဆေးဝါးများ များပြားလာမှု ရှိတဲ့အတွက် မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်းကို လျော့နည်းပပျောက်ရန်အတွက် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်း များကို ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါတယ်။ ဘိန်းခင်းများ ဖျက်စီးခြင်းကို တပ်မတော်၊ နယ်မြေခံ ပြည်သူ့စစ် အဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနဲ့ ပူးပေါင်း ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီမှာ ဘိန်းခင်း (၂၀၆) ဧက ၊ ၂၀၁၂-၂၀၁၃ ဘိန်းခင်း (၆၁၈.၅) ဧက ၊ ၂၀၁၃-၂၀၁၄ ဘိန်းစိုက်ရာသီမှာ ဘိန်းခင်း (၉၇၇) ဧကတို့ကို ဖျက်ဆီးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ကချင်ပြည်နယ် မူးယစ်ဆေးဝါး တားဆီးနှိမ်နှင်းရေး အဖွဲ့ရဲ့ ဖမ်းဆီးမှုစာရင်းအရ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့အထိ မူးယစ်ဆေးဝါး (၅၂၁၀) မှုနဲ့ တရားခံကျား၊မ (၇၆၅၉) ဦးတို့ကိုလည်း ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကချင်ပြည်နယ်မှာ မူးယစ်ဆေးဝါး ဖမ်းဆီး အရေးယူဆောင်ရွက်နိုင်မှုများ တစ်နှစ်နဲ့တစ်နှစ် ပိုမိုတိုးမြင့်လာခြင်းမှာ ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်တဲ့ အတွက်ရလဒ် များပင်ဖြစ်ပါတယ်။ ကချင်ပြည်နယ် မူးယစ်ဆေးဝါး ဖမ်းဆီးရမှုက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖမ်းဆီးရမိ အမှုပေါင်းရဲ့ (၃၀.၄၈) ရာခိုင်နှုန်းရှိပြီး တရားခံအားလုံးရဲ့ (၃၂.၂) ရာခိုင်နှုန်းရှိသည်ကိုလည်း တွေ့ရှိရပါတယ်။

အထူးသဖြင့် ဘိန်းဖြူဖမ်းမိရရှိမှုမှာ တစ်နိုင်ငံလုံးအမှုပေါင်း (၁၈၀၂)မှုရှိခဲ့ပြီး ကချင်ပြည်နယ်မှ (၉၀၂)မှုဖမ်းဆီးနိုင်ခဲ့တဲ့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာရဲ့ (၅၀.၅)ရာခိုင်နှုန်း ရှိသည်ကိုလည်း တွေ့ရှိရပါတယ်။ ဆက်လက်၍လည်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများကို ပြည်သူလူထုနဲ့ ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဖားကန့် နဲ့ ကန်မိုင်းမြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာ တစ်ချို့မှာ ရပ်ကွက်၊ ကျေးရွာ ခေါင်းဆောင်မှုများနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများ စုဖွဲ့ဆောင်ရွက် လာခြင်းသည်လည်း အလားအလာကောင်းများဖြစ်တဲ့အတွက် နိုင်ငံတော်နဲ့ ပြည်ထဲရေးဝန်ကြီးဌာန များစွာဂုဏ်ယူကြိုဆိုပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနဲ့ ပတ်သတ်ပြီး သက်ဆိုင်ရာဌာန အုပ်ချုပ်ရေးအပိုင်းနဲ့ ပြည်သူလူထုမှ လက်တွဲပြီး ဆောင်ရွက်နိုင်ရန်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ကဲ့သို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထောက် အကူပြုအဖွဲ့ကို စိတ်အားထက်သန်သော ၊ အားကိုးအားထား ထိုက်သော ရပ်မိ၊ ရပ်ဖ များဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်အဆင့်ထိ ဖွဲ့စည်းဆောင်ရွက်သွားရန် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရဲ့ အဆိုပြုချက်နဲ့ပတ်သတ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၆ ပုဒ်မခွဲ (က) နဲ့ (ဂ) တို့အရ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသဆိုင်ရာ အဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကအင်အားစုများရဲ့ ပူးပေါင်းပါဝင်မှုကိုရယူပြီး ပြည်သူတို့၏ လူမှုစီးပွားရေးနှင့် အဆင့်အတန်း မြှင့်တင်ရေးကို ရှေးရှုဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာ စာအမှတ် ၂၇/၂၀၁၃ ဖြင့် မြို့နယ်၊ ပြည်နယ်နဲ့ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဖြစ်ပါတယ်။

အဆိုပါရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီမှာ အများဆန္ဒနှင့် ရွေးချယ်တင်မြှောက် ထားသူများနှင့် ဖွဲ့စည်းရန်နှင့် ကော်မတီရဲ့ လုပ်ငန်းတာဝန် အပိုဒ် (ဆ)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနေပြည်သူများ တရားဥပဒေကို လေးစားလိုက်နာပြီး ဥပဒေနဲ့အညီ ပြုမူကျင့်ကြံနေထိုင်စေရန် စည်းရုံးပညာပေးခြင်း၊ လက်တွေ့ပါဝင် ဆောင်ရွက်ခြင်းတို့ကို ထည့်သွင်းပြဋ္ဌာန်းပေးပြီး ဖြစ်တဲ့အတွက် ယင်းကော်မတီမှ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန အုပ်ချုပ်ရေးအဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဟာ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (က) အား တိုင်းဒေသကြီးနဲ့ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များကို ဖွဲ့စည်းတာဝန် ပေးအပ်ပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးပြီး ဖြစ်တဲ့အတွက် ရပ်ကွက်နဲ့ ကျေးရွာ တားဆီးကာကွယ်အုပ်စု မူးယစ်ဆေးဝါးအန္တရာယ် အထောက်အကူပြုအဖွဲ့များ ထပ်မံဖွဲ့စည်းရန် မလိုအပ်ပါကြောင်းနဲ့ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို စိတ်အားထက်သန်တဲ့ တိုင်းရင်းသားပြည်သူများမှ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များနဲ့ ပေါင်းစပ်ညှိနှိုင်းအထောက်အကူပေး ဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ပိုမိုထိန်းချုပ် လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အနေနဲ့ အာဆီယံနိုင်ငံ ရဲတပ်ဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့၊ အမေရိကန် နိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အဖွဲ့ DEA ၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနဲ့ ထိန်းချုပ်ရေးအဖွဲ့ ONCB ၊ တရုတ်နိုင်ငံ အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေး ကော်မရှင် NNCC ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ မှုခင်းနှိမ်နင်းရေးဆိုင်ရာအဖွဲ့ UNODC တို့နဲ့ပူးပေါင်းပြီးတော့ မူးယစ်ဆေးဝါး ပပျောက်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ကာ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိတဲ့အတွက် ယင်းအဆိုနဲ့ပတ်သတ်ပြီး မှတ်တမ်းတင် ထားရှိသင့်ပါကြောင်းနဲ့ အမျိုးသားလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို လိုက်နာဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း ပြန်လည်ဖြေရှင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၆း၂၇။**

**ဥက္ကဋ္ဌ။** ။ ဦးခက်ထိန်နန် တင်ပြဖို့ရှိရင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၂၇။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတော်အစိုးရအနေနဲ့ ဘက်ပေါင်းစုံကနေပြီးတော့ ကြိုးစားဆောင်ရွက်လျက်ရှိတာကို ကျွန်တော်တို့အားလုံး သိရှိပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ရပ်ကျေးဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များမှာလည်းပဲ လွန်ခဲ့တဲ့ နှစ်များစွာကနေပြီးတော့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီကနေ့ ပိုပိုပြီးတော့ စိုက်လာတယ်။ ပိုပိုပြီးတော့ သုံးစွဲလာတယ်။ ပိုပိုပြီးတော့ ရောင်းဝယ်ဖောက်ကားလာတယ်ဆိုတဲ့ အနေအထားလည်း ကျွန်တော်တို့ ဒီနေ့ဆွေးနွေးတဲ့အထဲမှာအားလုံးကြားသိပြီးဖြစ်ပါတယ်။ ဒီမူးယစ်ဆေးဝါး အန္တရာယ်ဟာ အင်မတန်မှ ကြီးမားတဲ့ ရေရှည်အန္တရာယ် ဖြစ်လာနေတဲ့အတွက်ကြောင့် ဒီကိစ္စကိုတော့ အမျိုးသားရေးတာဝန် တစ်ရပ်အနေနဲ့ ထပ်ပြီးတော့ ခေါင်းစဉ်သက်သက်အနေနဲ့ ကျွန်တော်တို့ အားစိုက်ခွန်စိုက် ဆောင်ရွက်သွားမှ ထိရောက်မယ့်အနေအထား ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်ရဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ ဆန္ဒကိုခံယူသွားမှာဖြစ်ကြောင်း လေးစားစွာ တင်ပြလိုပါတယ်။

**အချိန်၊ ၁၆း၂၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းတဲ့ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ ဖြစ်လာသော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထု ပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၉၈) မဲ၊ ကန့်ကွက်မဲ (၁) မဲ၊ ကြားနေမဲ ( ၅၄) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးခက်ထိန်နန် ရဲ့ အဆိုကိုအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဒုက္ခသည်များ ကူညီရေးနှင့် ကယ်ဆယ်စောင့်ရှောက်ရေးကော်မတီရဲ့ အစီအစဥ်နဲ့ ကချင်ပြည်နယ်ကို သွားရောက်တဲ့ အချိန်မှာ ဒုက္ခသည်စခန်းတစ်ခုမှာ ဂျိန်းဖောဝတ်စုံနဲ့ မိန်းကလေး (၂)ယောက်ကို ကျွန်တော်တို့နဲ့ အတူပါတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးပါတယ်။ ကျောင်းနေလား။ နေတယ်။ ဘယ်မှာလဲ။ တက္ကသိုလ်မှာ။ တက္ကသိုလ်မှာ ရာမဆေး ဝယ်လို့ရလားဆိုတော့ ရတယ်တဲ့။ တော်တော် အံ့သြသွားတယ် ကျွန်တော်၊ အေးအေးဆေးဆေးပဲ ရတယ်တဲ့ဆိုတော့ အခု လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ တင်ပြသွားတာ အခြေအနေအမှန်ပဲ ဒါကြောင့်မို့လည်း ဒီနေ့ အချိန်ပေးပြီးတော့ ခုနက ဆွေးနွေးတာဖြစ်ပါတယ်။ ဖြစ်ပျက်နေတဲ့အခြေအနေက အမှန်ပါပဲ။ ကျွန်တော့်ရဲ့ဒီနားက ပျော်ဘွယ်မှာ တာဝန်ရှိတဲ့လူတွေကို သတင်းတွေရလို့ ကျွန်တော် အကြိမ်ကြိမ် အတန်တန် သတိပေးတယ်။ မရဘူး။ နောက်ဆုံး ပြည်ထဲရေးဝန်ကြီး သတင်းရပြီးတော့မှ ဒီကအဖွဲ့ကို လွှတ်လိုက်တော့မှ ရဲအရာရှိတစ်ဦး ကိုယ်တိုင်ပါပြီးတော့ အရေးယူလိုက်ရတယ်။ ဒီနားမှာပေါ့နော် ဖြစ်နေတဲ့ အနေ အထားအရ။

အဲဒီတော့ ဒီနေ့ ဦးခက်ထိန်နန် ပြောသလိုပါပဲ။ နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့ရဲ့လုပ်ငန်းဆောင်တာတွေဟာ အတုယူလောက်အောင်ကောင်းတယ်။ ဘာမှ ပြောစရာ မလိုဘူး။ ဘက်စုံကနေ အကုန်လုံး ပြည့်စုံတယ်။ ကောင်းမွန်တယ်။ မှန်ကန်တယ်။ ဒါပေမဲ့ ဒီမူးယစ်ဆေးဝါး တိုက်ဖျက်ရေး တစ်ခုကို ပြန်လည်သုံးသပ်ဖို့တော့ လိုတယ်။ လုပ်ငန်း ဆောင်ရွက်နေတယ်။ သို့သော် အထဲမှာလည်း ပဲလျော်စားသလိုဆိုတော့ ဒီမှာ တစ်ယောက်ပြောသလို ကိုရှားဘူးဖော့၊ ဇာတ်ဆရာ ရှားဘူးဖော့ ပြောသွားသလိုပေါ့၊ ပဲလျော်တွေ ဝါးစားနေသလိုပဲ ဆိုတာမျိုး အဲဒီလို လွယ်လွယ်ကူကူ သိပ်ရနေတယ်။ ဈေးတွေလည်းသိပ်ပေါနေတယ်။ ဒါဆိုလို့ရှိရင်တော့ ဒီစီမံချက်နဲ့ မလုံလောက်ဘူး ဆိုတာ သေချာပါပြီ။ သေချာတဲ့အတွက် ခေါင်းစဥ်အသစ်ဆိုတာ ဦးခက်ထိန်နန် ပြောတာ ဒါကိုပဲ ပြန်သုံးသပ်ပြီးတော့ ဒီထက်ပိုစွမ်းအားမြင့် ကြီးမားတဲ့စီမံချက်ကြီးနဲ့ လုပ်ဖို့ လိုပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံတည်းလား ဆိုတော့လည်း မဟုတ်ပါဘူး။

ကျွန်တော် နယူးဇီလန်သွားတဲ့အခါမှာ လမ်းမှာ၊ လေဆိပ်မှာ ပလတ်စတစ်ပုံးကြီးချထားတယ်။ လေဆိပ်က သန့်စင်ခန်းမှာ အပေါ်က ဒီ Syringe ပုံလေး ပြထားတယ်။ ဘာလဲလို့ဆိုတော့ ကျွန်တော်နဲ့ ပါတဲ့ ဒီ ဒုတိယညွှန်ချုပ် ဦးသီဟဟန် က ရှင်းပြတယ်။ ဆေးသမားတွေက ဒီအိမ်သာထဲ ဝင်ဝင်ပြီးတော့ ဆေးသုံးပြီးတော့ Syringe တွေ ပစ်ပစ်ခဲ့တဲ့အခါကျတော့ သန့်ရှင်းရေးသမားတွေကို ထိမှာစိုးလို့ ပုံးပါ ချပေးထားရတာဆိုတော့ ဒီအခြေအနေတွေ ဖြစ်နေတယ် ကမ္ဘာမှာ။ ကျွန်တော်တို့ ဆီမှာ အဲဒီလောက်ထိ မဖြစ်သေးဘူး။ သို့သော် တော်တော်လေး ဆိုးနေပါပြီ။ ခုနက တစ်ယောက်ပြောသလို ဦးဂျေယောဝူ ပြောသလိုပေါ့နော်။ ဘိန်းစစ်ပွဲမှာ ကျဆုံးတော့မယ့် အနေအထား နီးပါးရောက်နေပြီ၊ ဒါတွေဟာ တကယ့် အဖြစ်အပျက်အမှန်တွေပဲ။ ဒီအဖြစ်အပျက်တွေကို ခု အမျိုးသားလွှတ်တော်ကလည်း ဒီ အဆိုကို အဆိုပြု

လိုက်တဲ့အတွက် အစိုးရအနေနဲ့လည်း မိမိရဲ့ ဆောင်ရွက်ချက်တွေအားလုံး ဘယ်လောက်ပဲကောင်းကောင်း ဒီကိစ္စကြီးမပြတ်သမျှ အောင်မြင်မှု ရသင့်သလောက်ရမှာမဟုတ်လို့ ဒီကိစ္စကြီးကိုတော့ ပိုပြီးတော့ အရှိန်အဟုန်မြှင့် ဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၅)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် (၃၆) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၆း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ၁၆း၃၂ နာရီ အချိန်တွင် ရပ်နားပါသည်။]